ဗုဒ္ဓဘာသာကလျာဏယုဝအသင်း



အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသ

၏

# ရုပ်စုံဗုဒ္ဓသာသနာဝင်

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း

# (YMBA)

အမရပူရမြို့မဟာဂန္ဓာရုံ ဆရာတော်

အဂ္ဂမဟာပဏ္ဍိတ

အရှင်ဇနကာဘိဝံသ

၏

# ရုပ်စုံ ဗုဒ္ဓသာသနာဝင်

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)
# ဥက္ကဋ္ဌ ဦးကျော်သိန်း (မဟာမင်္ဂလဓမ္မဇောတိကဓဇ) ၏
## အမှာစာ

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ ရုပ်စုံဗုဒ္ဓသာသနာဝင် ရုပ်စုံဗုဒ္ဓဝင် စာအုပ်ထူကြီးကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖြန့်ချိလျက်ရှိပါသည်။

တန်ဖိုးကြီးလှသော ရုပ်စုံဗုဒ္ဓသာသနာဝင်စာအုပ်ကြီးကို ဝယ်ယူရန် အခက်အခဲရှိသူ ဗုဒ္ဓဘာသာဝင်များအတွက် တန်ဖိုးအနည်းငယ်ဖြင့် ဗုဒ္ဓဘာသာဝင်များ၊ လူငယ်လူရွယ်မောင်မယ်များ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းသူ ကျောင်းသားများ ဗုဒ္ဓဝင်နှင့်ယဉ်ကျေးလိမ္မာ သင်တန်းသူ၊ သင်တန်းသားများ တန်ဖိုးအနည်းငယ်ဖြင့် လွယ်ကူစွာ ဝယ်ယူဖတ်ရှုနိုင်ရန် မြန်မာဘာသာသက်သက်ဖြင့် ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဝယ်ယူဖတ်ရှုပြီး "အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ" လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေသော်. . .။

ဦးကျော်သိန်း (မဟာမင်္ဂလဓမ္မဇောတိကဓဇ)

ဥက္ကဋ္ဌ

(YMBA)



၁။ သုမေဓာ သူဌေးကလေး ပစ္စည်းများ စွန့်ကြဲနေပုံ။

ဘုရားအလောင်းသည် ဘုရားဖြစ်ဖို့ရန် ဆုတောင်းမည့်ဘဝ၌၊ "သုမေဓာ"၊ ဟူသော အမည်အားဖြင့် ထင်ရှားသော သူဌေးသားဖြစ်ခဲ့ဖူးလေသည်။ သူ၏ အမိအဘတို့သည် သူငယ်ရွယ်စဉ်ကပင် သေဆုံးကြလေသည်။ ရွှေတိုက်ငွေတိုက်စသော ပစ္စည်းဥစ္စာ ရတနာတိုက်ကြီးတွေများစွာ ကျန်ရစ်၏။ တစ်ဆယ့်ခြောက်နှစ်ရှိ၍ ပညာတတ် ပြီးသောအခါ ပစ္စည်းထိန်းမင်းကြီးကပစ္စည်းအားလုံးကို သူ့အားလွှဲအပ်လေသည်။

သုမေဓာသူဌေးသားကလေး စဉ်းစားသည်မှာ "ငါ၏ ဘိုးဘွားမိဘတို့သည် ပစ္စည်းကိုရှာရုံသာရှာတတ်၍ ယူမသွားတတ်ကြပါတကား၊ ငါသည် စွန့်ကြဲပေးကမ်း၍ ကုသိုလ်ကို ငါ့နောက်ပါအောင်ယူသွားမည်"၊ ဤသို့ စဉ်းစား ပြီးလျှင် ရတနာတိုက်တို့ကိုဖွင့်၍ "အလိုရှိသူယူရစ်ကြလော့"ဟု ကြွေးကြော်ကာ ဟိမဝန္တာတောသို့ ထွက်ခွာ၍ ရသေ့ရဟန်း ပြုလုပ်သွားလေသည်။



## ၂။ သုမေဓာနှင့် သုမိတ္တာတို့ ဗျာဒိတ်ခံယူနေပုံ။

ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဈာန်အဘိညာဉ်ရ၍ ကောင်းကင်ခရီးဖြင့် ကြွသွားစဉ် ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော်မူရန် "ရမ္မာ"မြို့သူမြို့သားတို့ လမ်းပြင်နေကြသည်ကို မြင်ရ၍ ကောင်းကင်မှဆင်းကာ နေရာတစ်ကွက်ကို တောင်းယူပြင်ဆင် နေတုန်းမှာပင် ရဟန္တာများနှင့်အတူ ဘုရားရှင်ကြွလာတော်မူသောကြောင့် ပြင်၍မပြီးသေးသော ရွှံ့ညွှန်ပေါ်မှာ မိမိကိုယ်ကို တံတားခင်း၍ မှောက်စင်းနေလေသည်။ ထိုအချိန်မှာ "သုမိတ္တာ" မည်သော အမျိုးသမီးကလည်း ကြာပန်းရှစ်စည်းတွင် ငါးစည်းကို ဘုရားရှင်အား လှူဖို့ရန် ရသေ့၏လက်သို့ ကမ်းလှမ်း၍ သုံးစည်းကို မိမိကိုယ်တိုင် လှူဒါန်းလေသည်။ ဘုရားရှင်သည် ထိုသူနှစ်ယောက်၏ နောင်ရေး နောင်တာကို ဆင်ခြင်တော်မူကာ "ဤရသေ့သည် ဂေါတမဘုရား ဖြစ်လိမ့်မည်၊ ဤအမျိုးသမီးကား ပါရမီဖြည့်ဖက် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်ပေးတော်မူသည်။



## ၃။ အလောင်းတော်နတ်သားကို နတ်ဗြဟ္မာများက တုသိတာနတ်ပြည်မှ စုတေဖို့ရန် တောင်းပန်နေပုံ။

ဘုရားအလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီကုသိုလ်များကို ဖြည့်ကျင့်၍ ဘုရားမဖြစ်မီ တစ်ဘဝ၌ တုသိတာနတ်ပြည်ဝယ်၊ "သေတကေတု"မည်သော နတ်မင်းဖြစ်လေသည်။ ထိုနတ်မင်းသည် နတ်အသက်စေ့၍ စုတေဖို့ရန် အချိန်နီးလတ်သော်စကြဝဠာကမ္ဘာတစ်သောင်းမှ နတ်ဗြဟ္မာတို့သည် ဘုရားအလောင်းစံရာ တုသိတာနတ်ပြည်သို့ စုပေါင်းလာရောက်၍

"အရှင်နတ်သား အရှင်သည် လူနတ်စည်းစိမ်ကို ခံစားဖို့ရာ ပါရမီတို့ကို ဖြည့်ကျင့်ခဲ့သည်မဟုတ်ပါ။ သတ္တဝါတို့ကို ကယ်တင်နိုင်သော ဘုရားဖြစ်ဖို့ရာ ဖြည့်ကျင့်ခဲ့ပါသည်။ ယခုအခါ ဘုရားဖြစ်ဖို့ရန် အချိန်တန်ပြီဖြစ်ပါ၍ နတ်ပြည်မှ စုတေပြီးလျှင် လူ့ပြည်၌ပဋိသန္ဓေ တည်နေတော်မူပါ" ဟု တောင်းပန်ကြသဖြင့် လူ့ပြည်၌ ပဋိသန္ဓေ နေဖို့ရန် ဝန်ခံတော်မူလေသည်။



## ၄။ ဘုရားလောင်းသန္ဓေတည်ချိန်၌ မယ်တော်မာယာအိပ်မက်မြင်ပုံ။

ဝါဆိုလပြည့်နေ့၌ မယ်တော်မာယာသည် နံနက်စောစောကပင် အလှူဒါနကြီးကို လှူ၍ ဥပုသ်စောင့်ပြီးလျှင် အသရေ ရှိသော တိုက်ခန်းသို့ဝင်၍ သလွန်တော်၌ လျောင်းစက်အိပ်ပျော်စဉ် ထူးဆန်းသော အိပ်မက်ကိုမြင်သည်မှာ - နတ်မင်းကြီး လေးယောက်တို့သည် ဟိမဝန္တာ၌ရှိသော ဆေးဒါန်း၊ မြင်းသီလာ ကျောက်ဖျာအပြင်သို့ သလွန်တော်နှင့်တကွ ဆောင်ယူ၍ အင်ကြင်းပင်ကြီးအောက်၌ ချထားကြလေသည်။


ထို့နောက် နတ်မိဖုရားတို့က အနဝတတ်အိုင်သို့ဆောင်ယူ၍ ရေချိုးပေးပြီးလျှင် နတ်အဝတ်များကို ဆင်ယင်စေပြီးမှ ငွေတောင်အတွင်း၌ ရှိသော ရွှေဗိမာန်သို့သွင်း၍ အိပ်ရာ၌ အိပ်စေကြလေသည်။ ထိုအခါ ဘုရားအလောင်းသည် ဆင်ဖြူတော် ဖြစ်၍ သူ၏နေရာ ရွှေတောင်ပေါ်မှ သက်ဆင်းကာငွေတောင်သို့လာပြီးလျှင် ရွှေဗိမာန်သို့ဝင်ပြီးနောက်မယ်တော်၏ လက်ယာ နံပါးကိုဖောက်၍ဝင်သကဲ့သို့ မြင်မက်လေသည်။



## ၅။ လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်းဖွားမြင်တော်မူပုံ။

ဘုရားအလောင်း ပဋိသန္ဓေနေ၍ ဆယ်လပြည့်ရာ ကဆုန်လပြည့် အခါဝယ်မယ်တော်မာယာသည်ဆွေတော်မျိုးတော်များ၏နေရာဒေဝဒဟပြည်သို့ သွားလိုပါကြောင်း သုဒ္ဓေါဒနမင်းအား အခွင့်တောင်းလေသည်။ သုဒ္ဓေါဒနမင်းသည် ကပိလဝတ် ပြည်မှ ဒေဝဒဟပြည်သို့သွားသောလမ်း တလျှောက်လုံး တန်ဆာဆင်စေ၍ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူစေလေရာ ခရီးအကြား၌ လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်ကို ခေတ္တဝင်တော်မူလေသည်။


ထိုအချိန်မှာ ဥယျာဉ်တစ်ခုလုံး၌ အင်ကြင်းပန်းတွေ ပွင့်နေသဖြင့် အလွန်သာယာလှပေသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကို လက်တော်ဖြင့်လှမ်းလိုက်တုန်းမှာ ဝမ်းတော်လှုပ်လာသောကြောင့် အဝတ်အကာအရံကို ကာရံစေကာ မတ်တပ် ရပ်လျက်သာလျှင် ဘုရား အလောင်းတော်ကို ဖွားမြင်စေလေသည်။ ထိုအခါ ဗြဟ္မာမင်းများက ရွှေဇာတဘက်ဖြင့် ခံယူ၍ မယ်တော်၏ ရှေ့၌ပြကာ၊ "ဘုန်းတန်ခိုးရှိသော သားရတနာ ဖွားမြင်ပါပြီ" ဟု ပြောဆိုကြလေသည်။



## ၆။ ဘုရားအလောင်း လေးအတတ်ပြပြီး၍ ယသော်ဓရာနှင့် နန်းသိမ်းပွဲခံပုံ။

ဘုရားအလောင်း တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ဆွေတော်မျိုးတော်မင်းများ အထံသို့ သမီးရတနာ ပို့ဆက်လာရန် ရာဇသံ ပေးလေသည်။ သမီးရှင် မင်းကြီးများသည် ဘုရားအလောင်းကို "အဆင်းသာ လှ၍ ပညာမတတ်" ဟု ကဲ့ရဲ့ကာ သမီးရတနာကိုမပို့ဘဲ နေကြလေသည်။ ထိုအကြောင်းကို သုဒ္ဓေါဒနမင်းက သားတော်အား ပြောပြလေရာ ထိုအချိန်မှာ အခက်ဆုံးလေးအတတ်ကို ပြဖို့ရန် ဝန်ခံလိုက်လေသည်။

ထိုအခါ နေပြည်တော်တွင် ထင်ရှားသော လေးဆရာတို့ကို နန်းတော်မြေပြင်၌ စုရုံးစေကာ လေးဆရာလေးယောက်တို့ကို လေးမျက်နှာကထား၍ ဘုရားအလောင်းကိုယ်တိုင် အလယ်ကနေပြီးလျှင် "အသင်တို့ကင့်ါကို တစ်ပြိုင်နက်ပစ်ကြလော့" ဟု ပြောလေသည်။ ဆရာလေးယောက်တို့ပစ်သော မြားတို့ကို မိမိအားမထိအောင် မြားတစ်စင်းတည်းဖြင့် ကာကွယ်နိုင်လေသည်။ ဤသို့ လေးအတတ်ကိုပြပြီးမှ ဆက်သလာသော သမီးကညာတို့တွင် ယသော်ဓရာနှင့် နန်းသိမ်းပွဲခံယူလေသည်။



## ၇။ တောထွက်ခါနီး၌ ယသော်ဓရာ၏နန်းဆောင်သို့ကြွ၍ သားတော်ကိုရှုစားပုံ။

ဘုရားအလောင်းသည် သက်တော် ၂၉ နှစ်ရှိသောအခါ ဥယျာဉ်တော်သို့ ထွက်တော်မူရာဝယ် ဗြဟ္မာမင်းတို့ ဖန်ဆင်းပြ အပ်သော သူအို၊ သူနာ၊ သူသေ၊ ရဟန်းအားဖြင့် လေးပါးသောနိမိတ်ကြီးတို့ကိုမြင်ရ၍ လောက၌နေဖို့ရန် ထိတ်လန့်ကြောက်ရွံ့ တော်မူရကား "ယနေ့ပင် တောသို့မြန်း၍ ရဟန်းပြုမည်ဟု" ကြံစည်တော်မူလေသည်။ ထိုအချိန်မှာပင် သားတော်ဖွားမြင်ကြောင်း ကိုလည်း သံတော်ဦးတင်လာလေသည်။

ထို့နောက် နန်းတော်သို့ ပြန်ကြွ၍ ခေတ္တမျှစက်တော်ခေါ်ကာ နိုးလာသည့်အခါဝယ် များစွာသောမောင်းမတို့ အိပ်ပျော် နေကြဟန်ကို သုသာန်လို ထင်လာသဖြင့် လွန်စွာငြီးငွေ့ရကား ယခုပင် တောထွက်အံ့ဟု ဆုံးဖြတ်တော်မူပြီးလျှင် ဆန္နအမတ်အား ကဏ္ဍကမြင်းတော်ကိုဆက်သဖို့ပြင်ဆင်ပြီး အမိန့်ပေး၍ တစ်ခါမျှမမြင်ရသေးသော သားတော်ကလေးကို ရှုစားတော်မူရန် ယသော်ဓရာ၏ နန်းဆောင်သို့ ကြွလှမ်းတော်မူလေသည်။



## ၈။ ဘုရားအလောင်း မြို့တော်မှထွက်ခါနီး မာရ်နတ်တားဆီးနေပုံ။

ဘုရားအလောင်းသည် ယသော်ဓရာ၏ နန်းဆောင်မှ ထွက်ခွာ၍ မြေပြင်သို့ဆင်းသက်လာပြီးလျှင် အဆင်သင့်ပြင်ထားပြီးသော ကဏ္ဍက မြင်းတော်ကို စီးလျက် မြင်းမြီးကိုဆွဲကိုင်သော ဆန္နအမတ်နှင့်အတူ သန်းခေါင်အချိန်မှာ တောထွက်တော်မူလေသည်။ မြို့တံခါးအနီးရောက်သောအခါ မာရ်နတ်မင်းသည် ကောင်းကင်၌ရပ်လျက် "ခုနစ်ရက်ကြာလျှင် စကြာရတနာ ဆိုက်ရောက်ပါ တော့မည်၊ တောမထွက်ပါနှင့်" ဟု တားဆီးလာလေသည်။

ထိုအခါ ဘုရားအလောင်းက "အို မာရ်နတ် စကြာရတနာဆိုက်ရောက်လာမည့်အကြောင်းကို ငါသိပြီးပင်ဖြစ်သည်။ ထို စကြာရတနာကို ငါအလိုမရှိပါ၊ ဘုရားဖြစ်ပြီး၍ သတ္တဝါအများအား ကယ်တင်နိုင်ခြင်းကို သာ ငါအလိုရှိသည်" ဟုပြန်ပြောပြီးလျှင် မြို့တံခါးစောင့်နတ်သားက အသင့်ဖွင့်ထားသော တံခါးဖြင့် နတ်ဗြဟ္မာအပေါင်းခြံရံကာ ထွက်တော်မူလေရာ လွန်စွာကြည်နူးဖွယ် ကောင်းပေသည်။



## ၉။ ဘုရားအလောင်း ဆံတော်ပယ်၍ ရဟန်းပြုတော်မူပုံ။

သန်းခေါင်အခါ၌ တောထွက်တော်မူလာသော ဘုရားအလောင်း သည် နံနက်လင်းသောအခါ "အနော်မာ" မြစ်ကမ်းသို့ ဆိုက်ရောက်တော် မူ၍ ကဏ္ဍကမြင်းတော်အစွမ်းဖြင့် ရှစ်ဥသဘ (တစ်ဥသဘ = ၂၀၀ ပေ) ဝေး ကွာသော ဟိုဘက်ကမ်းသို့ ကျော်လှမ်းတော်မူလေသည်။ ထို့နောက် ဆင်ဝတ်တော်မူသော တန်ဆာနှင့် မြင်းတော်ကို ဆန္နအားအပ်၍ တိုင်းပြည် သို့ပြန်ကြတော့ဟု စေလွှတ်တော်မူပြီးလျှင် အနော်မာသောင်အပြင်ဝယ် သန်လျက်ဖြင့် ဆံတော်မြတ်ကိုပယ်ဖြတ်တော်မူလေသည်။


ထိုသို့ပယ်၍ "ဘုရားဖြစ်မည်မှန်လျှင် ဆံတော်သည် ကောင်းကင်မှာ တည်ပါစေသား" ဟု ဓိဋ္ဌာန်၍မြှောက်လိုက်ရာ ကောင်းကင်၌တည်သော ဆံတော်ကို သိကြားမင်းက ရွှေကလပ်ဖြင့်ခံယူ၍ တာဝတိံသာနတ်ပြည်ဝယ် "စူဠာမဏိစေတီ" တည်ထား လေသည်။ ထို့နောက် ဃဋိကာရ ဗြဟ္မာ ဆက် ကပ်လာသော သင်္ကန်းဖြင့် ရဟန်းပြုတော်မူပြီး ဝတ်လဲတော်ပုဆိုးကို ဃဋိကာရ ဗြဟ္မာမင်းယူ၍ ဗြဟ္မာ့ပြည်ဝယ် ဒုဿစေတီ တည်ထားကိုး ကွယ်ထားလေသည်။



## ၁၀။ ဘုရားအလောင်းတောထွက်ခါစ၌ ဗိမ္ဗိသာရမင်းက ထီးနန်းလှူပုံ။

ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ခုနစ်ရက်ခန့်ကြာသော အခါ ရာဇဂြိုဟ်မြို့သို့ ကြွလာ၍ဆွမ်းခံဝင်တော်မူ၏။ ထိုခေတ်၌ ရသေ့ ရဟန်းဆိုသူတို့ဝယ် သပ္ပါယ်တင့်တယ်သူကို တွေ့ရခဲ၏။ မတင့်မတယ်နှင့် အရွယ်ကြီးသူများကိုသာ အများအပြား တွေ့နေရသော မြို့သူမြို့သား တို့သည် အရွယ်အားဖြင့် ၂၉ နှစ်မျှသာရှိသေး၍ စကြာမင်းအမှတ် လက္ခဏာ စုံလင်စွာပါသော ဘုရားအလောင်းကို တအံ့တဩ ကြည့်ကြ လေသည်။


ဘုရားအလောင်းသည် ဆွမ်းခံပြီး၍ ပဏ္ဍဝတောင်သို့ ကြွတော်မူကာ ဆွမ်းဘုဉ်းပေးလေရာ ဗိမ္ဗိသာရမင်းလည်းရောက်လာ၍ ရုပ်လက္ခဏာ ကို မြင်ရုံမျှဖြင့် ဇာတ်မြင့်သောမင်းသားတစ်ပါးဖြစ်တန်ရာ၏ဟု စဉ်းစား ပြီးလျှင် ထီးနန်းစည်းစိမ်ကို လွှဲအပ် လေသည်။ ဘုရားအလောင်းသည် ထီးနန်းစည်းစိမ်မလိုလားဘဲ ဘုရားဖြစ်လိုကြောင်းကို မိန့်တော်မူလျှင် ဘုရားဖြစ်သောအခါ ရာဇဂြိုဟ်သို့ ပထမဆုံးကြွလာဖို့ရန် တောင်းပန်လိုက် လေသည်။



## ၁၁။ ဒုက္ကရစရိယာကျင့်၍ ကိုယ်တော်၏အသွေးအသား ခေါင်းပါးနေပုံ။

ဘုရားအလောင်းသည် ရဟန်းပြုပြီးနောက် ဆရာဖြစ်ထိုက်သူကိုရှာရာ အာဠာရနှင့် ဥဒကရသေ့တို့ကိုတွေ့၍ ထိုရသေ့တို့ အထံမှ လောကီစျာန်မျှကိုသာ နည်းခံရသဖြင့် အားရတင်းတိမ်ခြင်းမရှိဘဲ တရားထူးကို ဆက်လက်ရှာဖွေရန် ဥရုဝေလတောသို့ ရောက်တော်မူသည်။ ထို့နောက် သေနာနိဂုံးသို့ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် ဆွမ်းခံသွားရသည်ကိုပင် တရားအလုပ် အနှောင့်အယှက်ဟုထင်သောကြောင့် ဒုက္ကရစရိယာကို စ၍ ကျင့်တော်မူလေသည်။

သာမန်လူတို့ကျင့်နိုင်ခဲသောအကျင့်ကို ဒုက္ကရစရိယာဟုခေါ်သည်။ ကျင့်ပုံအစဉ်မှာ - ဆွမ်းမစားဘဲ အလိုလိုကြွေကျသော သစ်သီးကိုသာ ကောက်ယူစား၏။ ထို့နောက် သစ်ပင်ရှိရာသို့သွား၍ မကောက်ဘဲမိမိ ထိုင်သောသစ်ပင်အောက်က ကြွေကျသော သစ်သီးကိုသာ ကောက်စား၏။ ထို့နောက် သစ်သီးတစ်လုံး၊ နှမ်းတစ်လုံး၊ ဆန်တစ်လုံးမျှကိုသာ စား၏။ ဤသို့ အစာကိုလျှော့သဖြင့် အသွေးအသား မရှိတော့ချေ။ စိုပြည်ဝါဝင်းသော အဆင်းတော်သည် ညှိုးမည်းခြောက်သွေ့ကာ အရိုးနှင့် အရေသာ ကျန်တော့လေသည်။



## ၁၂။ သုဇာတာလှူဒါန်းသော ယနာနို့ဆွမ်းကို ခံယူတော်မူနေပုံ။

ဥရုဝေလာတော၏အနီး "သေနာ" နိဂုံးကြီးဝယ် သူဌေးကတော် သုဇာတာသည် အပျိုဘဝတုန်းက ညောင်ပင်ကြီးသို့ သွား၍ သူဌေးသားကိုရဖို့ရန်နှင့် သားဦးရဖို့ရန် ဆုပန်ခဲ့လေရာ ထိုဆုအတိုင်းပြည့်သောကြောင့် နတ်မင်းကြီးက မ-သည်ဟု ထင်၍ နှစ်စဉ်ပူဇော်လေ့ရှိ၏။ အလောင်းတော်လည်း ခြောက်နှစ်ပတ်လုံး ပင်ပန်းလှသောအကျင့်ဖြင့် တရားထူးမရသောကြောင့် ဆွမ်း အာဟာရကို မျှတအောင် ဘုဉ်းပေး၍ ကျင့်တော်မူလေပြီ။


အလောင်းတော်သည် သက်တော် ၃၅ နှစ်ပြည့်ရာ ကဆုန်လပြည့်နေ့ နံနက်စောစောအခါတွင် ညောင်ပင်အောက်သို့ ရောက်နေတော်မူစဉ် သုဇာတာသည် မိမိ၏ ကျေးဇူးရှင်နတ်မင်းဟု မှတ်ထင်လျက် တစ်သိန်းတန် ရွှေခွက်နှင့်တကွ နို့ယနာဆွမ်း ကို လှူဒါန်းတော်မူလေသည်။ နေရဉ္ဇရာ မြစ်ကမ်း၌ ထိုဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ "ယနေ့ ဘုရားဖြစ်မည်မှန်လျှင် ရေညာသို့ဆန်စေသား" ဟုမိဋ္ဌာန်၍ ရွှေခွက်ကိုမျှောလိုက်ရာ ရေညာသို့ဆန်တက်သွားလေသည်။



## ၁၃။ ဘုရားဖြစ်တော်မူခါနီး၌ မာရ်နတ်လာ၍ ဖျက်ဆီးနေပုံ။

ဘုရားအလောင်းတော်သည် သုဇာတာ၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီး၍ နေရဉ္စရာမြစ်ကမ်း၏ အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့အဖို့တွင် သန့်စင်နေထိုင်တော်မူကာ ညနေချမ်းမှ ဗောဓိပင်သို့ အကြွတွင် မြက်ရိပ်ပုဏ္ဏားထံ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပြီးလျှင် ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်သမျှ ဤတင်ပျဉ်ကို မဖျက်တော့အံ့" ဟု ဓိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရာ ဗြဟ္မာသိကြားနတ်အများလည်း ဘုရားအလောင်းတော်ထံပါးသို့ ရောက်လာကြလေသည်။

ထိုထိုင်နေပုံကိုမြင်၍ ဧကန်မုချ ဗုဒ္ဓဖြစ်တော့မည်ကိုသိသော မာရ်နတ်မင်းသည် ထန်ပြင်းသောဒေါသဖြင့် နတ်ပြည်သို့ ပြန်သွား၍ စစ်သည်တပ်သားစုဆောင်းကာ မိမိကိုယ်တိုင်ကလည်း လက်နက်မျိုးစုံကိုင်လျက် "တက်ကြလော့၊ ဖမ်းကြလော့" ဟု ဆော်ဩခြိမ်းခြောက်လေရာ ဗုဒ္ဓမြတ်စွာ လောင်းလျာသည် ရက်စက်ကြမ်းကြုတ်နေသော သားအပေါ်တွင် ထားရှိသော မိခင်မေတ္တာကဲ့သို့ ဘဝများစွာကအထုံပါသော မေတ္တာတော်အစွမ်းဖြင့် အေးချမ်းကြည်ဖြူ အောင်တော်မူလေသည်။



## ၁၄။ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ။


ဘုရားအလောင်းတော်မြတ်သည် မာရ်နတ်မင်း၏ရန်ကို အောင်တော်မူပြီး၍ ဗောဓိပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေနေတော် မူကာ သဗ္ဗညုတဗုဒ္ဓအဖြစ်သို့ မရောက်သမျှ ဤနေရာမှမထဟု ကြီးစွာသောလုံ့လတော်ဖြင့် ဆင်ခြင် သုံးသပ်တော်မူသောအခါ ညဥ့်ဦးယံ၌ လွန်လေပြီးသော ဘဝပေါင်းများစွာကို ပြန်၍ အောက်မေ့ဆင်ခြင်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံ၌ သုံးဆယ့်တစ်ဘုံလုံး၌ ဖြစ်ပျက်၍ နေကြကုန်သော သတ္တဝါအားလုံးကို မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက် ယံ၌ ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်စွမ်းနိုင်သော အာသဝက္ခယဉာဏ်ကို ရတော်မူပြီးလျှင် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ နံနက် အရုဏ်တက်အချိန်တွင် လောကသုံးပါး၏ အထွတ်အထိပ် သဗ္ဗညုတဗုဒ္ဓအဖြစ်သို့ ရောက်တော်မူ လေသည်။



## ၁၅။ တပုဿနှင့် ဘလ္လိကညီနောင်တို့အား ပူဇော်ရန် ဆံတော်ချီးမြှင့်နေပုံ။

ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်၍ မကြာမီ လင်းလွန်းပင်အောက်၌ သီတင်းသုံးနေတော်မူစဉ် ဥက္ကလာမည်သော ဇနပုဒ်မှ တပုဿနှင့် ဘလ္လိကမည်သော ကုန်သည်ညီနောင်နှစ်ယောက်တို့သည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ ကူးသန်းရောင်းဝယ် သွားကြ၏။ ထိုညီနောင်၏ ရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်သည် ကိုယ်ထင်ပြ၍ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာကြောင်းကို ပြောပြ ပြီးလျှင် ပါလာသောမုန့်များကို ကပ်လှူကြလေဟု တိုက်တွန်းကာ နေရာကို ညွှန်ပြလိုက်လေသည်။


ထိုညွှန်ပြချက်အရ ဗုဒ္ဓအထံတော်သို့ ချဉ်းကပ်ကြ၍ မိမိတို့မှာပါလာသောမုန့်များကို ကပ်လှူကြပြီးလျှင် "ဗုဒ္ဓမြတ်စွာနှင့် တရားတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏။ ယနေ့ကစ၍ ဥပါသကာ မှတ်တော်မူပါ" ဟု လျှောက်ကြလေသည်။ ထို့နောက် "ယနေ့ကစ၍ ဘယ်အရာကို ရိုသေမြတ်နိုးရှိခိုးရပါမည်နည်း" ဟု လျှောက်ထားကြပြန်ရာ ဗုဒ္ဓမြတ်စွာသည် လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ငြိကပ်ပါလာသောဆံတော်များကို သနားချီးမြှင့်တော်မူလိုက်လေသည်။



၁၆။ ပဉ္စဝဂ္ဂီငါးယောက်တို့အား ဓမ္မစကြာတရား ဟောတော်မူနေပုံ။

ဘုရားအလောင်း ဖွားမြင်စဉ် ရုပ်လက္ခဏာကြည့်ရှုရသော ပုဏ္ဏား ရှစ်ယောက်တို့တွင် ငါးယောက်သောပုဏ္ဏားတို့သည် မုချ ဘုရားဖြစ်လိမ့် မည်ဟုယုံကြည်ကြသောကြောင့် ရသေ့ရဟန်းပြုနှင့်ကြ၍ ဘုရားအလောင်း တောထွက်သောအခါ ရေပူရေချမ်း ကမ်းလှမ်းပြုစုနေကြလေသည်။ ထို့ နောက် ဆွမ်းအာဟာရ ဘုဉ်းပေးသည်ကိုမြင်၍ ဘုရားဖြစ်တော့မည် မထင်သောကြောင့် ဘုရားအလောင်းထံမှ ခွဲခွာ၍ ဗာရာဏသီအနီး မိဂဒါဝုန် တော၌ နေကြလေသည်။

ဘုရားဖြစ်တော်မူ၍ တရားဦးဟောထိုက်သူများကို ရှုစားတော်မူသော အခါ ထိုရသေ့ငါးဦး၏ ရင့်သန်သောဉာဏ်ကို မြင်တော်မူရကား ဗောဓိပင် မှ တစ်ဆယ့်ရှစ်ယူဇနာ (တစ်ယူဇနာ = ၁၂.၇၂ မိုင်ခန့်) ဝေးကွာသော ဣသိပတနမိဂဒါဝုန်တောသို့ကြွတော်မူပြီးလျှင် ဝါဆိုလပြည့်နေ့ နေမဝင်မီ အချိန်တွင် ထိုပဉ္စဝဂ္ဂီ ရသေ့ငါးဦးအား ဓမ္မစကြာတရားဦးကို ဟောတော်မူ လေရာ တစ်ဆယ့် ရှစ်ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာပန်တည်လေသည်။



## ၁၇။ အရှင်ယသတို့သားအဖ ဘုရားနှင့်တွေ့၍ တရားနာနေပုံ။

ဘုရားဖြစ်မည့်နေ့၌ ယနာနို့ဆွမ်း လှူဒါန်းဆက်ကပ်သော သုဇာတာ၏ သားဦးရတနာဖြစ်သော ယသသတို့သားသည် ဘုရားအလောင်းစံနေသကဲ့သို့ ဆောင်းနွေမိုး ဥတုသုံးပါးနှင့် သင့်တော်သော ပြာသာဒ်သုံးဆောင်ဖြင့် စံစား၍နေစဉ် ညဥ့်အချိန် မှာ အိပ်ရာမှနိုးလေသော် မတော်မလျော် အိပ်ပျော်နေကြသော အခြွေအရံ မိန်းမတစ်စုကိုမြင်မိ၍ သုသာန်ကဲ့သို့ ထင်ကာ မိဂဒါဝုန် ဘက်သို့ ညချင်းပင် ထွက်လာလေသည်။

ထိုအခါ ဘုရားနှင့်တွေ့၍ တရားနာရသဖြင့် သောတာပန်ဖြစ်ပြီးနောက် လိုက်၍ရှာသောဖခင်အား သားကို မမြင်ရအောင် တန်ခိုးဖြင့်ကွယ်ထား၍ “အသင့်သားကို တွေ့ပါလိမ့်မည်” ဟု မိန့်တော်မူကာ တရားတော်ကို ဟောပြန်ရာ သောတာပန်ဖြစ်၍ ယသ သတို့သားလည်း ရဟန္တာဖြစ်လေသည်။ ထိုအခါ တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သဖြင့် သားအဖ တွေ့ကြ၍ ‘ယသ’ လည်း ရဟန်းပြုလေသည်။



## ၁၈။ ဘဒ္ဒဝဂ္ဂီညီနောင်တို့ မိန်းမရှာရင်း ဘုရားနှင့်တွေ့၍ တရားရပုံ။

ဗုဒ္ဓမြတ်စွာသည် ဗာရာဏသီမှ ဥရုဝေလာတောသို့ပြန်၍ ကြွတော်မူစဉ် ခရီးအကြား၌ တောအုပ်တစ်ခုသို့ဝင်၍ သစ်ပင် အောက်မှာ ထိုင်နေတော်မူသည်။ ထိုအချိန်မှာ ကောသလမင်းနှင့် အဖတူဖြစ်သော ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့သည် ထိုတောအတွင်းသို့ ပျော်ပွဲစားလာကြရာ ဇနီးမရှိသော မင်းသားတို့ခေါ်လာသော ပြည့်တန်ဆာမသည် ထိုမင်းသားတို့ မေ့မေ့လျော့လျော့ နေစဉ် ဘဏ္ဍာထုပ်ကိုယူ၍ ထွက်ပြေးလေသည်။


ထိုမိန်းမကို အားလုံးလိုက်၍ရှာကြရာ ဗုဒ္ဓ၏အနီးသို့ ရောက်သွားသဖြင့် "မိန်းမတစ်ယောက် မမြင်လိုက်ပါလား" ဟု မေးကြလေသည်။ ဗုဒ္ဓက "မိန်းမရှာမှုနှင့် ကိုယ့်ကိုရှာမှု နှစ်ခုတွင် အဘယ်ရှာမှုက မြတ်သနည်း" ဟု မေးတော်မူ၍ "ကိုယ့်ကိုယ်ရှာမှုက မြတ်ပါသည်" ဟု လျှောက်ကြသော မင်းသားတို့အား ကာမ၏အပြစ်နှင့်တကွ သစ္စာလေးပါးကို ဟောပြသဖြင့် တရားရ၍ ရဟန်းပြုကြလေသည်။



## ၁၉။ ခြောက်ကျိပ်သော ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူပုံ။


မိဂဒါဝုန်တောဌ် ပထမဝါကပ်တော်မူ၍ ဝါကျွတ်သောအခါ ဗုဒ္ဓမြတ်စွာဘုရားမှတစ်ပါး ရဟန္တာ ရဟန်းတော်ပေါင်း ခြောက်ကျိပ်အတိ ရှိလေပြီ။ ဗုဒ္ဓမြတ်စွာသည် ထိုခြောက်ကျိပ်သော ရဟန်းတော်တို့ကို ခေါ်တော်မူ၍ "ဘိက္ခုတို့ . . ငါသည် လူနတ်တို့၌ဖြစ်သော တဏှာရာဂ ကျော့ကွင်းမှလွတ်ကင်းတော်မူခဲ့ပြီ၊ အသင်တို့လည်းလူနတ်တို့၌ဖြစ်သောတဏှာရာဂကျော့ကွင်း မှ လွတ်ကင်းခဲ့ကြကုန်ပြီ" ဟု စကားစချီ မိန့်တော်မူသည်မှာ -

"သင်တို့ ထိုထိုဤဤ လှည့်လည်ကြချေ။ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းမြတ်၍ အနက်အဓိပ္ပာယ်ပြည့်စုံသော တရားတော်များကို ဟောကြချေ။ ကိလေသာ မြူနည်းပါး၍ ပညာမျက်စိအားကောင်းသော သတ္တဝါများ ရှိကြပေသည်။ ထိုသတ္တဝါ တို့သည် တရားမနာရသောကြောင့် ရသင့်သောတရားထူးမှ ယုတ်လျော့နေကြသည်။ တရားကို သိလွယ်သူတွေ ရှိကြပေလိမ့်မည်" ဟု မိန့်တော်မူကာ သာသနာပြု လွှတ်တော်မူသည်။



## ၂၀။ မီးတင်းကုပ်တွင်နေသော နဂါးအား တန်ခိုးတော်ဖြင့် ငြိမ်သက်စေတော်မူပုံ။

ဗုဒ္ဓမြတ်စွာသည် ရဟန်းများကို သာသနာပြုစေလွှတ်တော်မူပြီးမှ ကိုယ်တိုင်လည်း ဥရုဝေလာကဿပ၊ နဒီကဿပ၊ ဂယာ ကဿပအမည်ရသော ကဿပညီနောင်သုံးဦးခေါင်းဆောင်သော ရသေ့တစ်ထောင်ကို ချွတ်တော်မူရန် ဥရုဝေလာသို့ကြွတော်မူလေသည်။ ထိုနေရာရှိမီးတင်းကုပ်၌ နဂါးမင်းအား တန်ခိုးအမျိုးမျိုးတို့ဖြင့် နှိမ်နင်းပြ၍ ဆုံးမတော်မူရာ အားလုံး ရဟန်းပြုကြ လေသည်။ ထို့နောက် ထိုရဟန်းတစ်ထောင်နှင့်အတူ ဂယာသီသသို့ကြွ၍ တရားဟောတော်မူပြန်ရာ အားလုံး ရဟန္တာဖြစ်လေသည်။ ထိုရဟန်းများနှင့်အတူ ရာဇဂြိုလ်မြို့သို့ကြွတော်မူ၍ ထန်းတောဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် တစ်သိန်းနှစ်သောင်းသော လူတို့နှင့်တကွ ဗိမ္ဗိသာရမင်း အဖူးမြော်လာလေရာ ထိုလူအပေါင်းတို့မှာ ရှင်ကဿပက ဆရာလေလား၊ ရဟန်းဂေါတမက ဆရာလေလားဟု ယုံမှားဖြစ်ကြသည်ကို အရှင်ကဿပ သိ၍ ဘုရားရှင်၏ခြေတော်ပေါ်၌ ဦးခေါင်းကို တိုက်ပြီးလျှင် ဘုရားရှင်သည် ဆရာ၊ မိမိက တပည့်ဖြစ်ပါကြောင်းကို အကြိမ်ကြိမ် လျှောက်လေသည်။



## ၂၁။ အရှင်သာရိပုတ္တရာအလောင်း ပရိဗိုဇ်သည် အရှင်အဿဇိ၏ တည်ငြိမ်ပုံကိုကြည့်နေပုံ။

ဗုဒ္ဓမြတ်စွာ၏တပည့်တို့တွင် အသာဆုံးဖြစ်၍ အဂ္ဂသာဝကဟု ထင်ရှားသော အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန် တို့သည် ဘုရားအထံ မရောက်မီ တရားထူးကိုစုံစမ်းကာ သဉ္စည်းဆရာကြီးအထံမှာ ပရိဗိုဇ် လုပ်၍နေကြသည်။ အခါတစ်ပါး၌ အရှင် သာရိပုတ္တရာသည် ဆွမ်းခံကြွနေသော အရှင်အဿဇိကိုမြင်၍ ထိုပုဂ္ဂိုလ်သဏ္ဌာန်မှာ တရားထူးရှိမည်ဟု အထင်ရှိသဖြင့် နောက် မှလိုက်သွားလေသည်။

အရှင်အဿဇိ ဆွမ်းဘုဉ်းပေးပြီး၍ "အရှင်တို့ဆရာသည် အဘယ် တရားမျိုးကို ဟောပါသနည်း" ဟု မေးလေသည်။ "ငါတို့ဆရာသည် ဒုက္ခနှင့် ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခချုပ်ရာနှင့် ထိုချုပ်ရာသို့ ရောက်ကြောင်းလမ်းများကို ဟောတော်မူ၏" ဟု ဖြေတော်မူရာ သောတာပန်ဖြစ်လေသည်။ ထို အကြောင်းကို အရှင်မောဂ္ဂလာန်အားပြောပြ၍ သောတာပန်ဖြစ်ပြန်ရာ တပည့်များနှင့် အတူ ဘုရားထံပြောင်း၍ ရဟန်းပြုကြလေသည်။



## ၂၂။ ဗိမ္ဗိသာရမင်းသည် သူပုန်ထသောနေရာသို့ စစ်ဗိုလ်များကို စေလွှတ်နေပုံ။

ဗိမ္ဗိသာရမင်းသည် သောတာပန်တည်ပြီးသော ကျောင်းဒကာဖြစ်သော်လည်း တိုင်းပြည်အုပ်ချုပ်ရေး၌ စစ်တပ်ကိုသာ အားထားနေရပေသည်။ အခါတစ်ပါး၌ တိုင်းစွန်ပြည်ဖျားဝယ် သူပုန်ထသဖြင့် လူအများထွက်ပြေးနေရကြောင်း၊ ရွာအများပင် ပျက်ပြားကုန်ကြောင်းကိုကြားရ၍ သနားခြင်း၊ စိတ်ဆင်းရဲခြင်း ပြင်းစွာဖြစ်ရလေသည်။ ထိုအခါ ထင်ရှားသောစစ်ဗိုလ်များကိုခေါ်၍ သူပုန်ရှိရာသို့သွားဖို့ရန် အမိန့်ပေးပုံမှာ -

"ဂစ္ဆထ ဘဏေ - အမောင်တို့သွားချေကြ၊ ပစ္စန္တံ ဉစ္စိနထ - သူပုန်ဘေးကြောင့် ထွက်ပြေးနေရသောရွာတို့ကို အိမ်ခြေ ရာခြေတည်၍ စည်စည်ကားကားဖြစ်အောင်၊ လယ်ယာကိုင်းကျွန်းများ လုပ်ကိုင်နိုင်ကြအောင် စောင့်ရှောက်ချေကြ" ဤသို့ သတ်ဖြတ် တိုက်ခိုက်ဖို့ အမိန့်မပေးဘဲ စောင့်ရှောက်ဖို့သာ အမိန့်ပေးလေသည်။ ထိုသို့ အမိန့်တော်အရ စစ်တပ်လည်း ထွက်သွား၍ သူပုန် များကို ငြိမ်းအေးစေကာ ကောင်းမွန်စွာ ပြန်လာလေသည်။




## ၂၃။ ကာဠုဒါယီမထေရ် ပင့်လျှောက်၍ ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူပုံ။

ဘုရားရှင်သည် ရာဇဂြိုလ်ပြည်ကြီးရှင် ဗိမ္ဗိသာရမင်းမြတ် လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး တော်မူကြောင်းကို ခမည်းတော် သုဒ္ဓေါဒနမင်း ကြားသိတော်မူရ၍ လူပေါင်းတစ်ထောင်စီဖြင့် အမတ်ကိုးယောက်ကို ဘုရားပင့်လာဖို့ရန် အတန်တန်စေလွှတ်သော်လည်း စကားပြန်မျှမရဘဲ အားလုံး ရဟန္တာဖြစ်၍ ရဟန်းပြုကြလေသော် ကာဠုဒါယီကို ရဟန်းပြုလိုလည်း ပြုပါဟု ခွင့်ပြုကာ စေလွှတ်ရပြန်လေသည်။


ကာဠုဒါယီအမတ်သည် ရဟန္တာဖြစ်၍ ရဟန်းပြုပြီးနောက် ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် ဘုရားရှင်အားလျှောက်သော အခါနောက်တော်ပါ ရဟန္တာနှစ်သောင်းနှင့်အတူ ယူဇနာခြောက်ဆယ်ဝေးသော ခရီးကို တစ်နေ့ တစ်ယူဇနာကျဖြင့် နှစ်လတိတိ ကြွတော်မူလေသည်။ ကာဠုဒါယီသည် ဘုရားကြွလာ၍ ရောက်သောခရီးကို သိနှင့်ဖို့ရန် နေ့စဉ်စျာန်ဖြင့်ကြွ၍ ခမည်းတော်အား ပြောထားသောကြောင့် ဘုရားရှင်ရောက်မည့်နေ့တွင် အဆင်သင့် ကြိုဆိုနေကြလေသည်။

## ၂၄။ ဆွေတော်မျိုးတော်အလယ် တန်ခိုးပြ၍ ပေါက္ခရဝဿမိုး ရွာချပုံ။



သာကီဝင်မင်းမျိုးသည် လွန်စွာ မာနကြီး၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာရောက်လာတော်မူသောအခါ ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေ၍ ဗုဒ္ဓထက်ကြီးသောမင်းတို့ကား ရှိမခိုးဘဲ ထိုင်နေကြ၏။ ထိုအခြင်းအရာကိုမြင်ရသော ဘုရားရှင်သည် ကောင်းကင်သို့ တက်၍ မင်းကြီးတို့၏ဦးထိပ်ထက်၌ စင်္ကြံကြွလျက် အထက်ပိုင်းကိုယ်မှမီးအလျှံ၊ အောက်ပိုင်းကိုယ်မှရေအလျဉ်၊ လက်ဝဲမှမီး၊ လက်ျာမှရေ ဤသို့ ရေမီးအစုံထွက်စေသော တန်ခိုးကို ပြတော်မူသည်။

ဤသို့တန်ခိုးပြ၍ ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်ကို လွှတ်တော်မူလေရာ တအံ့တဩဖြစ်ကာ သုဒ္ဓေါဒန မင်းကိုယ်တိုင် ဘုရားခြေတော်ကို ဦးတိုက်ရှိခိုးလေသော် ဆွေတော်မျိုးတော်အားလုံး မနေသာတော့ဘဲ ရိုသေစွာ ရှိခိုးကြလေသည်။ ထိုအခါ တိမ်တွေတက်လာ၍ (စိုစေလိုသူကိုစိုစေ၍ မစိုစေလိုသူများမစိုသော) "ပေါက္ခရဝဿ" မည်သောမိုးကြီး ရွာသဖြင့် ဘုရားရှင်အပေါ် သာ၍ အံ့ဩကာ လေးစားကြလေသည်။



## ၂၅။ ဘုရားခြေတော်ကို ဦးခေါင်းဖြင့်ပွတ်တိုက်၍ ယသော်ဓရာရှိခိုးနေပုံ။

ကပိလဝတ်နေပြည်တော်သို့ရောက်၍ နောက်တစ်နေ့၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို သုဒ္ဓေါဒနမင်းကြီးလာ၍ နန်းတော်သို့ပင့်ကာ မွန်မြတ်သောအာဟာရတို့ကို ဆက်ကပ်ဘုဉ်းပေးပြီးသည့်အဆုံး၌ တစ်နန်းတော်လုံး အုန်းအုန်းကျွက်မျှ ဖူးမြော် ကန်တော့ရောက်ကြသော်လည်း ယသော်ဓရာမိဖုရားကား "မောင်တော်ဘုရားမှာ ငါ၏ကျေးဇူးရှိလျှင် ကိုယ်တိုင်ကြွလာလိမ့်မည်။ ထိုအခါကျမှ အားရအောင်ရှိခိုးမည်" ဟုပြောဆိုကာ မထွက်လာဘဲနေလေသည်။


ထိုအခါ ဗုဒ္ဓမြတ်စွာသည် ကြွတော်မမူလျှင် ယသော်ဓရာ ပူပန်အားသည်း၍ ရင်ကွဲမည်ကို မြင်တော်မူသောကြောင့် ခမည်းတော်အား သပိတ်ပေး၍ အဂ္ဂသာဝက နှစ်ပါးနှင့်အတူ ယသော်ဓရာနန်းဆောင်သို့ ကြွတော်မူကာ ခင်းထားပြီးနေရာ၌ ထိုင်တော် မူလေသည်။ ထိုအခါ ယသော်ဓရာသည် ကပျာကယာလာ၍ ခြေဖမျက်တော်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပွေ့ပြီးလျှင် မျက်နှာ ဦးခေါင်းကို ခြေဖမိုးပေါ်မှာ လှိမ့်ကာ လှိမ့်ကာ အားရအောင် ကန်တော့ရှာလေသည်။



## ၂၆။ ဘုရားနောက်တော်ကလိုက်၍ သားတော်ရာဟုလာ အမွေတောင်းပုံ။

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်စံနန်း၌ ဆွမ်းဘုဉ်းပေးနေစဉ် ယသော်ဓရာသည် သားတော်ကို တန်ဆာဆင်၍ "ချစ်သား ရဟန်းနှစ်သောင်း၏ အလယ်မှာ တင့်တယ်စွာနေတော်မူသော ရဟန်းတော်မြတ်သည် သားတော်၏ ခမည်းတော်ပင်တည်း။ "မောင့်ခမည်းတော်မှာရှိသော ရွှေအိုးကြီးတွေကို တောထွက်သွားသည့်နေ့ကစ၍ မတွေ့ရတော့ဘူး။ စကြာမင်းလုပ်ရအောင် အဲဒီအမွေကိုတောင်းချေ" ဟု သင်ကြား၍ ဘုရားထံသို့ စေလွှတ်လိုက်လေသည်။


သားတော်ရာဟုလာသည် ဘုရားအထံသို့ရောက်လျှင် ခမည်းတော်ဟူသောချစ်ခြင်းဖြင့် ရဲတင်းစွာကပ်၍ "ခမည်းတော်၏ အရိပ်သည် လွန်စွာ ချမ်းအေးပါပေ၏။ သားတော် စကြာမင်းလုပ်ချင်ပါသည်။ ခမည်းတော်၏ အမွေသားတော်ကို ပေးပါ" ဟု တွတ်တီးတွတ်တာပြောဆိုကာ အမွေတောင်းရှာလေသည်။ ဗုဒ္ဓမြတ်စွာကျောင်းပြန်ကြွရာ၌လည်း အမွေတောင်းကာ နောက်တော်က လိုက်သွားလေသော် ရှင်သာမဏေပြုကာ လောကုတ္တရာအမွေကိုသာ ပေးတော်မူသည်။



## ၂၇။ သာကီဝင်မင်းသား ခြောက်ယောက် ရဟန်းပြုကြပုံ။

ဗုဒ္ဓမြတ်စွာဘုရားဖြစ်ပြီးသောအခါ နန္ဒမင်းသားစသော သာကီဝင်မင်းသားများစွာတို့ ဘုရားအထံ ရဟန်းပြုကြလေသော် သားနှစ်ယောက်သုံးယောက်ရှိသော အိမ်တော်မှ တစ်ယောက်မျှထွက်၍ ရဟန်းမပြုလျှင်တာဝန်မကျေသကဲ့သို့ ဖြစ်နေရကား မဟာနာမ်နှင့် အနုရုဒ္ဓါညီနောင်နှစ်ပါးတိုင်ပင်ကြရာ အနုရုဒ္ဓါမင်းသားက ရဟန်းပြုမည်ဟု ဝန်ခံလေသည်။ ထိုအချိန်မှာ ရှင်ဘုရင် ဖြစ်သော ဘဒ္ဒိယမင်းသည် အနုရုဒ္ဓါနှင့် ရင်းနှီးသောသူငယ်ချင်းပေတည်း။

ထို့ကြောင့် အနုရုဒ္ဓါသည် ဘဒ္ဒိယမင်းထံသွား၍ ရဟန်းပြုဖို့ရန် အဖော်ညှိလေရာ ဘဒ္ဒိယဘုရင်လည်း ရဟန်းပြုဖို့ ဝန်ခံ ပြန်၏။ ဤနည်းအားဖြင့် အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ်နှင့် ဆတ္တာသည် ဥပါလိပါ ခုနစ်ယောက်လုံးဘုရားထံ ရောက်လာ ကြလေသည်။ ထိုအခါ "သာကီဝင်မင်းမျိုးသည်အလွန်မာနကြီးပါသည်" ထိုမာနကို နှိမ်ချိုး၍ ဥပါလိကို ရှိခိုးနိုင်ဖို့ရာဥပါလိကို ပထမ ရဟန်းပြုပေးပါ" ဟု လျှောက်၏။ ထို့နောက် မိမိတို့ရဟန်းပြုကြလေသည်။



## ၂၈။ တောထွက်လာသော အရှင်မဟာကဿပ အလောင်းအား ဘုရားကြိုဆိုနေပုံ။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာကို စောင့်ရှောက်ရစ်မည့် ရှင်မဟာကဿပအလောင်း "ပိပ္ပလိ" သတို့သား သည် အလုပ်သမားရွာပေါင်း ၁၄ ရွာနှင့် စစ်တပ်အစိတ်ကို ပိုင်ဆိုင်လျက် ကုဋေများစွာ ဥစ္စာကြွယ်ဖြိုး သူဌေးမျိုးမှ သူဌေးကတော် နှင့်အတူ ရဟန်းပြုလာခဲ့သည်။ သူတို့နှစ်ဦး လမ်းခွဲသောနေရာ၌ ကမ္ဘာမြေတုန်လှုပ်သံကို အရင်းခံ၍ ဆင်ခြင်တော်မူသော ဘုရားရှင်လည်း အကြောင်းအရာကို ကောင်းစွာ သိမြင်တော်မူနှင့်လေသည်။


ထိုခဏ၌ပင် ဝေဠုဝန်ကျောင်းတော်မှ သုံးဂါဝုတ်မျှဝေးကွာသော ပြည်ညောင်ပင်သို့ ကြွတော်မူ၍ ခရီးကြိုဆိုကာ ရောင်ခြည်တော်ခြောက်ဖြာ ထွက်စေကာဖြင့် ထိုင်နေတော်မူနှင့်လေသည်။ ကဿပအရှင်သည် ဘုရားရှင်ကို မြင်လျှင် "ငါ့ဆရာပင်တည်း" ဟု ဆုံးဖြတ်၍ ဘုရားခြေတော်တွင် ဦးခေါင်း တင်ကာ တပည့်ဖြစ်ပါကြောင်းကို လျှောက်ထားလေသည်။ ဘုရားရှင်သည် သံဃာ ပရိသတ်အလယ်၌ မကြာမကြာ တန်းတူထား၍ မြှောက်စားတော်မူလေသည်။



## ၂၉။ ဝေသာလီ၌ ဘေးကြီးဆိုက်နေစဉ် အရှင်အာနန္ဒာ ရတနသုတ်ပရိတ် ရွတ်နေပုံ။

ဝေသာလီပြည်၌ မိုးခေါင်သောကြောင့် ငတ်မွတ်ခြင်းဘေးကြီးဆိုက်၍ လူအများသေကြ၏။ သူသေကောင်တွေ၏အနံ့ ကြောင့် သားရဲဘီလူးတို့ မြို့တွင်းသို့ဝင်လာသဖြင့် သာ၍ အသေများ၏။ ထိုအခါ ပလိပ်ရောဂါကဲ့သို့ ရောဂါတစ်မျိုးဖြစ်ပြန်သဖြင့် သာ၍ အသေများပြန်လေသည်။ ထိုဘေးကြီး ကို ကာကွယ်ဖို့ နည်းလမ်းရှာကြံကြလေရာ ဗုဒ္ဓမြတ်စွာကို ပင့်ဖို့ရန် သဘော တူသော ကြောင့် ရာဇဂြိုဟ်မှ သံဃာတော်များနှင့်တကွ ပင့်ကြလေသည်။


ဗုဒ္ဓမြတ်စွာ၏ လှေဖောင်တော်ကြီးဆိုက်ချိန်မှာပင် မိုးကြီး သည်းထန်စွာ ရွာသောကြောင့် လူသေလောင်းများ မျောပါ သွားသဖြင့် သန့်ရှင်းနေနှင့် လေပြီ။ မြို့တော်တံခါးပေါက်သို့ ရောက်သောအခါ အရှင်အာနန္ဒာသည် ရတနသုတ်ပရိတ်တော်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့ကို ခြံရံစေလျက် သပိတ်တော်မှ ရေကိုဖျန်းကာ ဖျန်းကာ မြို့ရိုးသုံးထပ်အကြား၌ လှည့်ပတ် ရွတ်ဆို လေရာ မကောင်းဆိုးဝါးဟူသမျှ ပြေးကြ၍ ရောဂါအားလုံး ကင်းငြိမ်း ရလေသည်။




## ၃၀။ ဘိက္ခုနီပြုခွင့်တောင်းပန်ရန် မိထွေးတော်ဂေါတမီနှင့်သာကီဝင် အမျိုးသမီးများ စုဝေးနေကြပုံ။

ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် မိထွေးတော် ဂေါတမီသည် သာကီဝင်မျိုး မင်းကတော်ငါးရာနှင့်အတူ ဘုရားအထံတော်သို့ လာ၍ မာတုဂါမတို့အား ဘိက္ခုနီပြုလုပ်ခွင့်ပေးပါရန် တောင်းပန်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် "မတော်ဘူး ဂေါတမီ၊ သာသနာတော်၌ မာတုဂါမများ၏ ရဟန်းပြုခြင်းကို သင် မနှစ်သက်ပါနှင့်" ဟု ပယ်ရှားတော်မူသဖြင့် စိတ်မချမ်းမသာဖြင့် ပြန်သွားရရှာလေသည်။


ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူစဉ် သာကီဝင် မင်းကတော်ငါးရာနှင့်အတူ မိမိတို့ဘာသာ ဆံပင်ရိတ်၍ ဘိက္ခုနီအဝတ်ကိုဆင်လျက် ဘုရားရှင်ထံ လိုက်ကြပြန်ရာ ကျောင်းတိုက်တွင်းသို့ မဝင်ဝံ့သောကြောင့် တံခါးပေါက်၌ ရပ်နေကြလေသည်။ ထိုအခါ အရှင်အာနန္ဒာမြင်၍ ဘုရားထံသွားပြီးလျှင် မာတုဂါမများအား ဘိက္ခုနီပြုခွင့်ပေးပါရန် အတန်တန် တောင်းပန်မှ အခွင့်ရသဖြင့် ဘိက္ခုနီသာသနာ ပေါ်လာလေသည်။



## ၃၁။ အယူဝါဒပြိုင်လာသော သစ္စကပရိဗိုဇ်ကို ဘုရားရှင်ချွတ်တော်မူပုံ။

ဝေသာလီပြည်၌ သစ္စကမည်သော ပရိဗိုဇ်သည် အယူဝါဒအမျိုးမျိုးကိုနားလည်၍ မင်းသားတို့အား အတတ်သင်ပေးနေသောဆရာကြီးတည်း။ သူသည် တိတ္ထိဆရာအမျိုးမျိုးကို နှိမ်ချိုးခဲ့ပေါင်းများလှပြီဖြစ်၍ ဗုဒ္ဓကိုလည်း နှိမ်ချိုးမည်ဟု ကြံစည်နေ၏။ တစ်နေ့သ၌ အရှင်အဿဇိထေရ်နှင့်တွေ့ရာမှ ဗုဒ္ဓ၏ အယူဝါဒကို သိရသဖြင့် ဗုဒ္ဓနှင့်ဝါဒပြိုင်ဖို့ ထွက်လာလေရာ အရှုံးအနိုင်သိလိုသောလူပေါင်းများစွာလည်း ပါလာလေသည်။


ဝါဒစမ်းရာ၌ရုပ်ခန္ဓာသည်အနတ္တ(စီမံနိုင်သောအတ္တမရှိ)ဟူသောဗုဒ္ဓစကားကို "အတ္တ" ဟု ငြင်း၏။ "အတ္တရှိလျှင် ရုပ်ခန္ဓာကို လှအောင်စီမံပါစေသား" ဟု မိန့်တော်မူရာ မလှုပ်နိုင်၍ ငုတ်တုတ်ပေနေလေသည်။ နှစ်ကြိမ်မေးလည်း မလှုပ်ချေ။ ထိုအချိန်မှာ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်၍ ဝရဇိန်လက်နက်ဖြင့် ခြိမ်းခြောက်နေ၏။ ထို့ကြောင့် တတိယအကြိမ်၌ "ရုပ်ခန္ဓာသည် အနတ္တ" ဟု ဝန်ခံရလေသည်။




## ၃၂။ အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတိုက် လှူနေပုံ။

ဗုဒ္ဓမြတ်စွာသည် ပထမဝါကျွတ်၍ ရာဇဂြိုဟ်မြို့သို့ရောက်နေတော်မူစဉ် အနာထပိဏ်သူဌေးသည် ကုန်သည်ရောင်းဝယ် ရေးကိစ္စဖြင့် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ရောက်လာလေရာ ဘုရားရှင် ပွင့်တော်မူကြောင်းကိုကြားရ၍ ညဉ့်ကာလ၌ပင် ဗုဒ္ဓအထံ သွားလိုသော်လည်း အခွင့်မရသဖြင့် ဘုရားကို စိတ်စွဲလျက် အိပ်မပျော်တပျော်ရှိရာဝယ် သူ၏ကိုယ်မှထွက်သောအရောင်ကြောင့် လင်းပြီဟုထင်ကာ ဘုရားထံ လာခဲ့လေသည်။

ဘုရားထံရောက်၍ သောတာပန်တည်ပြီးသောအခါ သာဝတ္ထိသို့ ချက်ချင်းပြန်လာ၍ ကျောင်းတိုက်နေရာကိုရှာလေရာ သွားလမ်းပြန်လမ်းကောင်း၍ မနီးမဝေးလွန်းလှသော လွန်စွာဆိတ်ငြိမ်သော ဇေတမင်းသား၏ ဥယျာဉ်ကို မြေကွက်ရှိသမျှ ငွေကျပ်ချင်း ထိစပ်အောင်ခင်း၍ ဝယ်ယူပြီးလျှင် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးသောအခါ သံဃာတော်များစွာနှင့် ဘုရား ရှင်ကို ရာဇဂြိုဟ်မှပင့်၍ လှူဒါန်းလေသည်။



## ၃၃။ တိတ္ထိဆရာကြီးများကို ဘုရားဟုတ်သလားဟု ကောသလမင်းက မေးနေပုံ။

ဗုဒ္ဓမြတ်စွာမပွင့်မီကပင် တိတ္ထိဆရာကြီးခြောက်ယောက်တို့သည် ဘုရားဟုဝန်ခံလျှက် လူအများကို လှည့်စားဟောပြော ကာ ထိုထိုမြို့ရွာသို့ လှည့်လည်နေကြလေသည်။ ထိုဆရာကြီးတို့သည် သာဝတ္ထိမြို့တော်သို့ ရောက်လာသောအခါ ယုံကြည်နေသော အမတ်ကြီးတို့သည် ကောသလမင်းအား မိမိဆရာ၏ဗုဒ္ဓဖြစ်ကြောင်းကို သံတော်ဦးတင်ကြလေရာ "သင်တို့ကိုယ်တိုင်ပင် သင်တို့၏ ဆရာများကို နန်းတော်သို့ ပင့်ခဲ့ကြပါ" ဟု ပြောဆိုလိုက်လေသည်။

ထို့နောက် နန်းတော်သို့ ရောက်လာကြသောအခါ ဘုရင်၏ ခမ်းနားကြီးကျယ်သောနေရာပေါ် မထိုင်ဝံ့ကြသဖြင့် တချို့ ဆရာကြီးက နန်းကြမ်းပြင်ပေါ်၊ တချို့ဆရာကြီးက ပျဉ်ချပ်အခင်းပေါ်မှာ ထိုင်ကြလေသည်။ ထိုထိုင်ပုံကိုမြင်ရုံမျှဖြင့် ဗုဒ္ဓမဟုတ်နိုင် ဟု ရိပ်မိသော ရှင်ဘုရင်က "အသင်တို့ ဘုရားဟုတ်ကြသလား၊ မဟုတ်ကြဘူးလား" ဟု တိုက်ရိုက်မေးမြန်းလေရာ "ဘုရားမဟုတ် ကြပါ" ဟု ဝန်ခံ၍ အပြစ်ကင်းစွာ နန်းတော်မှ ထွက်လာနိုင်ကြလေသည်။



## ၃၄။ ကောသလမင်းက ဘုရားရှင်အား ဗုဒ္ဓလို့ ဝန်ခံပါသလားဟု မေးနေပုံ။

ဗုဒ္ဓမြတ်စွာသည် အနာထပိဏ်သူဌေး၏ ပင့်လျှောက်ခြင်းဖြင့် သာဝတ္ထိမြို့တော်သို့ ပထမဆုံးရောက်တော်မူ၍ ဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းသည် ဘုရားအထံသို့ ရောက်လာပြီးလျှင် "အရှင်ဂေါတမလည်းမိမိကိုယ်ကိုအလုံးစုံကိုအကုန်သိသောဗုဒ္ဓလို့ဝန်ခံပါလား"ဟုမေးလေလျှင် "ဗုဒ္ဓ-ဗုဒ္ဓ လို့ ခေါ်နေသူသည် ငါဘုရားကိုခေါ်မှ အမှန်အတိုင်းခေါ်ရာရောက်မည်" ဟု မိန့်တော်မူလေသည်။


ထိုအခါ ကောသလမင်းက "ပူရဏကဿပ၊ မာက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋ္ဌပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတကောသလကမ္ဗလ" ဟူသော သက်ကြီးဝါကြီး ဂိုဏ်းဆရာကြီးများသော်မှ ဗုဒ္ဓဟုဝန်မခံကြဘဲနှင့် သက်ငယ်ဝါငယ်ဖြစ်သော ရှင်ဂေါတမက ဗုဒ္ဓလို့ ဝန်မခံသင့်ပါဟုပြောလေရာ, ဗုဒ္ဓက "မင်းမျိုး၊ မီး၊ မြွေ၊ သီလရှိသော ရဟန်း" များကိုငယ်သော်လည်း မလေးမစားမပြုအပ်ဟု ဟောတော်မူလေသည်။

## ၃၅။ နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် ဆုံးမတော်မူပုံ။



နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းအလားကြီးကျယ်ခမ်းနားလှစွာသော စည်းစိမ်ဖြင့် မြင်းမိုရ်တောင်၌နေ၏။ လွန်စွာလည်း ဒေါသကြီး၏။ တစ်နေ့သ၌ကချေသည် နဂါးမအပေါင်း ခြံရံကာ စည်းစိမ်ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုးကြီး ရဟန်း တော်များနှင့်အတူ နဂါးမင်း၏ အထက်ကောင်းကင်မှ တာဝတိံသာသို့ ကြွတော်မူလေသော် နဂါးမင်းသည် ပြင်းထန်စွာ ဒေါသ ဖြစ်၍ မြင့်မိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ်ဖုံးအုပ်ထားလေသည်။


လမ်းခုလတ်သို့ရောက်သောအခါ တာဝတိံသာကို မမြင်ရသဖြင့် နဂါးမင်းဖုံးအုပ်ထားကြောင်းကို သိကြသော ရဟန်းတော် တို့သည် နဂါးကိုဆုံးမရန် ဘုရားရှင်အား ခွင့်တောင်းကြသော်လည်း ခွင့်မရဘဲ အရှင်မောဂ္ဂလာန်တောင်းမှ ခွင့်ရလေသည်။ အရှင်မောဂ္ဂလာန်သည် နဂါးထက်ကြီးသော ကိုယ်ကို ဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ်ဖုံးအုပ်ကာ ဖိ၍ညှပ်ခြင်း စသည်ဖြင့် နွံနာအောင် ဆုံးမပြီးမှ ဘုရားထံ ခေါ်လာ၍ ရတနာသုံးပါးကို ကိုးကွယ်စေလေသည်။



## ၃၆။ မိစ္ဆာအယူရှိနေသော ဗဟာဗြဟ္မာမင်းကို ဘုရားရှင်ချွတ်တော်မူပုံ။

ဗကမည်သော ဗြဟ္မာကြီးသည် ပထမစျာန်ဘုံ၌ ဗြဟ္မာမင်းဖြစ်သူတည်း။ သူသည် အထက်၌ ဗြဟ္မာဘုံများရှိသေးကြောင်း မသိ၍ သူ့ဘုံကိုပင် ထိပ်ဆုံးဟုမှတ်ထင်ကာ သူနှင့်တကွ ဘုံဌာနကိုလည်း "နိစ္စ-အမြဲတည်၏" ဟု ဘုရားရှင်အယူရှိနေ၏။ ဗုဒ္ဓသည် ဗြဟ္မာ ပြည်သို့ကြွတော်မူ၍ ဗြဟ္မာပရိသတ်အလယ်၌ သူ့အား ဤဘုံဌာနထက် သာလွန်သော အထက်ဘုံတွေရှိသေးကြောင်း ဤဘုံ တွင် ဗြဟ္မာတွေပါ မမြဲနိုင်ကြောင်းကို မိန့်တော်မူလေသည်။

ထို့နောက် ဗကဗြဟ္မာကိုပင် "သင်၏ဖြစ်ပုံ သင်၏တန်ခိုးကြီးပုံကို ငါသိသည်။ သင့်ထက် တန်ခိုးကြီးသော အထက်ဗြဟ္မာ မင်းများရှိသေးသည်" ဟု မိန့်တော်မူရာ သူယူထားသမျှ အမှားချည်းဖြစ်နေသောကြောင့် တန်ခိုးပြသည့်အနေဖြင့် "ကိုယ်ဖျောက် ပြမည်" ဟုပြော၍ ကိုယ်ဖျောက်လေလျှင် မပျောက်နိုင်ဘဲဖြစ်နေသောကြောင့် ဘုရားရှင်က ကိုယ်ဖျောက်ပြပြန်ရာ ထိုနေရာမှာပင် ပျောက်သွား၍ တရားဟောတော်မူသည်။



**၃၇။ ဂိလာနရဟန်းအား ဗုဒ္ဓနှင့် ရှင်အာနန္ဒာတို့ပြုစုတော်မူနေကြပုံ။**


ရဟန်းတစ်ပါးသည် ဝမ်းရောဂါဖြစ်နေ၏။ သူက သူများကိုမပြုစုသောကြောင့် သူ့ကိုလည်း ပြုစုမည့်သူမရှိ။ အရှင်အာနန္ဒာ နှင့်အတူ ဗုဒ္ဓမြတ်စွာသည် ကျောင်းတို့ကို လှည့်လည်ကြည့်ရှုတော်မူစဉ် ကျင်ကြီး ကျင်ငယ်ထဲ၌ လျောင်းနေရသော ထိုရဟန်းကို မြင်တော်မူရာ အရှင်အာနန္ဒာကို ရေအယူခိုင်း၍ ဗုဒ္ဓကိုယ်တော်တိုင် ရေလောင်းပေးတော်မူလျက် ရှင်အာနန္ဒာက ပွတ်တိုက်သုတ်သင် ရာ ဂိလာနဝတ္တာရားကို ပြုလုပ်တော်မူကြလေသည်။

ထိုသို့ ဆေးကြောသုတ်သင်၍ သန့်စင်သောအခါ ဗုဒ္ဓမြတ်စွာသည် ဦးခေါင်းမှ ရှင်အာနန္ဒာသည် ခြေရင်းမှကိုင်၍ ညောင်စောင်းပေါ်၌ ချထားပြီးလျှင် ရဟန်းများကို ခေါ်ဆိုတော်မူ၍ "သင်တို့မှာ ပြုစုမည့်မိဘတို့ အနည်းအပါး၌ မရှိကြချေ၊ အချင်းချင်း မပြုကြလျှင် ဘယ်သူပြုမည်နည်း" ဟု အပြစ်တင်တော်မူပြီးမှ "ငါဘုရားကို ပြုစုမည့်အစား မကျန်းမမာသူကိုသာ ပြုစုကြ" ဟု ဩဝါဒပေးတော်မူသည်။



## ၃၈။ အင်္ဂုလိမာလ တောပုန်းဓားပြကို ဗုဒ္ဓမြတ်စွာချွတ်တော်မူပုံ။

အင်္ဂုလိမာလ ဆိုသူကား သာဝတ္ထိပြည် ပရောဟိတအမတ်ကြီး၏သား တက္ကသိုလ်ပညာတော်သင် လုလင်တစ်ယောက် ဖြစ်၏။ သူသည် ဉာဏ်ထက်၍ ဝတ်ကျေသူဖြစ်သောကြောင့် ဆရာကြီးနှင့်ဆရာကတော်ပါ လွန်စွာ အချစ်ခံရသူတည်း။ သို့သော် တခြားကျောင်းသားတို့က ဆရာကြီးအား တိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှားခံရရှာလေသည်။ ထို့ကြောင့် လုလင်ကို သူများ သတ်၍သေစေလိုသောဆရာကြီးသည် "လူတစ်ထောင်ကို သတ်နိုင်မှ ပညာအကျိုးရမည်" ဟု ပြောဆိုစေခိုင်းလေသည်။ သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းဓားပြလုပ်၍ တောသို့လာသူ လူများကို သတ်ကာလူတစ်ယောက်လျှင် လက်တစ်ချောင်းကျဖြတ်၍ ပန်းလိုကုံးထားသောကြောင့်"အင်္ဂုလိ+မာလ"ဟုထင်ရှား၏။တစ်ထောင်ပြည့်ဖို့တစ်ယောက်သောလိုသောနေ့၌ သားကို တောင်းပန်ရန်ထွက်လာသော မိခင်ကိုပင် သတ်စရာမြင်သောကြောင့် တင်ကြို၍ ကြွတော်မူလာသော ဗုဒ္ဓကိုလည်း သတ်ဖို့လိုက် လေသော် ဘုရားရှင်၏ တန်ခိုးကြောင့်မမီနိုင်ဘဲ နောက်ဆုံး၌ တရားနာရ၍ ရဟန်းပြုရှာလေသည်။



## ၃၉။ အင်္ဂုလိမာလသည် သားမဖွားနိုင်သောမိန်းမအား ပရိတ်ရွတ်ပေးနေပုံ။

အင်္ဂုလိမာလသည် ရဟန်းပြု၍ ငြိမ်သက်စွာနေပါသော်လည်း လူအများက ကြောက်ရွံ့နေသောကြောင့် ဆွမ်းမလောင်း ဝံ့ကြ၍ ဆွမ်းအတွက် ဒုက္ခရောက်ရှာလေသည်။ တစ်နေ့သ၌ကား သားမဖွားနိုင်သောမိန်းမကို မြင်ခဲ့၍ အလွန်သနားသဖြင့် ဘုရား အားလျှောက်ထားရာ "ယတောဟံ ဘဂိနိ၊ အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိတေ ဟောတု၊ သောတ္ထိဂဗ္ဘဿ" ဟု ပရိတ်ပေးလေသည်။

ထိုဘုရားရှင်ပေးလိုက်သော ပရိတ်မန္တာန်ကိုကျက်၍ သားမဖွားနိုင်သော မိန်းမထံသို့ ကြွတော်မူပြီးလျှင် မိန်းမကို အကာတွင်း နေစေကာ မိမိက အကာပြင်နားမှာနေ၍ " အို နှမ၊ ငါသည် အရိယာနွယ်ဇာတ် ရဟန်း မြတ်ဖြစ်သည်ကစ၍ သူ့အသက်ကို မသတ်ဘူးပါ။ ထိုသစ္စာကြောင့် သင်ချမ်းသာပါစေ၊ ကိုယ်ဝန်လည်း ချမ်းသာပါစေ" ဟု ပါဠိမန္တာန်အတိုင်း ရွတ်လိုက်ရာ ခဏချင်း ဖွားမြင်လာလေသည်။ ထိုအခါမှစ၍ ဆွမ်းအာဟာရ မှာလည်း မျှတချမ်းသာလေသည်။



## ၄၀။ စိဉ္စမာဏဝိကာ ပရိဗိုဇ်မကလေး ဘုရားကိုစွပ်စွဲနေပုံ။

သာဝတ္ထိမြို့၌ စိဉ္စမာဏဝိကာမည်သော ပရိဗိုဇ်မသည် နတ်သမီးကလေးပမာ လွန်စွာလှ၏။ တိတ္ထိတို့သည် လာဘ်မရ သဖြင့် လာဘ်ပေါသောဗုဒ္ဓကို ချိုးနှိမ်ဖို့ရာ စိဉ္စမာဏကို စွပ်စွဲဖျက်ဆီးခိုင်းကြလေသည်။ စိဉ္စမာဏသည် ကြက်သွေးရောင်ခြုံထည် ကလေးကို ခြုံကာ နေဝင်ကာနီးမှ ဇေတဝန်ကျောင်းသို့ သွားဟန်ဆောင်၍ တိတ္ထိတို့ကျောင်းမှာ အိပ်ပြီးလျှင် နံနက်စောစော မြို့သို့ဝင်ရာ ဇေတဝန်ကျောင်းမှ ပြန်လာဟန်ဆောင်လေသည်။


ဤနည်းအားဖြင့် ညနေတရားနာ၍ပြန်လာသူ နံနက်စောစောဘုရားဖူးသွားသူတို့အား အထင်မှားစေပြီးလျှင် ကိုးလခန့် ကြာသော် သစ်သားဘုကို ဗိုက်မှာကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန်ရှိဟန်ဆောင်လျက် ပရိသတ်အလယ်တွင် တရားဟောတော် မူနေသော ဘုရားအား "မီးနေဆောင်မပြင်ကောင်းလား" ဟု ဆဲဆိုစွပ်စွဲလာသူ စိဉ္စမာဏဝိကာကို နတ်သားတို့ ကြွက်ဟန်ဆောင်လျက် ကိုက်ဖျက် ချမှ အလိမ်ပေါ်၍ ၎င်းအား ရိုက်ပုတ်၍ နှင်ထုတ်လိုက်ကြလေသည်



## ၄၁။ ဗိမ္ဗိသာရမင်း၏ ခေမာမိဖုရားအား တရားဟောတော်မူနေပုံ။

သာဂလပြည် မဒ္ဒရာဇ်မင်း၏ ခေမာမည်ခေါ် သမီးတော်သည် ဗိမ္ဗိသာရမင်းတရား၏ မိဖုရားတစ်ပါးဖြစ်၏။ အလွန်အဆင်း လှသဖြင့် အဆင်းမာန်ယစ်နေရကား ရုပ်အဆင်း၏ အပြစ်ကိုသာ ဟောတော်မူလေ့ရှိသော ဘုရားအထံသို့ သွားလိုစိတ်မရှိချေ။ သို့သော် ဝေဠုဝန် ဥယျာဉ်တော်ကြီး၏ ရှေးကထက် သာယာပုံနှင့် နတ်အများပင် လာရောက်ရှုစားရပုံကိုကြားရ၍ ခေမာမိဖုရားသည်သွားလိုသော ဆန္ဒ ပြင်းပြရကား ဘုရားရှင်ရှိရာ ဝေဠုဝန်သို့ လာခဲ့လေသည်။

မင်းမြတ်ကလည်း ကျောင်းတော်ရောက်လျှင် ဘုရားရှင်မဖူးဘဲ မပြန်ခဲ့စေနှင့်ဟု နောက်လိုက်တို့အား မှာထားလိုက်၏။ ထို့ကြောင့် မင်းအာဏာကြောက်၍ ပြန်ခါနီးမှ ဘုရားထံဝင်လေသော် သူ့ထက်အဆင်းသာအောင် ဖန်ဆင်းထားသော အမျိုးသမီး က ဘုရားအား ယပ်ခတ်နေပုံ၊ တဖြည်းဖြည်းအိုသွားပုံ၊ အိုနာစွဲ၍လဲသွား ညည်းနေပုံ ဖန်ဆင်းပြသဖြင့် အလွန်ထိတ်လန့်နေခိုက် တရားဟောတော်မူလေရာ ခေမာမိဖုရား ရဟန္တာဖြစ်၍ ဘိက္ခုနီပြုလေသည်။



## ၄၂။ ကပိလနှင့် ကောလိယမြို့ စစ်ဖြစ်ခါနီးတွင် ကောင်းကင်မှ ငြိမ်းချမ်းရေးတရားဟောတော်မူပုံ။

ကပိလဝတ္ထုမြို့နှင့် ကောလိယမြို့၏အကြား၌ ရောဟိနီမြစ်ကို မှီ၍ ကောက်စပါးစိုက်ကြ၏။ အခါတစ်ပါး၌ ကောက်ပင် များ ညှိုးနွမ်းသဖြင့် ထို နှစ်မြို့သား လယ်သမားတို့သည် တစ်ကြိမ်ယူရုံမျှဖြင့် ကုန်းခမ်းစရာရှိသော မြစ်ရေကို "သူ့ဘက်ကယူမည်။ ငါ့ဘက်ကယူမည်" ဟု ငြင်းခုန်ရာမှ အစပြု၍ မင်းမျိုးများကို ထိခိုက်ကြုံးဝါးလေရာ စိုက်ပျိုးရေးဝန်ကြီးများနှင့် မင်းကြီး တွေပါ မခံချင်ကြသဖြင့် ရေပြဿနာကို စစ်ဖြင့် ဆုံးဖြတ်ဖို့ရာ ထွက်လာ ကြလေသည်။

ဗုဒ္ဓမြတ်စွာသည် နှစ်ဘက်သော ဆွေတော်အပေါင်း၏ သွေးချောင်း စီးမည့်စစ်ပွဲကို မြင်တော်မူသောကြောင့် တစ်ပါး တည်းကြွတော်မူ၍ နှစ်ဘက်စစ်တပ်၏ အလယ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်။ ထိုအခါ ဗုဒ္ဓကိုမြင်ရသဖြင့် လက်နက် ချ၍ ရှိခိုးနေကြသော ဆွေမျိုး တို့အား အဖိုးမတန်သော ရေကလေးအတွက် အဖိုးမဖြတ်နိုင်သော မင်းတို့၏ အသက်ကို ဖျက်ဆီးကြမလို့လား" ဟု အပြစ်တင်တော်မူကာ ငြိမ်းချမ်းရေး တရားကို ဟောတော်မူလေသည်။



## ၄၃။ သားသေကို ဆေးကုသော ကိသာဂေါတမီအား တရားဟောတော်မူနေပုံ။

သာဝတ္ထိမြို့၌ ကုဋေလေးဆယ်ဥစ္စာကြွယ်ဝသော သူဌေး၏ဇနီး ကိသာဂေါတမီမည်သော အမျိုးသမီးသည် သားဦးရတနာ ရ၍ မတ်တပ် သွားနိုင်သောအရွယ်မှာ သေဆုံးရှာ၏။ သတို့သမီးသည် လူသေကို မတွေ့ဖူးသောကြောင့် သားသေကိုပင် မကျန်း မမာဖြစ်နေသည်ဟုထင်ကာ မီးသင်္ဂြိုဟ်မပေးဘဲ သားအသေကိုပိုက်၍ ဆေးကုနိုင်မည့်သူကိုလိုက်ရှာ နေစဉ် မြော်မြင်တတ်သော လူတစ်ယောက်၏ညွှန်ပြမှုကြောင့် ဗုဒ္ဓထံသို့ ရောက်လာလေသည်။


ထိုအခါ သူ့သားသေကိုပြ၍ ဆေးကုပေးပါဟု တောင်းပန်လေရာ "ဆေး ကုပေးမည်၊ လူမသေဖူးသောအိမ်မှာ မုန်ညင်း စေ့ကိုရှာချေ" ဟု ခိုင်းသဖြင့် သားသေကလေးကိုပိုက်ကာ လိုက်၍ရှာလေသည်။ ထိုသို့ရှာစဉ် လူမသေဖူး သောအိမ်ကို မတွေ့ရ သောကြောင့် "သေခြင်းဆိုတာ ဘယ်အိမ်မှမကင်း ပါလား" ဟု သူ့ဘာသာနားလည်လာ၍ သားသေကို တော၌စွန့်ပစ်ခဲ့ပြီးလျှင် ဘုရားရှင်ထံ တရားနာပြန်ရာ သောတာပန်တည်၍ ဘိက္ခုနီပြုကာ ရဟန္တာ ဖြစ်လေသည်။



## ၄၄။ အာဠဝက နတ်ဘီလူးအား မေတ္တာဖြင့်ဆုံးမ၍ တရားပြတော်မူပုံ။

အာဠဝီမြို့၏အနီး တစ်ဂါဝုတ်ခန့်ဝေးသောအရပ်၌ ညောင်ပင်ကြီး တစ်ပင်ရှိ၏။ ထိုညောင်ပင်၌ အာဠဝကနတ်ဘီလူး၏ ဘုံဗိမာန်ရှိ၏။ တစ်ညဉ့်သ၌ အာဠဝကသည် ဟိမဝန္တာ နတ်အစည်းအဝေးသို့သွား၏။ ထိုအချိန်မှာပင် ဗုဒ္ဓမြတ်စွာသည် အာဠဝက နတ်ကြမ်းကိုဆုံးမဖို့ရာ ဗိမာန် အတွင်းသို့ဝင်တော်မူလေရာ ဘုရားကိုကြည်ညိုနေသော တံခါးစောင့် နတ်သည်“အာဠဝကထံ တိုင်ပါရစေ” ဟု ခွင့်ပန်ကာ အစည်းအဝေးသို့သွား၍တိုင်ကြားလေသည်။


ထိုအချိန်က ဒေါသကိုချုပ်တည်းထားရသော အာဠဝကသည် အခြား နတ်မင်းတို့ထံမှ မိမိဗိမာန်၌ ဗုဒ္ဓရောက်နေကြောင်း ကို ကြားရပြန်သဖြင့် ချက်ချင်းအစည်းအဝေးမှထွက်၍ ကေလာသတောင်ထွတ်သို့ ခုန်တက် ကာ “ငါဟ အာဠဝကတဲ့” ဟု ကြုံးဝါးလေသည်။ ထို့နောက်တစ်ညလုံး လက်နက်မျိုးစုံဖြင့် ပစ်ခတ်သော်လည်း ဗုဒ္ဓ၏မေတ္တာကြောင့် မထိနိုင်မှ အနားသို့ ချဉ်းကပ် လာသော အာဠဝကအား တရားပြ၍ အေးမြစွာ ဆုံးမတော်မူလေသည်။



## ၄၅။ ဗုဒ္ဓဘာသာဝင်ပြီးခါစဖြစ်သော စစ်သူကြီး ဆွမ်းကပ်လှူနေပုံ။

ဝေသာလီပြည်၌ “သီဟ” မည်သော စစ်သူကြီးသည် နိဂဏ္ဌနာဋ္ဋပုတ္တ ဆရာကြီး၏ အရေးပါသောအရာရောက်သော ဒါယကာတစ်ယောက်တည်း။ သူသည် လိစ္ဆဝီမင်း ပရိသတ်၌ ရတနာသုံးပါးဂုဏ်ကို ကြားသိရ၍ ဗုဒ္ဓအထံသို့ သွားလိုကြောင်း သူ့ဆရာကြီးအား ခွင့်တောင်းရာ သွားခွင့်မရချေ။ ဒုတိယအကြိမ်လည်း ထို့အတူပင်တည်း။ တတိယအကြိမ်၌ကား ခွင့်မတောင်း တော့ဘဲ ရထားပေါင်းငါးရာ လူများစွာဖြင့် ဗုဒ္ဓအထံတော်သို့ သွားလေသည်။

အထံတော်ရောက်၍ မေးလျှောက်လိုသမျှ မေးမြန်းရာလွန်စွာကျေနပ်သဖြင့် “ယနေ့မှစ၍ ရတနာသုံးပါးကို အသက်အပ် လျက် ဆည်းကပ်ကိုးကွယ်သောဥပါသကာ”ဟုအသိအမှတ်ပြုတော်မူပါရန်လျှောက်ထားလေသည်။ ထို့နောက် သံဃာများနှင့်အတူ မနက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးကြွတော်မူပါရန် ဖိတ်မန်ခဲ့ပြီးလျှင် မွန်မြတ်သော ဆွမ်းဟင်းလျာတို့ကိုစီစဉ်ကာ အိမ်တော်မှာပင် ကောင်းစွာကြည်ဖြူဆွမ်းကပ်လှူလေသည်။




၄၆။ အဇာတသတ်နှင့်ပူးပေါင်း၍ လာဘ်ပေါများဖို့ရန် ဒေဝဒတ်ကြံပုံ။

ရှင်ဒေဝဒတ်သည် ရဟန်းဖြစ်ခါစ၌ တရားအားထုတ်လေရာ စျာန်အဘိညာဉ်ကိုရ၍ တန်ခိုးကြီးမားသူဖြစ်၏။ ထိုတန်ခိုးကြောင့်ပင် ဘုရားကိုတုပြိုင်ကာ ဘုရားတစ်ဆူ လုပ်ချင်သူလည်းဖြစ်၏။ ဘုရားလုပ်ရာ၌ နောက်လိုက်သံဃာများဖို့ရာနှင့် လာဘ်ပေါများဖို့လည်း အရေးကြီးရကား နောင်ခါရှင်ဘုရင်ဖြစ်ဖို့ သေချာ၍ မလိမ်တမာအရွယ်သာရှိသေးသော အဇာတသတ်မင်းသားကလေးကို မိမိအားကြည်ညို အောင် တန်ခိုးပြ၍ သွေးဆောင်သည်မှာ-

မိမိကိုယ်ကို လူပျိုကလေးယောင်ဖန်ဆင်း၍ မြွေကို ခါးပတ်ကဲ့သို့ ပတ်ပြီးလျှင် အဇာတသတ်၏ ရင်ခွင်၌ ဘွားခနဲပေါ်လာလေရာ မင်းသားကလေး အလွန်ထိတ်လန့်သွားလေသည်။ ထိုအခါ "မကြောက်ပါနဲ့ မင်းသား၊ အရှင်ဒေဝဒတ်ဆိုတာ ငါပါပဲ" ဟုပြော၍ သပိတ်သင်္ကန်း အပြည့်အစုံဖြင့် ရဟန်းအသွင်ပြောင်းကာ မင်းသားရှေ့၌ ရပ်လေသည်။ ထိုတန်ခိုးကြောင့် အလွန်ကြည်ညိုကာ နေ့စဉ်လာ၍ ဆွမ်းအုပ်ငါးရာ လှူဒါန်းသဖြင့် ရည်မှန်းတိုင်း လာဘ်ပေါလေသည်။



## ၄၇။ အဇာတသတ်မင်းသားကလေးက ခမည်းတော်၏ ခြေဖဝါးကို ဓားဖြင့်ခွဲစိုင်းပုံ။

ရှင်ဒေဝဒတ်သည် အဇာတသတ်ရှင်ဘုရင်ဖြစ်လျှင် သူလည်းဘုရား လုပ်နိုင်မည်ထင်သောကြောင့် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို သတ်ဖို့ရန် အကြံပေးလေသည်။ သူ့ဆရာပြောသမျှကိုအကောင်းချည်းဟုယူဆနေသော မင်းသားသည် ခမည်းတော်ကို လုပ်ကြံမည်ဟုအသွားတွင် မင်းမှုထမ်းများက ဖမ်းဆီး၍ ခမည်းတော်ထံ ပို့ကြလေသည်။ ခမည်းတော်က စစ်မေး၍ ဘုရင်လုပ်လိုကြောင်း သိသောအခါ အလိုပြည့်အောင် ဘုရင့်အရာကို လွှဲပေးလေသည်။

ထို့နောက် ခမည်းတော်ကြီးမရှိမှ စိတ်ချရမည်ဟု အရှင်ဒေဝဒတ် ပြော ချက်ကြောင့် တိုက်ရိုက်မသတ်လိုသော အဇာတသတ်မင်းသည် ခမည်းတော် အား အစာပြတ်၍ သေစေလိုသောကြောင့် ထောင်သွင်း၍အကျဉ်းထား လေသည်။ ပထမသော် မယ်တော်မိဖုရားကြီးဝင်ခွင့်ရသောကြောင့် ပွဲတော် တည်ရသော်လည်း နောက်ဆုံး မယ်တော် ဝင်ခွင့်မရတော့သဖြင့် စင်္ကြံကြွ၍ မျှတရှာသော ခမည်းတော်အား လမ်းမသွားနိုင်အောင် ခြေဖဝါးကို ဓားခွဲခိုင်း လေတော့သည်။



## ၄၈။ မိမိကို ခမည်းတော်ချစ်ရဲ့လားဟု မယ်တော်ကြီးကို အဇာတသတ်မင်း မေးနေပုံ။

ဗိမ္ဗိသာရမင်းသည် ခြေဖဝါးကိုဓားခွဲခံရပြီးနောက် မကြာမီပင် စုတေရှာ၏။ ထိုအချိန်မှာပင် အဇာတသတ်မင်း၏ မိဖုရားမှာ သားတော်ဖွားမြင်၏။ မင်းမှုထမ်းတို့သည် ခမည်းတော်ကြီးကွယ်လွန်ကြောင်းနှင့် သားတော်ဖွားမြင်ကြောင်း စာနှစ်ခုကိုယူလာ၍ သားတော်ဖွားမြင်ကြောင်းစာကို ပထမဆက်သလေရာ ရိုးတွင်းချဉ်ဆီ ထွင်းဖောက်၍ သားတော်၌ အချစ်စိတ်ရောက်သွားသဖြင့် ခမည်းတော်ကြီးအပေါ်မှာ ကိုယ်ချင်းစာမိလေသည်။

သို့ဖြစ်၍ “ခမည်းတော်ကြီးကို လွှတ်ကြပါ” ဟု အမိန့်ပေးလေရာ ကွယ်လွန်ကြောင်းစာကို ဆက်သလေသော် လွန်စွာနောင်တရရ၍ မယ်တော်ထံသွားပြီးလျှင် “မိမိဖွားမြင်တုန်းက ခမည်းတော်ကြီးက ချစ်ပါရဲ့လား” ဟု မေးလေသည်။ ထိုအခါ “ဘယ့်နှယ် မေးတာလဲ သားရယ်၊ မောင်ငယ်စဉ်တုန်းက လက်မှာ ခူနာပေါက်လို့ ပါးစပ်နဲ့ငုံထားတုန်း ပြည်ပေါက်တော့ နာမှာစိုးလို့ ထွေး မပစ်ရက်ဘဲ မျိုချရှာတယ်” ဟု ပြောဆိုကာ နှစ်ယောက်စလုံး ငိုကြရှာသည်။



## ၄၉။ ဘုရားနင်းဖို့ရန်လွှတ်လိုက်သော နာဠာဂိရိဆင်ကို ဘုရားရှင်ဆုံးမတော်မူပုံ။

ဒေဝဒတ်သည် ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်းကွယ်လွန်ပြီး၍ ဘုရားကိုသတ်ဖို့ရန် အမျိုးမျိုးကြံပါသော်လည်း အထမမြောက်နိုင်ဘဲ ရှိလေရာ တစ်နေ့သောအခါဝယ် ဆင်ထိန်းတို့ထံသို့သွား၍ "မင်းသိအမှတ်ပြုသော ဆရာတော်များဆိုတာ ရာထူး နိမ့်နေသူကို ရာထူးတိုးမြှင့်အောင် တတ်နိုင်ကြတယ်။ ဒါကြောင့် ငါစေခိုင်းတာကို လုပ်ကြ၊ ရှင်ဂေါတမ ဒီလမ်းလာတဲ့အခါ နာဠာဂိရိဆင်ပြောင်ကို လွှတ်လိုက်ကြ" ဟု စေခိုင်းလေသည်။


နာဠာဂိရိဆင်ကြီးကား အလွန်ကြမ်း၍ လူကို ထိုးသတ်လေ့ရှိ၏။ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်များနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လာသောအခါ ရာထူးတိုးလိုသော ဆင်ထိန်းတို့သည် ဆင်ကြီးကို ဘုရားဆီသို့ လွှတ်ပေးကြလေသည်။ ဘုရား ရှင်လည်း နင်းမည်ဟု ပြေးလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်လျက် တန့်ရပ်တော်မူနေလေသော် ဆင်ကြီးသည် ဗုဒ္ဓရှေ့တော်၌ ငြိမ်သက်စွာရပ်ကာ အဆုံးအမကို နားစိုက်နေလေသည်။



## ၅၀။ အဇာတသတ်မင်းသည် သံဃာတော်များနှင့် ဘုရားရှင်ကို ဖူးမြော်ရန်ထွက်ပုံ။

အဇာတသတ်မင်းသည် ခမည်းတော်ကွယ်လွန်ပြီးနောက် အိပ်စက်၍ မပျော်နိုင်ဘဲ လန့်၍လန့်၍ နိုးလာတတ်လေရာ၊ စိတ်သက်သာမှုရအောင် ဘုရားရှင်ထံသွားလိုပါသော်လည်းခမည်းတော်သတ်မှုကကြီးကျယ်လှသဖြင့် မသွားဝံ့သောကြောင့် တန်ဆောင်မုန်းလပြည့်ညဉ့်အခါဝယ် "ဤကဲ့သို့သာယာသော ညဉ့်အချိန်မှာ ငါ၏စိတ်တော် ကြည်လင်လာအောင် ဘယ်သူ့ထံ ချဉ်းကပ်ရပါ့မလဲ" ဟု မှူးမတ်များအလယ်မှာ ညည်းညူရှာလေသည်။

အမတ်များ၏ အမျိုးမျိုးအကြံပေးကြသော်လည်း လက်မခံဘဲ ဇီဝက ၏အကြံဖြင့် ဘုရားရှင်ထံသွားဖို့ရန် ဆင်မငါးရာကို ကကြိုးတန်ဆာဆင်စေ၍ စစ်သားဟန်ဆောင်ထားသော မိန်းမငါးရာကို စီးစေလျက် မီးရှူးတိုင်များကို ညှိထွန်းစေကာ မြို့တော်မှ ထွက်လာခဲ့လေသည်။ ဇီဝက၏ သရက်ဥယျာဉ်သို့ ရောက်လတ်သော်အလွန်ငြိမ်သက်သော သံဃာတော်တစ်ထောင်ကျော်နှင့် ဗုဒ္ဓကို ဖူးမြင်လိုက်ရလျှင်ပင် ကြည်လင်ရွှင်ပြလာလေသည်။



## ၅၁။ ပါယာသိဘုရင်ခံအား နောက်လောကရှိကြောင်းကို ရှင်ကုမာရကဿပ ပြောပြနေပုံ။

ပါယာသိ ဘုရင်ခံသည် နောက်ဘဝမရှိ ဥပပတ်ပဋိသန္ဓေနေသော နတ်ပြိတ္တာနှင့်ငရဲဆိုတာမရှိ။ ကောင်းမှု၊ မကောင်းမှုများ၏ အကျိုးလည်း မရှိဟု အယူမှားနေသောမင်းတည်း။ သူ၏အယူအားဖြင့် "လူတစ်ယောက်သေလျှင် နောက်ထပ်၍မဖြစ်"ဟုဆိုလို၏။ အရှင်ကုမာရကဿပ ကား အဟောအပြောကောင်း ရဟန္တာတစ်ပါးတည်း။ ပါယာသိမင်းသည် ပရိသတ်များစွာနှင့်အတူ အရှင်ကဿပထံလာရောက်၍ သူ၏ဝါဒကို ပြောပြလေသည်။

အရှင်ကုမာရကဿပသည် လနှင့်နေကို ညွှန်ပြ၍ "ထို လ၊နေတို့သည် ဤလူလောကထဲမှာလား၊ တခြား လောကထဲမှာလား၊ လ၊ နေမှာရှိသော သတ္တဝါတို့သည် လူတွေလား၊ နတ်တွေလား"ဟု မေးတော်မူသည်။ ထိုအခါ လူ့လောကထဲမှာ ပါဝင်သည်ဟုလည်းကောင်း၊ လူတွေပဲဟုလည်းကောင်း မပြောနိုင်ဘဲ "တခြားလောကထဲမှာပါ၊ နတ်တွေပါ" ဟုပြောရလေသည်။ ဤသို့စသည်ဖြင့် ဆက်၍မေးခွန်းထုတ်ကာ မိစ္ဆာအယူကို ချေချွတ်တော်မူ လေသည်။



## ၅၂။ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်ဝယ်ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံ။

၃၅နှစ်အရွယ် ဘုရားဖြစ်၍ ၄၅ဝါကာလကြာအောင် တရားတော်ကို ဟောပြလျက်သက်တော် ရှစ်ဆယ်ပြည့်သောအခါ၌ ဗုဒ္ဓမြတ်စွာသည် ဝမ်းတော်လားသောရောဂါဖြင့် ကုသိနာရုံပြည်အင်ကြင်းဥယျာဉ်တော်ဝယ် နှစ်သွယ်သော အင်ကြင်းပင်တို့အလယ် ညောင်စောင်းငယ်၌ မြောက်ဘက်သို့ ဦးခေါင်းပြုကာ လျောင်းတော်မူနေ၏။ လူနတ်ဗြဟ္မာနှင့် သံဃာတော်အများလည်း အနီးအပါးမှ ငြိမ်သက်စွာခစားဖူးမြော်နေကြလေသည်။


ဗုဒ္ဓမြတ်စွာသည် အားတော်လွန်စွာနည်းလျက်ပင် ဩဝါဒစကား မိန့်ကြားတော်မူနေသေး၏။ တစ်ညလုံး ဩဝါဒပေးတော်မူပြီး၍ အရုဏ်တက်ခါနီးသော် "အကြောင်းရှိ၍ ဖြစ်ရသော(သင်္ခါရ)ဟူသမျှ ပျက်ခြင်းသဘော ရှိကြ၏။ သတိတရားဖြင့် အကျင့်သိက္ခာကို ပြည့်စုံစေရစ်ကြ" ဟု နောက်ဆုံးဩဝါဒကို ပေးတော်မူပြီး၍ ဈာန်ဝင်စားလျက်ငြိမ်သက်တော်မူနေရာမှ စိတ်တော်အစဉ်ရပ်စဲကာ ပရိနိဗ္ဗာန်စံတော်မူလေရာ ကမ္ဘာမြေကြီးလည်း တုန်ဟည်းရှာလေသည်။



## ၅၃။ ရှစ်ပြည်ထောင်မင်းတို့အားဒေါဏပါမောက္ခကြီး ဓာတ်တော်ဝေနေပုံ။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူခါနီး၌ နောင်လာနောက်သားတို့ ကိုးကွယ်ရစ်ကြဖို့ရာ၊ "အရိုးတော်ဓာတ်များသည် အစိတ်စိတ်ဖြစ်ရစ်စေသတည်း"ဟု မိန့်ဒ္ဓာန်တော်မူခဲ့သည်။ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို ကြားရသော အဇာတသတ်စသောမင်းတို့သည် ဓာတ်တော်များကို အနုနည်းမရလျှင် အကြမ်းယူကြဖို့ရာ စစ်တပ်ကိုယ်စီဖြင့် ထွက်လာကြ၏။ ဒေါဏပုဏ္ဏားသည် ထိုမင်းများ၏ ဆရာဖြစ်ဖူးသော သူတော်ကောင်းပါမောက္ခကြီးတည်း။


ထိုဆရာကြီးသည် ဓာတ်တော်လုဖို့ရန် ဆူညံနေကြစဉ် မြင့်သောအရပ်သို့တက်၍ ကြုံးဝါးလိုက်ရာ ဆူညံသံ တိတ်သွားလေသည်။ ထိုအခါ "ဆရာ့စကားကို နားထောင်ကြ၊ ငါတို့ဗုဒ္ဓသည်သည်းခံခြင်းကို ဟောတော်မူလေ့ ရှိပါတယ်" စသောစကားကို ပြောဆိုလေသည်။ ထို့နောက် ရှစ်ပြည်ထောင်မင်းများ ကျေနပ်ကြသဖြင့် ဆရာကြီး ကိုယ်တိုင် ရှစ်ပုံဝေပေးလိုက်ရာ စေတီတော်စသည်တွင်းသို့ ထည့်သွင်းကိုးကွယ်ကြလေသည်။



## ၅၄။ ရဟန္တာငါးရာနှင့်အတူ အရှင်မဟာကဿပ သင်္ဂါယနာတင်တော်မူပုံ။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ခုနစ်ရက်ကြာသောအခါ အရှင်မဟာကဿပသည် ရဟန်း ငါးရာဖြင့် ပါဝါပြည်မှ ကုသိနာရုံသို့ ကြွလာစဉ် ခရီးအကြားနားနေတုန်းမှာ ဘုရားပရိနိဗ္ဗာန်စံတော်မူကြောင်း ကြားရ၍ ရဟန်းကလေးများ ငိုကြလေသည်။ သုဘဒ္ဒမည်သော တောထွက်ကြီးကား "ငါ့ရှင်တို့ မငိုကြပါနှင့်၊ ရဟန်းဂေါတမ၏ အချုပ်ချယ်ကို ခံခဲ့ရလှုပြီ၊ ယခု သူ့လက်မှလွတ်ကြပြီ"ဟု ဝမ်းသာအားရ ပြောလေသည်။

ထိုစကားကိုကြား၍ အရှင်မြတ်ကြီးမှာ အနာဂတ်သာသနာအတွက် စိတ်မချသံဝေဂဖြစ်တော်မူခြင်းဖြင့် အောင့်အည်းသည်းခံခဲ့ရလေသည်။ ထို့နောက် ဓာတ်တော်များ ဝေခြမ်းပြီး၍ သံဃာများအလယ်တွင် ဗုဒ္ဓ တရားတော်များကို သဘောတူပေါင်းစု၍ သင်္ဂါယနာ တင်မထားလျှင် သုဘဒ္ဒလိုလူစားတွေ ဖျက်ဆီးဖွယ် ရှိကြောင်း ပြောပြလျက် အဇာတသတ်မင်း အကူအညီဖြင့် ရဟန္တာငါးရာနှင့်အတူ သင်္ဂါယနာတင်တော်မူသည်။



## ၅၅။ ရဟန်းအချို့ ငွေအလှူခံသောကြောင့် အရှင်ယသထေရ်ဒုတိယသင်္ဂါယနာတင်ရန် ကြိုးစားနေပုံ။

ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တစ်ရာလောက်ကြာသော အခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ရဟန်းတို့နှင့် မအပ်မရာသော အမှုတို့ကိုပြုကျင့်ကြကုန်၏။ ဥပုသ်နေ့၌လာသမျှ လူတို့ထံတစ်ပဲ၊ တစ်မူးကစ၍ ငွေအလှူခံကြကုန်၏။ ထိုအခါ အရှင်ယသက ရဟန်းမှာ ငွေနှင့်မအပ်စပ်ကြောင်းပြော၏။ ထိုပြောသည့်အတွက် လူများ၏သဒ္ဓါတရားကို ဖျက်သည်ဟုဆိုကာ လူများကိုတောင်းပန်ရသော ဝိနည်းကံ တစ်မျိုးကို ပြုကြလေသည်။


အရှင်ယသသည် လူတို့ထံသွား၍ ဘုရားတရားတော်အတိုင်း ရှင်းလင်းပြောပြသောအခါ လူများသည် တရားမှန်ကိုသိကြသဖြင့် ငွေအလှူခံသူတို့ကို မကြည်ညိုကြတော့ချေ။ အရှင်ယသလည်း တန်ခိုးကြီးမားသော ရဟန္တာကြီးများထံ ချဉ်းကပ်၍ ထိုအမှုကို ဆုံးဖြတ်ပါရန် လျှောက်ထားလေရာ ရဟန်းများနှင့် မအပ်စပ်ကြောင်း ဆုံးဖြတ်တော်မူကြလေသည်။ ထို့နောက် ရဟန္တာခုနစ်ရာကိုရွေးချယ်လျက် ဒုတိယသင်္ဂါယနာ တင်တော် မူကြလေသည်။

## ၅၆။ နိဂြောဓသာမဏေကလေးကို ရာဇပလ္လင်တင်၍ သီရိဓမ္မာသောကမင်း ဆွမ်းကပ်နေပုံ။



သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင် မဖြစ်မီတုန်းက ပုဏ္ဏားတို့အား အမြဲထမင်းကျွေးလေ့ ရှိ၏။ တစ်နေ့သ၌ တည်ငြိမ်သန့်ရှင်းမှု မရှိဘဲ စားသောက်နေကြပုံကို မြင်၍ "ဤမျှလောက်ကြီးကျယ်သော ဒါနကို သင့်တော်သည့် နေရာ၌သာ ပေးလှူသင့်သည်"ဟု စဉ်းစားမိ၏။ ကာလ အတော်ကြာသော် နန်းတော်မြေပြင် လူသွားလမ်းပေါ်၌ ဟိုဟို သည်သည် မကြည့်ဘဲ ဣန္ဒြေရရ ကြွသွားနေသော နိဂြောဓသာမဏေကို တွေ့မြင်ရလေသည်။


ထိုသို့ မြင်ရရုံဖြင့် အလွန်ကျေနပ်ရကား အမြန်ပင့်ခေါ်စေ၍ သင့်တော်သောနေရာ၌ ထိုင်ပါဟုပြောလျှင် ထီးဖြူစိုက်သော ရာဇပလ္လင်သို့တက်၍ ထိုင်လေသည်။ ပွဲတော်ဆွမ်းဟင်းများကို ဆက်ကပ်ပြီးသောအခါ" သားတော်တို့ဆရာ ပေးလေ့ရှိသော ဩဝါဒတရားကို ဟောစမ်းပါ"ဟု တောင်းပန်ရာ "အရာရာ၌ သတိထားခြင်းသည် မသေဖို့အကြောင်း၊ မေ့လျော့ခြင်းကား သေရဖို့အကြောင်း"ဟု နာရ၍ သာသနာပြုမင်း ဖြစ်သွားလေသည်။



## ၅၇။ မောဂ္ဂလိပုတ္တတိဿထေရ် အမှူးထား၍ တတိယသင်္ဂါယနာ တင်တော်မူကြပုံ။

သီရိဓမ္မာသောကမင်းသည် ဗုဒ္ဓသာသနာတော်၏ အဆီအနှစ်ကို ကောင်းစွာသိသောအခါ သာသနာတော်ကို လွန်စွာထောက်ပံ့၍ တိုင်းသူ ပြည်သားများကို တရားတော်လိုက်နာအောင် အရပ်ရပ်၌ တရား ကျောက်တိုင်များကို စိုက်ထူကာ နိုင်ငံတော် သာယာကျယ်ပြန့်စေလေ သည်။ ထိုအခါ တိတ္ထိတစ်စုသည် အစားအသောက် ကျပ်တည်း မှုကြောင့် မိမိတို့ဘာသာ သင်္ကန်းဝတ်ကြပြီးလျှင် ရဟန်းယောင်ဆောင်ကာ မိစ္ဆာအယူများကို ဟောပြလေသည်။


ထိုအခါ ရဟန်းကောင်းတို့သည် ထိုရဟန်းတုများနှင့် မပေါင်း သင်းနိုင်ကြသောကြောင့် သံဃကိစ္စတို့၌ အနှောင့်အယှက်ဖြစ်နေရကား မင်းတရားကြီးသည် သာသနာသန့်ရှင်းစေရန် မောဂ္ဂလိပုတ္တတိဿ မထေရ်နှင့် တိုင်ပင်ရလေသည်။ ထို့နောက် မိစ္ဆာအယူရှိသူတို့ကို မင်းကြီးကိုယ်တိုင် လူထွက်ခိုင်းကာ သာသနာတော် သန့်ရှင်း စေပြီးမှ အရှင်မောဂ္ဂလိပုတ္တတိဿ အမှူးထား၍ တစ်ထောင်သော ရဟန္တာ အရှင်မြတ်တို့ တတိယသင်္ဂါယနာ တင်တော်မူကြလေသည်။



## ၅၈။ ဒုဋ္ဌဂါမဏိမင်း စစ်ချီရာသို့ သံဃာတော်များကို ပင့်သွားပုံ။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိအဘယမင်းသည် သာသနာကို လွန်စွာ စောင့်ရှောက်သော သာသနာပြု မင်းတည်း။ ထိုမင်းသည် တစ်နေ့သ၌ သာသနာတော်၏ အနှောင့်အယှက်ဖြစ်သော ကျည်းမင်းတို့ကို စစ်တိုက် ထွက်ခါနီးဝယ် ကျောင်းတိုက်သို့သွား၍ ဆရာတော်ကြီးများကို လျှောက် သည်မှာ ဒကာတော်သည် သာသနာတော် ထွန်းပစိမ့်သောငှာ ဂင်္ဂါမြစ်တစ် ဖက်သို့ သွားရပါမည်၊ ရဟန်းတော်များကို မပြတ်ဖူးမြော်ဖို့ရာ လိုက် ပါစေလိုပါသည်။


ထိုအခါ ဆရာတော်ကြီးများသည် အရွယ်ကောင်းသော ရဟန်းငါးရာ ကို ထည့်လိုက်ကြ၏။ မင်းတရားသည် ရဟန်းများကို ဆွမ်းဆေးစသည် လှူဒါန်းဖူးမြော်ရင်း သာသနာသန့်ရှင်းဖို့ကိစ္စကို ဆောင်ရွက်ရှာလေသည်။ ထိုမင်းကား မိမိစွဲကိုင်သော လှံဖျား၌ ဘုရားဓာတ်တော်ကို ထာပနာ ထား၏။ သူ၏ဆောင်ပုဒ်စကားမှာ "ငါချမ်းသာဖို့ မဟုတ်ပါ၊ သာသနာ တည်တံ့ဖို့ ဤမျှလောက် ကြိုးစားနေပါသည်"ဟူ၏။



## ၅၉။ ဝဋ္ဋဂါမဏိမင်း လက်ထက်၌ ပိဋကတ်တော်များကို ပေထက်အက္ခရာ တင်တော်မူနေပုံ။

ဘုရားလက်ထက်တော်မှစ၍ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်တိုင်အောင် ဗုဒ္ဓ၏တရား ပိဋကတ်တော်များကို ရဟန်းတော်အဆက်ဆက်တို့ အရကျက်၍ နှုတ်တက်ဆောင်တော်မူခဲ့ကြပေသည်။ ဝဋ္ဋဂါမဏိမင်း လက်ထက်၌ကား ဗြာဟ္မဏတိဿ သူပုန်ထမှုမှစ၍ မိစ္ဆာမင်းတို့ နှောင့်ယှက်နေခြင်းကြောင့် ဆွမ်းအာဟာရ မမျှတသဖြင့် နှုတ်ရကျက်ပြီး သောစာကို မပျောက်ပျက်အောင် ခဲယဉ်းစွာ ဆောင်ကြရလေသည်။

ထို့ကြောင့် နောင်သောအခါ ရဟန်းတော်များသည် နှုတ်ရမဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်သွားမည်ကို စိုးရိမ်တော်မူရကား ဝဋ္ဋဂါမဏိမင်း၏ အကူအညီကိုရယူ၍ ရဟန်းတော်များသည် ပိဋကတ်တရားတော်များကို ပေရွက်ပေါ်၌ရေး၍ စတုတ္ထသင်္ဂါယနာတင်တော်မူခဲ့ကြရပေသည်။ ထိုသို့ ပေရွက် အထက်၌ စာလုံးအက္ခရာ ရေးတင်မှုကို အကြောင်းပြုကာ "ပေထက် အက္ခရာတင်"ဟု ခေါ်ဝေါ်ကြလေသည်။




## ၆၀။ ပုဂံပြည် အနော်ရထာမင်းစော ပိဋကတ်တော်များ ပင့်ဆောင်တော်မူပုံ။

ပုဂံပြည် အနော်ရထာမင်းစောသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ သထုံပြည်မှ ပိဋကတ်တော်များကို ပင့်ဆောင်တော်မူပြီးသောအခါ သရေခေတ္တရာပြည်ရှိ ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုတော် စေတီမှ ဘုရားသခင်၏ နဖူးသင်းကျစ်တော်ဓာတ်ကို ပုဂံပြည်သို့ ပင့်ဆောင်တော်မူသည်။ ပုဂံပြည်သို့ရောက်သော် ပုဂံမြို့အနီး၊ ဧရာဝတီမြစ်ကမ်းပါး၊ သဲစည်းခုံတွင် စေတီတည်တော်မူ၍ သင်းကျစ်တော်ကို ဌာပနာတော်မူသည်။ ပစ္စယာသုံးဆင့်ကိုရောက်သောအခါ သီဟိုဠ်ကျွန်းမှ စွယ်တော်ပွားတစ်ဆူကို ပင့်ဆောင်ပြန်၍ ဤစေတီ၌ပင် ဌာပနာတော်မူပြန်သည်။ စေတီမပြီးခင် အနော်ရထာမင်းစော နတ်ပြည်စံတော်မူလေသည်။ ထို့နောက်ကျန်စစ်သားမင်းကြီး နန်းတက်သောအခါ ရှင်အရဟံ တိုက်တွန်းသောကြောင့် စေတီတော်ကို ဆက်လက်တည်တော်မူသည်။ သဲစည်းခုံတွင် တည်သည်ဖြစ်၍ ရွှေစည်းခုံစေတီဟု ထင်ရှားသည်။ သက္ကရာဇ် ၃၉၃ခုတွင် အနော်ရထာမင်းစောစ၍တည်သည်။ ၄၅၂ခုတွင် ကျန်စစ်သားမင်းကြီး ဆက်လက်တည်တော်မူ၍ ရွှေထီးအထွတ် တင်လှူတော်မူသည်။



## ၆၁။ ပုဂံမြို့၊ အာနန္ဒာဘုရား။

တစ်ရံရောတစ်ခါ ရဟန္တာရှစ်ပါးတို့သည် ပုဂံပြည်ထီးလိုင်ရှင် ကျန်စစ်သားမင်းကြီး၏ နန်းတော်၌ ဆွမ်းရပ်လာ၏။ မင်းကြီးလည်း သပိတ်ကို ယူတော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူပြီးသော် အဘယ်အရပ်က ကြွတော်မူ ကြပါသနည်းဟူ၍ မေးတော်မူ၏။ ရဟန္တာမြတ်တို့လည်း ဂန္ဓမာဒနတောင်မှ ကြွလာကြကြောင်းကို ပြန်မိန့်တော်မူ၏။ ထီးလိုင်ရှင် မင်းကြီးလည်း အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ရဟန္တာတို့အား ဝါဆို ကျောင်းဆောက်လုပ်လှူဒါန်းတော် မူ၏။ နန်းတော်သို့ပင့်၍လည်း ဝါတွင်း သုံးလပတ်လုံးဆွမ်းမပြတ်လုပ်ကျွေးတော်မူ၏။ တစ်နေ့သောအခါ ရဟန္တာ မြတ်တို့အား ဂန္ဓမာဒနတောင်၌ နန္ဒမူလိုဏ်ကဲ့သို့ သဏ္ဌာန်တူစွာ တန်ခိုး တော်ဖြင့် ပြုတော်မူပါဟူ၍ တောင်းပန်တော် မူ၏။ ရဟန္တာမြတ်တို့ ကလည်း ထိုနှင့်တူစွာ တန်ခိုးဖြင့် ဖြစ်စေ၏။ ထီးလိုင်ရှင်မင်းကြီးလည်း ထိုနန္ဒမူလိုဏ်သဏ္ဍာန် ဂူကြီးစွာ တည်တော်မူ၍ နန္ဒဟူသောအမည်ကို သမုတ်တော်မူ၏။ ယခုအခါ အာနန္ဒာဘုရားဟုတွင်သည်။ ဘုရားတည် သော သက္ကရာဇ်မှာ ရွှေ၊ ပွင့်၊ ကြာ၊ နန္ဒာစိန္တေတည်ဟူသော သင်္ကေတအရ သက္ကရာဇ် ၄၅၂ခု ဖြစ်သည်။ အာနန္ဒာဘုရားကား အကောင်းဆုံးသော မြန်မာဗိသုကာ လက်ရာဖြစ်သည်ဟု ကမ္ဘာပေါ်တွင် ထင်ရှားပေသည်။



## ၆၂။ ရန်ကုန်မြို့၊ ရွှေတိဂုံစေတီ။

ရှေးသရောအခါ ဥက္ကလာပမြို့မှ တပုဿနှင့် ဘလ္လိကအမည်ရှိသော ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားသခင် ပေးသနားတော်မူအပ်ကုန်သော ဆံတော်မြတ်တို့ကို မဇ္ဈိမဒေသမှ ပင့်ဆောင်ခဲ့ကြ၍ သင်္ဂုတ္တရကုန်းတော် ရှေးဘုရားသုံးဆူတို့၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာ ရွှေကညင်ပင်ရင်း၌ ဌာပနာကာ စေတီတည်ကြသည်။ ဤစေတီ၌ သန်-ဂုံ-ပ-မ ဟူသော ဘုရားလေးဆူတို့၏ ဓာတ်တော်မွေတော်များ စုပေါင်းကိန်းဝပ်တော်မူကြသဖြင့် လေးဆူဓာတ်ပုံဟု ဖွဲ့ဆိုကြသည်။ တိဂုမ္ဘနာဂရခေါ် တိဂုံမြို့ကိုစွဲ၍ ရွှေတိဂုံစေတီဟု တွင်သည်။ ဤစေတီကို မွန်မင်းအဆက်ဆက်၊ မြန်မာမင်း အဆက်ဆက်တို့ ဆက်လက်ပြုပြင် မွမ်းမံကြရာ ယခုအခြေသို့ ရောက်ခဲ့သည်။ အထူးသဖြင့်ကား ဟံသာဝတီဘုရင်မကြီး ရှင်စောပုသည် အရွယ်တော်ကြီးရင့်သောအခါ ထီးနန်း စည်းစိမ်ကိုစွန့်ခဲ့၍ စေတီတော်၏ အနောက်မြောက်ဘက် သာယာသောမြေအရပ်၌ မြို့နန်းတည်ကာ စေတီတော်ကို မပြတ်ဖူးမြော်လျက် စံနေတော်မူသည်။ သက္ကရာဇ် ၈၃၁ခုနှစ်၊ သက်တော် ၇၆တွင် ဘုရင်မရှင်စောပုသည် စေတီတော်ကို ဦးခိုက်၍ ကံကုန်တော်မူရှာသည်။ ဘုရင်မကြီး စံတော်မူရာ မြို့နန်းနေရာကို ယနေ့တိုင် ရှင်စောပု မြို့ကုန်းဟု ခေါ်ကြသည်။



## ၆၃။ ပဲခူးမြို့၊ ကလျာဏီသိမ်။

ရှေးအခါက ရာမညတိုင်းနှင့် မြန်မာပြည်တွင် သံဃာတို့သည် ဂိုဏ်းအသီးသီးကွဲ၍ အယူအမျိုးမျိုးယူ ကြကုန်၏။ ဘုရားရှင်သာသနာတော်သည် ညစ်နွမ်းခဲ့၏။ ထိုအခါ ဟံသာဝတီဘုရင် ရာဇဓိပတိဘွဲ့မည်ရှိသော ဓမ္မစေတီမင်းတရားသည် သာသနာတော်မြတ် သန့်ရှင်းစင်ကြယ်ရာအကြောင်းကို ရှေ့ရှု၍ သက္ကရာဇ် ၈၃၇ ခုနှစ်၌ ရဟန်းတော် လေးဆယ့်လေးပါးတို့ကို သီဟိုဠ်ကျွန်းသို့ ပို့ဆောင်ပြီးသော် ကလျာဏီမြစ်အတွင်း ရေသိမ်၌ ဥပသမ္ပဒကံ ပဋ္ဌင်းသစ်ခံယူစေသည်။ ထိုရဟန်းတော်များ ပြန်ကြွလာသောအခါ ဟံသာဝတီပဲခူးပြည်၌ သိမ်အသစ်သမုတ်စေ၍ စင်ကြယ်သော သာသနာတော်သစ်ကို ပြုစုတော်မူသည်။ ထိုသိမ်တော်သစ်ကို သီဟိုဠ်ကျွန်းရှိ ကလျာဏီမြစ်ကိုစွဲ၍ ကလျာဏီသိမ်တော်ကြီးဟု တွင်စေသည်။ သာသနာဝင်နှင့်တကွ သိမ်တော်ကြီးသမိုင်းကို မွန်ဘာသာ၊ ပါဠိဘာသာတို့ဖြင့် ကျောက်ထက်အက္ခရာတင်ထားသည်မှာ ယနေ့တိုင်ထင်ရှားတည်ရှိပေသေးသည်။



## ၆၄။ မင်းတုန်းမင်းတရားကြီး ပိဋကတ်တော်များကို ကျောက်ထက်အက္ခရာတင်ပုံ။

မန္တလေးမြို့နန်းကို တည်ထောင်တော်မူသော မင်းတုန်းမင်းတရား သည် သာသနာတော်ကို လွန်စွာချီးမြှောက်တော်မူ၏။ ပိဋကတ် တတ်ကျွမ်းသည်ဟု ထင်ရှားသော ဆရာတော်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ ပစ္စည်းလေးပါးကိုလည်း ထောက်ပံ့လှူရှိ၏။ မြို့တော်၏ အရှေ့ပြင်၌ ကျောင်းတိုက်ကြီးများကို တည်ဆောက်၍ များစွာသော သံဃာတော်များ သီတင်းသုံးဖို့ရာ တိုက်တာအာရမ်ပြုလုပ်လှူဒါန်း၏။

ထိုမျှလောက် သာသနာပြုရသော်လည်း တင်းတိမ်အားရခြင်း မရှိသေးရကား ဘွဲ့တံဆိပ်တော်ရဆရာ တော်များတွင် သာ၍ကျော်ကြား ထင်ရှားသော ဆရာတော်ကြီးများကို ကြပ်မက်စေလျက် ဗုဒ္ဓမြတ်စွာ၏ ပိဋကတ် တော်များကို ကျောက်ပြားပေါ်၌ ထွင်းစေကာ ကျောက်ထက် အက္ခရာတင်တော်မူ၏။ ထိုသို့ကျောက်ထက်အက္ခရာ တင်မှုကို အကြောင်း ပြုကာ ယခုအခါ၌ "ပဥ္စမ သင်္ဂါယနာတင်မင်းတရား" ဟု ထင်ရှားလေသည်။



## ၆၅။ ရှေးမြန်မာမင်းများလက်ထက်၌ အလှူဒါနဖြင့်ပျော်ရွှင်ကာ ပဒေသာပင် လှည့်လည်ပုံ။

ရှေးမြန်မာမင်းများလက်ထက်၌ မင်းတို့သည် တရားစောင့်သော မင်းကောင်းများဖြစ်၍ မှူးမတ်တို့လည်း အများအားဖြင့် တရားစောင့်ကြကုန်၏။ ထိုမှူးမတ်တို့၏ လက်အောက်အမှုထမ်းများလည်း မတရားမှုကို မပြုကြရကုန်။ တိုင်းသူပြည်သား လူများတို့တရားစောင့်ကြရာ၊ အလွန်မကြာသေးသော ထိုအချိန်အခါ၌ မိုးတို့သည် မှန်ကန်၏။ ကုန်းခေါင်ခေါင်လယ်များ၌ပင် အောင်မြင်စွာ လယ်လုပ်နိုင်ကြကုန်၏။

နိုင်ငံခြားမှ အဝတ်နှင့် စားကုန်သောက်ကုန် အလှကုန်များလည်း ယခုလိုမဝင်လာသောကြောင့် နိုင်ငံခြားသို့ ငွေမထွက်ချေ။ ဆီ၊ ဆန်၊ စပါးတို့မှာ မကုန်နိုင်အောင် ပေါများခဲ့လေ၏။ လူတို့သည် သူခိုးဓားပြဘေးမှ ကင်းဝေးကာ ချမ်းသာပျော်မွေ့ကြသော ကြောင့် ဘုရားပွဲ စသော အလှူဒါနအခန်းတို့ဝယ် တိုင်းရင်းဖြစ် မုန့်ပဲ၊ ငှက်ပျော၊ အုန်း စသည်တို့ကို ပဒေသာပင်ဆွဲ၍ ပျော်ပွဲ တစ်ခုအနေဖြင့် လှည့်လည်တတ်ကြပေသည်။

တာဝန်ခံထုတ်ဝေသူ


ဦးသောင်းဝင်း
အထွေထွေအတွင်းရေးမှူး
YMBA အသင်း
အမှတ် (၇၇)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၂၉၀ ၄၀၉
(၀၁) ၂၉၁ ၃၄၇
(၀၁) ၂၉၉ ၇၁၄


# "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"

( ၁ - ၈ - ၂၀၁၃)

ရုပ်စုံဗုဒ္ဓသာသနာ၀င်

ရန်ကင်းတောင်စာစဉ်(၂၈)

# ဓမ္မကျောင်းတော်

## *Dhamma School*

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ



ရင်သွေးငယ်များအတွက်

## မြတ်ဗုဒ္ဓ၏ အောင်ခြင်း (၈)ပါး မြတ်တရား

## ရောင်စုံခြယ်သ ပုံပြ သင်ခန်းစာ (၃)

ဓမ္မကျောင်းတော် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ် သင်တန်းဌာန ရန်ကင်းတောရ သပြေပင် နေပြည်တော်မှ စီစဉ်ပါသည်။

## ၁။ မာရ်နတ်သားကို အောင်တော်မူခြင်း

လက်ရုံးတစ်ထောင် အသွင်ဆန်းနှင့်၊ ဆင်ကြမ်းကိုတည့် စီးလို့ပါ၊
မာရ်နတ် ဘုရင် ပလ္လင်လုဖို့၊ သေနင်ထုနှင့် တိုက်ခိုက်တာ။
ပါရမီတွေ သက်သေပြလို့၊ ဝသုန်မြေထု ညွှန်ပြရာ၊
မာရ်စစ်တွေဟာ ကျေကာ ပျက်လို့၊ ဟိုထွက် သည်ထွက် ပြေးရှာ။
နဘံလွှမ်းမိုး ဖြန်းဖြန်းကျိုး၊ ပန်းမိုးချလို့ရှာ၊
အဲဒါက ဘဂဝါအရဟာ၊ ပထမအောင်စဉ်ပါ။

## ၂။ အာဠာဝကဘီလူးကို အောင်တော်မူခြင်း

ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမာရထက် ကြမ်းတမ်းစွာ၊
လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။
ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနှင့် ချေပရာ၊
လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစည်း ပန်းဆုပ် ခြေသုတ်ပမာ။
အာဠာဝက မာန်စွယ်ကျ ဦးချဝပ်တွားလာ၊
အဲဒါက ဘဂဝါသုဂတ၊ ဒုတိယ အောင်စဉ်ပါ။

## ၃။ စိဉ္စမာဏ မိန်းမယုတ်ကို အောင်မြင်တော်မူခြင်း

ပျဉ်ချပ်တွေကို ခံချွေပြုလို့၊ သန္ဓေအတုနှင့် စိဉ္စမာ၊
အရှက်ကွဲရုံ ဂုဏ်တော်ဖြုတ်ဖို့၊ သမုတ်စွပ်စွဲလူထဲမှာ။
ငြိမ်းအေးမေတ္တာ ဓာတ်တရားကြောင့် နတ်သိကြားတို့ မနေသာ၊
ပျဉ်ကြိုးဖြေကာ ခြေကိုဖြတ်လို့၊ မြေမျိုပြာပ်တော့ ငရဲမှာ၊
ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ တိုးလို့ တက်လို့လာ။
အဲဒါက ဘဂဝါယှဉ်မရ၊ ပဉ္စမအောင်စဉ်ပါ။

## ၄။ နာဠာဂိရိဆင်ကို ဆုံးမအောင်မြင်တော်မူခြင်း

နာဠာဂိရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ ခိုင်းတဲ့ခါ၊
ေလာင်မီးစံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဖို့ သတ်ဖို့ အတင်းလာ။
ဓာတ်ဗြဟ္မစိုရ် လှစ်ခါနိုး၊ မေတ္တာမိုးနှင့် သွန်းလိုက်တာ၊
နှာမောင်းလေးကို ကွေးကာကုပ်လို့၊ ဒူးတုပ်ဝပ်တွား ညွှတ်သွားရှာ။
တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီး ငြိမ်သက်လာ၊
အဲဒါက ဘဂဝါ ဇိန၊ တတိယအောင်စဉ်ပါ။

## ၅။ အင်္ဂုလိမာလကို အောင်တော်မူခြင်း

သန်လျက်ကို ရမ်းကာဝှေ့လို့ လမ်းလာသရွေ့ သတ်ဖြတ်ကာ၊
လက်ချောင်းတွေကို သီကာတွဲလို့ လည်မှာဆွဲတဲ့ လူကြမ်းဟာ။
ဘုရားရှင်ကို လမ်းဝယ် တွေ့တော့၊ ဖမ်းမယ်ဟော့လို့ ပြေးလိုက်ရာ၊
တန်ခိုးတော်ဘိညာဉ် ထင်စွာပြမှ၊ အင်္ဂုလိမာလ ညွတ်တွားလာ။
တရားရေအေး အမြိုက်ဆေး၊ တိုက်ကျွေးကျွတ်စေတာ၊
အဲ့ဒါက ဘဂဝါနုတ္တရ၊ စတုတ္ထအောင်စဉ်ပါ။

## ၆။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း

ဝါဒချင်းပြိုင် နိုင်မလားလို့ ဘုရားကိုတဲ့ အံတုလာ၊
အယူတစ်ထောင် ဆောင်ကာမိုက်တဲ့၊ ပရိဗိုဇ်ကြွ သစ္စကာ။
မိမိကိုယ်ဟာ အတ္တလားလို့ မြတ်စွာဘုရား မေးတဲ့အခါ၊
မသိတွေမိုင် ဖြေနိုင်ဘဲမို့ ခွေယိုင်လဲလို့ ရှုံးရတာ။
တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျှိုးနေရရှာ၊
အဲ့ဒါက ဘဂဝါ မြတ်လျှာ၊ ဆဋ္ဌအောင်စဉ်ပါ။

## ၇။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူခြင်း

နန္ဒောပနန် မျက်မာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ၊
မြင်းမိုရ်တောင်ကို ခွေပတ်ပြီးတော့ ကတ်သီးကတ်သတ် ရန်ပြုတာ။
ဘုရားသခင် မယှဉ်သောက်တော့ ရှင်မောဂ္ဂလာန်နှင့် ပြိုင်စေရာ၊
လက်ဝဲတော်ရဲ့ ဈာန်ဂုဏ်တန်ခိုးနှင့်၊ မာန်ဟုန်ချိုးလို့ ဆုံးမတာ။
နတ်နဂါးမင်း ခြေတော်ရင်း၊ ဝပ်စင်းခယလာ၊
အဲ့ဒါက ဘဂဝါမြတ်လျှာ၊ သတ္တမအောင်စဉ်ပါ။

## ၈။ ဗကဗြဟ္မာကို အောင်မြင်တော်မူခြင်း

ဗကဆိုသူ မှုတစ်မျိုးနှင့်၊ အယူဆိုးတဲ့ မိုးဗြဟ္မာ၊
အနိစ္စကို နိစ္စပဲလို့ စိတ်ကစွဲလို့ လွဲခဲ့တာ။
တို့ဘုရားရှင် လျင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်ဓမ္မ၊
တန်ခိုးချင်းတောင် တူသလားလို့၊ လူဘုရားက ပြတဲ့ခါ။
မိုးဗြဟ္မာကြီး မာန်ကွာပြီး၊ ရှုံးကြီး ရှုံးရရှာ၊
အဲ့ဒါက ဘဂဝါမြတ်လျှာ၊ အဋ္ဌမအောင်စဉ်ပါ။

# ဓမ္မကျောင်းတော်

## Dhamma School

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ



ရင်သွေးငယ်များအတွက်

## မြတ်ဗုဒ္ဓ၏ အောင်ခြင်း (၈)ပါး မြတ်တရား

## ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ (၃)

ပုံပါမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက်

ဓမ္မကျောင်းတော် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာ အပိုင်း(၂)အဝါရောင်စာအုပ် စာမျက်နှာ(၅၁)မှ စာမျက်နှာ (၆၂)အထိ အောင်ခြင်းရှစ်ပါး သင်ခန်းစာများကို ဦးစွာ CCA နည်းဖြင့် ကလေးများကို သင်ကြားရပါမည်။ ထို့နောက် ပုံကို ဆေးခြယ်စေကာ မေးခွန်းများကို အလွတ်ဖြေကြားစေသင့်ပါသည်။

---


### ပုံနှိပ်မှတ်တမ်း

**အဖုံးနှင့်အတွင်းပုံနှိပ်**
ရွှေနိုင်ငံ (၀၅၇၄၅)
အမှတ်(၉၀)စီ၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
**ထုတ်ဝေသူ**
ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃)

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ် (၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ)
**အုပ်ရေ**
၁၀,၀၀၀ အုပ်
**တန်ဖိုး**
၂၅၀ ကျပ်

**ဖြန့်ချိရေး - ရန်ကင်းတောင်စာစဉ်**
နေပြည်တော် ဖုန်း-၀၉-၈၃၀၄၄၄၆၊ ၀၉-၄၃၀၇၅၇၀၄၊ ၀၉-၄၂၀၇၁၂၇၅၈၊
ရန်ကုန် ဖုန်း-၀၉-၅၁၇၀ ၉၇၉၊ ၀၉-၇၃၀ ၇၀၇၈၁၊ ၀၁-၆၄၅ ၈၉၄
သစ္စာမေတ္တာရှိုင်ပိဋကတစာပေ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)
ဖုန်း -၀၉-၇၃၀ ၉၆၈၉၈၊ ၀၁-၃၈၇၈၄၉

# ၁ မာရ်နတ်သားကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ ဘုရားအလောင်း ထိုင်တော်မူသော ပလ္လင်၏ အမည်ကို ဖော်ပြပါ။

________________________

________________________

၂။ မာရ်နတ် စီးလာသည့် ဆင်၏ အမည်ကို ဖော်ပြပါ။

________________________

________________________

၃။ မာရ်နတ်စစ်သည်တို့ မည်သည့် လက်နက်များကို ကိုင်စွဲလာကြသနည်း ?

________________________

________________________

၄။ အလောင်းတော်မင်းသား မည်သည့် တရားကို နှလုံးသွင်း ဆင်ခြင်သနည်း ?

________________________

________________________

၅။ မာရ်နတ်သည် မည်သို့ ထွက်ပြေးသနည်း ?

________________________

________________________



# ၂ အင်္ဂုလိမာလဘီလူးကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အင်္ဂုလိမာလ စိုးပိုင်ရသောအပင်၏ အမည်ကို ဖော်ပြပါ။

____________________

____________________

၂။ နောက်နှစ်မည်မျှအကြာတွင် အင်္ဂုလိ ပြည့်ရှင်ဘုရင်၏ သားတော်ကို ဘီလူး ကျွေးရန် ဖြစ်လာခဲ့သနည်း ?

____________________

____________________

၃။ အင်္ဂုလိပြည့်ရှင်၏ သားတော်ဆက်သ ရမည့်နေ့တွင် ဘီလူး၏ဗိမာန်အတွင်း မည်သူဝင်ထိုင်သနည်း ?

____________________

____________________

၄။ အင်္ဂုလိမာလဘီလူးက ဘုရားရှင်အား လက်နက် ဘယ်နှစ်မျိုးဖြင့် တိုက်ခိုက် သနည်း ?

____________________

____________________


၅။ ပစ်လွှတ်သော လက်နက်များ ဘုရားရှင်အား ထိခိုက်ပါသလား ?

____________________

____________________



# ၃ နာဠာဂီရိဆင်ကို ဆုံးမအောင်တော်မူခြင်း



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ နာဠာဂီရိဆင်သည် မည်သည့်ဘုရင်၏ ဆင်ဖြစ်သနည်း ?

______________________

______________________

၂။ မြတ်စွာဘုရားကို နင်းသတ်ရန် နာဠာဂီရိ ဆင်ကို မည်သည့်အရာကို တိုက်ကျွေး ထားသနည်း ?

______________________

______________________

၃။ ဆင်ကြမ်းကြီးသည် မြတ်စွာဘုရားထံ မရောက်မီ မည်သူ့ထံ လိုက်ပါသနည်း ?

______________________

______________________

၄။ ဆင်ကြမ်းကြီး အခြားသူထံမသွားဘဲ မိမိထံနင်းသတ်ရန်လာဟု ဘုရားရှင်က မည်သည့်အသံတော်ဖြင့် ခေါ်သနည်း ?

______________________

______________________

၅။ ဆင်ကြမ်းကြီးသည် ဘုရားရှင်တန်ခိုး ကြောင့် မည်သို့ဖြစ်သနည်း ?

______________________

______________________

# ၄ စိဉ္စမာဏ မိန်းမယုတ်ကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ မြတ်စွာဘုရားနှင့် သံဃာတော်များ မကောင်းသတင်းဖြစ်စေရန် တိတ္ထိတို့က မည်သူ့ကို အသုံးပြုခဲ့သနည်း ?

____________________

____________________

၂။ စိဉ္စမာဏက မြတ်စွာဘုရားအား မည်သို့ စွပ်စွဲရန် ပြင်ဆင်ခဲ့ပါသနည်း ?

____________________

____________________

၃။ မည်သို့ စွပ်စွဲခဲ့ပါသနည်း ?

____________________

____________________

၄။ စိဉ္စမာဏက ဘုရားရှင်ကို မည်သည့် အရပ်တွင် စွပ်စွဲခဲ့ပါသနည်း ?


____________________

____________________

၅။ စိဉ္စမာဏသည် ဘုရားကို အမှားစွပ်စွဲသဖြင့် မည်သို့အပြစ်ခံရသနည်း ?

____________________

____________________



# ၅ အင်္ဂုလိမာလကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အင်္ဂုလိမာလ၏ ဖခင်အမည်ကို ဖော်ပြပါ။

______________________

______________________

၂။ အင်္ဂုလိမာလ၏ အမည်ရင်းမှာ မည်သူ ဖြစ်သနည်း ?

______________________

______________________

၃။ အင်္ဂုလိမာလအကြောင်း မည်သူ့ထံ ကုန်းချောစကား တိုင်ကြားသနည်း ?

______________________

______________________

၄။ အင်္ဂုလိမာလအား မည်သူက လက်ညှိုး ဖြတ်ခိုင်းသနည်း ?

______________________

______________________

၅။ ဘုရားနှင့်မတွေ့မီ အင်္ဂုလိမာလ နောက် ဆုံးလိုအပ်သော လက်ညှိုးဖြတ်ရန် လိုက်ခံရသူမှာ မည်သူနည်း ?

______________________

______________________



# ၆ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ သစ္စကပရိဗိုဇ်သည် မည်သည့်တိုင်းပြည်၌ နေသနည်း ?

______________________

______________________

၂။ သစ္စကပရိဗိုဇ်သည် မည်သည့်အရာကို တတ်ကျွမ်းလိမ္မာသနည်း ?

______________________

______________________

၃။ ဘုရားရှင်နှင့် အယူဝါဒမပြိုင်မီ မည်သူ့ထံ ကြိုတင်စုံစမ်းခဲ့သနည်း ?

______________________

______________________

၄။ ထိုစဉ်က မြတ်စွာဘုရားရှင်သည် မည်သည့်ကျောင်းတော်၌ သီတင်းသုံးခဲ့သနည်း ?


______________________

______________________

၅။ သစ္စကပရိဗိုဇ်က မည်သူတို့ကို ခေါ်ခဲ့သနည်း ?

______________________

______________________



# ၇ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူခြင်း

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ နန္ဒောပနန္ဒနဂါးမင်းသည် မည်သည့် ပွဲသဘင်ကို မည်သို့ကျင်းပနေသနည်း?

________________________

________________________

၂။ မြတ်စွာဘုရားသည် ရဟန်းမည်မျှနှင့် ကြွသနည်း?

________________________

________________________

၃။ မြတ်စွာဘုရားသည် မည်သည့်နတ်ပြည်သို့ ကြွချီတော်မူသနည်း?

________________________

________________________

၄။ နန္ဒောပနန္ဒနဂါးအား ဆုံးမရန် မြတ်စွာဘုရားက မည်သူ့ကို တာဝန်ပေးသနည်း?

________________________

________________________

၅။ နဂါးမင်းသည် မာန်လျှော့၍ မည်သည့် အသွင် ဖန်ဆင်းကာ ဘုရားရှင်ထံ ဦးခိုက်သနည်း?

________________________

________________________



# ၈ ဗကပြဟ္မာကို အောင်တော်မူခြင်း



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ ပြဟ္မာ၏အမည်ကို ရေးပြပါ။

______________________

______________________

၂။ ထိုအချိန်က မြတ်စွာဘုရားရှင်သည် မည်သည့်မြို့တွင် သီတင်းသုံးနေပါသနည်း?

______________________

______________________

၃။ ဗကပြဟ္မာကို ကယ်ချွတ်ရန် ဘုရားရှင်သည် မည်သည့်အရပ်သို့ ကြွတော်မူခဲ့သနည်း?

______________________

______________________

၄။ ဗက၏ အယူမှားကြောင်း ဘုရားရှင်က မည်သူတို့ရှေ့မှောက်တွင် ပြောဆို အပြစ်ပြ အယူစွန့်စေသနည်း?

______________________

______________________

၅။ ဗကပြဟ္မာက အယူမစွန့်မီဘုရားရှင်ကို နိုင်ခဲ့ပါသလား?

______________________

______________________

# ဓမ္မကျောင်းတော် ဆရာ၊ ဆရာမအတွက် ဤဆေးရောင်ခြယ် စာအုပ်အသုံးပြုနည်း

ကလေးများ တစ်ဦးချင်း၏လက်ဝယ် ဆေးရောင်စုံခဲတံ ရှိရပါမည်။ ရောင်စုံခြယ်စာအုပ်ပေါ်တွင် ကလေးများ၏ အမည်၊ အတန်းကို ဦးစွာရေးခိုင်းပါ။ မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးကိုပြသောပုံ (၈)ပုံ ပါရှိပါသည်၊ တနင်္ဂနွေတစ်ပတ်လျှင် တစ်ပုဒ် နားလည်မှတ်မိအောင် CCA နည်းဖြင့် သင်ကြားရမည်။ သင်ကြားပြီးနောက် သရုပ်ဖော်ပုံတွင် ကလေးများကို ဆေးရောင်ခြယ်ခြင်း သင်ခန်းစာကို စတင် ဆေးခြယ်စေရပါမည်၊ ကွက်လပ်များတွင်လည်း အဖြေများ ဖြည့်ခိုင်းရပါမည်။ ဆေးရောင်ခြယ်ပြီးသောအခါ စာအုပ်များကို ပြန်လည်စုစည်း၍ မိမိတို့ကျောင်းတွင် သိမ်းဆည်းရပါမည်။ (၈)ပတ်ပြည့်သောအခါ အောင်ခြင်း (၈)ပုံ ဆေးခြယ်ပြီး၊ ကွက်လပ်လည်း ဖြည့်ပြီး ဖြစ်ပါမည်။

ဆေးခြယ်ပြီး မေးခွန်းဖြေကြားထားသည့် စာအုပ်များကို ဆရာ၊ ဆရာမအားလုံး အဖွဲ့ဖြင့် စည်းဝေးတိုင်ပင်ကာ အဖြေမှန်ခြင်း၊ ဆေးခြယ်သမှုသဘာဝကျခြင်း၊ တီထွင်ဆန်းသစ်မှု အားကောင်းခြင်း စသည်တို့ပေါ်မူတည်၍ အမှတ်ပေးစည်းမျဉ်းတစ်ခု ရေးဆွဲကာ အမှတ်ပေးရပါမည်။ ထူးချွန်သူများကို ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု စသည်ဖြင့် အဆင့်များ သတ်မှတ်ကာ မိမိတို့ဒေသအားလျော်စွာ တနင်္ဂနွေဓမ္မကျောင်းတော်၌ ကျင်းပလေ့ရှိသည့် သင့်လျော်သော အခမ်းအနားတွင် ဆုချီးမြှင့် ဂုဏ်ပြုကာ ကလေးငယ်တို့၏ ကြိုးစားမှုကို အသိအမှတ်ပြုပေးရပါမည်။ ဆုကို ငွေသားမပေးဘဲ ကလေးများသာမက မိဘများအတွက်ပါ ဘာသာရေးနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းနိုင်မည့် စာအုပ်များ (သို့မဟုတ်) ပစ္စည်းများသာ ဖြစ်သင့်ပါသည်။

**ဓမ္မကျောင်းတော် အခြေခံပုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ်သင်တန်းဌာန ရန်ကင်းတောရ၊ သပြေပင်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်။**

**၁ မာရ်နတ်သားကို အောင်တော်မူခြင်း**

(၁) အပရာဇိတပလ္လင်
(၂) ဂိရိမေခလာ
(၃) ကြောက်မက်ဖွယ်လက်နက်မျိုးစုံ
(၄) ပါရမီ(၁၀)ပါးတရား
(၅) ဦးတည်ရာသို့ ထွက်ပြေး၍

**၂ အာဠာဝကဘီလူးကို အောင်တော်မူခြင်း**

(၁) ပဒေသာပင်
(၂) ၁၂-နှစ်အကြာတွင်
(၃) ဗုဒ္ဓမြတ်စွာဘုရားရှင်
(၄) လက်နက် ၉-မျိုး
(၅) လုံးဝမထိခိုက်ပါ

**၃ နာဠာဂိရိဆင်ကို ဆုံးမအောင်မြင်တော်မူခြင်း**

(၁) အဇာတသတ်မင်း၏ဆင်
(၂) အရက်အမျိုးမျိုး
(၃) သားသည်မိခင်တစ်ယောက်
(၄) မြတ်ဗုဒ္ဓမင်း၏ အသံတော်ဖြင့်
(၅) အရက်မူးပြေသွားသည်

**၄ စိဉ္စမာဏ မိန်းမယုတ်ကိုအောင်မြင်တော်မူခြင်း**

(၁) စိဉ္စမာဏဝိကာ
(၂) ကိုယ်ဝန်အရင့်အမာရှိဟန်ပြင်ဆင်သည်
(၃) ဘုရားရှင်နှင့်ရသော ကိုယ်ဝန်ဟု စွပ်စွဲသည်
(၄) ဇေတဝန်ကျောင်းပရိသတ်ဗိုလ်ပုံအလယ်၌
(၅) မြေမျိုခြင်းခံရပါသည်

**၅ အင်္ဂုလိမာလကို အောင်တော်မူခြင်း**

(၁) အန္တကပုဏ္ဏား
(၂) အဟိံသက
(၃) ဒိသာပါမောက္ခဆရာကြီး
(၄) ဒိသာပါမောက္ခဆရာကြီးက
(၅) အင်္ဂုလိမာလ၏ မိခင်ပုဏ္ဏေးမကြီး

**၆ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း**

(၁) ဝေသာလီပြည်
(၂) အယူဝါဒတစ်ထောင်
(၃) အရှင်အဿဇိ
(၄) ကူဋာဂါရကျောင်း
(၅) လိစ္ဆဝီမင်းငါးရာ

**၇ နန္ဒောပနန္ဒ နဂါးမင်းကိုအောင်မြင်တော်မူခြင်း**

(၁) သေရည်ပွဲသဘင်
(၂) ရဟန်းငါးရာခြံရံလျက် ကြွချီပါသည်
(၃) တာဝတိံသာနတ်ပြည်
(၄) အရှင်မောဂ္ဂလာန်မထေရ်
(၅) လုလင်ငယ်အသွင်

**၈ ဗကဗြဟ္မာကို အောင်မြင်တော်မူခြင်း**

(၁) ဗကဗြဟ္မာ
(၂) ဥက္ကဋ္ဌမြို့
(၃) ဗြဟ္မာပြည်
(၄) ဗြဟ္မာများစွာ၏ရှေ့တွင်
(၅) ရှုံးခဲ့ပါသည်

# ရင်သွေးငယ်များအတွက် မြတ်ဗုဒ္ဓ၏ အောင်ခြင်း(၈)ပါး မြတ်တရား



## ပုံဆွဲပန်းချီ သင်ခန်းစာ

ဆေးခြယ်ကြပါစို့ ကလေးတို့ရေ . . .















# ကလေးတို့ရေ သာသနာ့အလံတော်ကို ဆေးရောင်ခြယ်ကြစို့နော်...

| | | | | | |
|---|---|---|---|---|---|
| | | | | | နီလ (Brown) ညိုသောရောင်ခြည် |
| | | | | | ပီတ (Golden Hue) ရွှေသောရောင်ခြည် |
| | | | | | လောဟိတ (Red) နီသောရောင်ခြည် |
| | | | | | ဩဒါတ (White) ဖြူသောရောင်ခြည် |
| အပြာရင့်ရောင် | အဝါရင့်ရောင် | အနီရောင် | အဖြူရောင် | အနီရင့်ရောင် | မဉ္ဇိဋ္ဌ (Dark Bed) ညိုမောင်းသောရောင်ခြည် |

| | | | | | |
|---|---|---|---|---|---|
| | | | | | နီလ (Brown) ညိုသောရောင်ခြည် |
| | | | | | ပီတ (Golden Hue) ရွှေသောရောင်ခြည် |
| | | | | | လောဟိတ (Red) နီသောရောင်ခြည် |
| | | | | | ဩဒါတ (White) ဖြူသောရောင်ခြည် |
| အပြာရင့်ရောင် | အဝါရင့်ရောင် | အနီရောင် | အဖြူရောင် | အနီရင့်ရောင် | မဉ္ဇိဋ္ဌ (Dark Bed) ညိုမောင်းသောရောင်ခြည် |

| | | | | | |
|---|---|---|---|---|---|
| | | | | | နီလ (Brown) ညိုသောရောင်ခြည် |
| | | | | | ပီတ (Golden Hue) ရွှေသောရောင်ခြည် |
| | | | | | လောဟိတ (Red) နီသောရောင်ခြည် |
| | | | | | ဩဒါတ (White) ဖြူသောရောင်ခြည် |
| အပြာရင့်ရောင် | အဝါရင့်ရောင် | အနီရောင် | အဖြူရောင် | အနီရင့်ရောင် | မဉ္ဇိဋ္ဌ (Dark Bed) ညိုမောင်းသောရောင်ခြည် |

| | | | | | |
|---|---|---|---|---|---|
| | | | | | နီလ (Brown) ညိုသောရောင်ခြည် |
| | | | | | ပီတ (Golden Hue) ရွှေသောရောင်ခြည် |
| | | | | | လောဟိတ (Red) နီသောရောင်ခြည် |
| | | | | | ဩဒါတ (White) ဖြူသောရောင်ခြည် |
| အပြာရင့်ရောင် | အဝါရင့်ရောင် | အနီရောင် | အဖြူရောင် | အနီရင့်ရောင် | မဉ္ဇိဋ္ဌ (Dark Bed) ညိုမောင်းသောရောင်ခြည် |

- ❑ ပဘဿရ (Shining. Bery Bright) ပြိုးပြက်သောရောင်ခြည်၊ ငါးသွယ်ပေါင်းရောင်ခြည် ဖြစ်ပါသည်။
- ❑ မြတ်ဗုဒ္ဓ၏ ရုပ်ထုတော်နှင့် ရုပ်ပုံပန်းချီကားများ၏ ဦးခေါင်းတော်ပတ်လည်ပါရှိသည့် ရောင်ခြည်စက်ဝန်းပါဝင် သာသနာ့အလံတို့သည် ထိုရောင်ခြည်တော် ခြောက်သွယ်ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။

ရန်ကင်းတောင်စာစဉ်(၂၇)

http://www.dhammadownload.com

# ဓမ္မကျောင်းတော်

## Dhamma School

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ



ရင်သွေးငယ်များအတွက်

## မြတ်ဘုရားသော်မှ ရှောင်လွှဲမရခဲ့သည့် ဝဋ်တော် (၁၂)ပါး

## ဆေးရောင်ခြယ်သ ပုံဆွဲ သင်ခန်းစာ (၂)

ဓမ္မကျောင်းတော် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ် သင်တန်းဌာန ရန်ကင်းတောရ သပြေပင် နေပြည်တော်မှ စီစဉ်ပါသည်။

# ပိဋကတ်တော် (၁၂)ပါး မှတ်ဖွယ်လင်္ကာ

၁။ ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာ၊ ကျင့်ရှာဘယ်ပိဋက်။
ကဿပမည်တွင်၊ ဘုရားရှင်၊ ပြစ်တင် ဝိနီတွက်။
၂။ စိဉ္စမာဏ ကိုယ်ဝန်ပြ၊ စွဲရာ ဘယ်ပိဋက်။
ရှင်ပစ္စေကာ၊ ကျင့်ယုတ်မာ၊ စွဲရ ဝိနီတွက်။
၃။ သုန္ဒရီ ပရိဗိုဇ်မ၊ စွပ်စွဲရ၊ ရှေးက ဘယ်ပိဋက်။
ရှင်ပစ္စေက၊ ဒုဿီလ၊ ပြောထ ဝိနီတွက်။
၄။ သုန္ဒရီသေ၊ တိတ္ထိတွေ၊ စွဲလေ ဘယ်ပိဋက်။
ရှင်ရသေ့အား၊ ကျင့်ဖောက်ပြား၊ ပြောကြား ဝိနီတွက်။
၅။ ဘုရားခြေမ၊ ကျောက်မှန်ကျ၊ ရှေးကဘယ်ပိဋက်။
ညီငယ်ပျိုနု၊ အမွေလု၊ ကျောက်ထုသတ်သည့်တွက်။
၆။ လူသတ်လေးသမား၊ စေလွှတ်ငြား၊ ဘုရားဘယ်ပိဋက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတွင် ခဲပစ်ချက်။

*Dhamma School*

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ



ရင်သွေးငယ်များအတွက်

# မြတ်ဘုရားသော်မှ ရှောင်လွှဲမရခဲ့သည့် ဝဋ်တော်(၁၂)ပါး

## ရောင်စုံခြယ်သ ပုံဆွဲ သင်ခန်းစာ (၂)

ပုံပါမေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက်

ဓမ္မကျောင်းတော် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာ အပိုင်း(၂)အဝါရောင်စာအုပ်မှ စာမျက်နှာ(၆၂)မှ စာမျက်နှာ (၇၀)အထိ ဝဋ်တော်(၁၂)ပါး သင်ခန်းစာများကို ဦးစွာ CCA နည်းဖြင့် ကလေးများကို သင်ကြားရပါမည်။ ထို့နောက် ပုံကို ဆေးခြယ်စေကာ မေးခွန်းများကို အလွတ်ဖြေကြားစေသင့်ပါသည်။

---


**ပုံနှိပ်မှတ်တမ်း**

**အဖုံးနှင့်အတွင်းပုံနှိပ်**
ရွှေနိုင်ငံ (၀၅၇၄၅)
အမှတ်(၉၀)စီ၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
**ထုတ်ဝေသူ**
ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃)

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ် (၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ)
**အုပ်ရေ**
၁၀,၀၀၀ အုပ်
**တန်ဖိုး**
၂၅၀ ကျပ်

**ဖြန့်ချိရေး – ရန်ကင်းတောင်စာစဉ်**
**နေပြည်တော်** ဖုန်း-၀၉-၈၃၀၄၄၄၆၊ ၀၉-၄၃၀၇၅၇၀၄၊ ၀၉-၄၂၀၇၁၂၇၅၈၊
**ရန်ကုန်** ဖုန်း-၀၉-၅၁၇၀ ၉၇၉၊ ၀၉-၇၃၀ ၇၀၇၈၁၊ ၀၁-၆၄၅ ၈၉၄
**သစ္စာမဂ္ဂလာနိုင်ငံပိဋကစာပေ (ရွှေတိဂုံဘုရားတောင်ဖက်မုခ်)**
ဖုန်း –၀၉-၇၃၀ ၉၆၈၉၈၊ ၀၁-၃၈၇၈၄၉

# ၁ ပထမဝင့်တော်

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ ပြစ်မှားခဲ့သည် ပုဏ္ဏားလုလင်ငယ်၏ အမည်ကို ဖော်ပြပါ။

______________________

၂။ မည်သူ့ကို ပစ်မှားခဲ့သနည်း။

______________________

၃။ ကိုယ်ကာယဖြင့် ပြစ်မှားခဲ့သလော? နှုတ်ဝစီဖြင့် ပစ်မှားခဲ့သလော?

______________________

______________________

၄။ ပြစ်မှားမှုကြောင့် ဂေါတမဘုရားရှင် ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့သနည်း?

______________________

______________________


၅။ ပထမဝင့်တော်ကို မှတ်ဖွယ် လက်ာဖြင့် ရေးပါ။

______________________

______________________

______________________

______________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း


၁။ မည်သူ့ကို ပြစ်မှားခဲ့ပါသနည်း ?

၂။ မည်သို့ ပြစ်မှားခဲ့သနည်း ?

၃။ ပြစ်မှားမှုကြောင့် ငရဲ၌ မည်မျှကြာ ခံရသနည်း ?

၄။ ပြစ်မှားမှုကြောင့် ဂေါတမဘုရားရှင် ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့သနည်း?

၅။ ဒုတိယဝင့်တော်ကို မှတ်ဖွယ် လက်ာဖြင့် ရေးပါ။



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော် အရက်သမား၏ အမည်ကို ဖော်ပြပါ။

___

___

၂။ မည်သူကို ပြစ်မှားခဲ့သနည်း။

___

___

၃။ ပြစ်မှားမှုကြောင့် ငရဲ၌ မည်မျှကြာ ခံခဲ့ရသနည်း။

___

___

၄။ ပြစ်မှားမှုကြောင့် ဂေါတမဘုရားရှင်ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့သနည်း?

___

___


၅။ တတိယဝင့်တော်ကို မှတ်ဖွယ် လင်္ကာဖြင့် ဖြေပါ။

___

___

___

___



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ ပြစ်မှားသည့် ပုဏ္ဏားသည် မည်သည့် ပညာကို တတ်သနည်း?

______________________

______________________

၂။ ပြစ်မှားသည့် ပုဏ္ဏား၏ တပည့်အရေ အတွက်ကို ဖော်ပြပါ။

______________________

၃။ မည်သူ့ကို ပြစ်မှားခဲ့သနည်း?

______________________

၄။ မည်သို့ ပြစ်မှားခဲ့သနည်း?

______________________

၅။ ပြစ်မှားမှုကြောင့် မြတ်စွာဘုရားရှင်၏ ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့ပါသနည်း?

______________________

______________________

______________________

၆။ စတုတ္ထဝင့်တော်ကို မှတ်ဖွယ် လင်္ကာ ဖြင့်ဖြေပါ။

______________________

______________________

______________________

______________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ ဘုရားအလောင်းတော်သည် မိကွဲဖတူ ညီငယ်ကို အဘယ့်ကြောင့်သတ်သနည်း ?

______________________

______________________

၂။ ညီကိုသတ်ပြီးနောက် အလောင်းကို မည်သို့ ပြုလုပ်သနည်း ?

______________________

______________________

၃။ သတ်ဖြတ်ခဲ့သည့် အကုသိုလ်ကံ အကျိုးဆက်ကြောင့်နောက်ဆုံးဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့ပါသနည်း ?

______________________

______________________

၄။ ပဥ္စမဝင့်တော်ကို ဖော်ပြသည့် မှတ်ဖွယ်လက်ာကို ရေးပါ။

______________________

______________________

______________________

______________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် မည်သူ့ကို ပြစ်မှားခဲ့သနည်း ?

______________________

______________________

၂။ ဘုရားလောင်း မည်သို့ပြုလုပ်နေစဉ် ပြစ်မှားခဲ့သနည်း ?

______________________

______________________

၃။ မည်သို့ ပြစ်မှားခဲ့သနည်း ?

______________________

______________________

၄။ ပြစ်မှားမှုကြောင့် ဂေါတမ ဘုရားရှင် ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့သနည်း ?

______________________

______________________

၅။ ဆဋ္ဌမဝင့်တော်ကို မှတ်ဖွယ် လင်္ကာဖြင့် ဖြေပါ။

______________________

______________________

______________________

______________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် မည်သူ့ကို
ခြောက်လှန့်ခဲ့သနည်း။

______________________

______________________

၂။ ဘုရားအလောင်းတော် မည်သည့်
လုပ်ငန်းကို လုပ်သနည်း။

______________________

______________________

၃။ မည်သို့ ခြောက်လှန့်ခဲ့သနည်း?

______________________

______________________

၄။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့်
မြတ်စွာဘုရားရှင်၏ဘဝ၌ မည်သို့ ဝင့်လိုက်

______________________

______________________

၅။ သတ္တမဝင့်တော်ကို မှတ်ဖွယ် လက်ာဖြင့်
ဖြေပါ။

______________________

______________________

______________________

______________________



# ၈ အင်္ဂမဝင့်တော်

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် ပြည့်ရှင်မင်းဘဝဖြစ်စဉ်ကမည်သို့သော မကောင်းမှုဒုစရိုက်ကို ပြုလုပ်ခဲ့သနည်း ?

____________________

____________________

၂။ အဘယ့်ကြောင့် ပြုလုပ်ခဲ့သနည်း?

____________________

____________________

၃။ မကောင်းမှု ဒုစရိုက်ကြောင့် ငရဲ၌ မည်မျှကြာ ခံရသနည်း ?

____________________

၄။ ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ဂေါတမဘုရားရှင်၏ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့ပါသနည်း ?

____________________

____________________

____________________

၅။ အင်္ဂမဝင့်တော်ကို မှတ်ဖွယ် လက်ာ ဖြင့်ဖြေပါ။

____________________

____________________

____________________

____________________



# ၉ နဝမဝင့်တော်

## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် မည်သူ၏သား ဖြစ်ခဲ့ဖူးပါသနည်း ?

______________________

______________________

၂။ ဆွေမျိုးများသည် မည်သည့်အလုပ်ကို လုပ်ကိုင်ကြသနည်း ?

______________________

______________________

၃။ မည်သည့်လုပ်ရပ်ကိုမြင်ပြီး မည်သို့ စိတ်ထား ဖြစ်ခဲ့သနည်း ?

______________________

______________________

၄။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ဂေါတမဘုရားရှင်၏ဘဝ၌ မည်သို့သော ရောဂါ ခံစားတော်မူရသနည်း ?

______________________

______________________


၅။ နဝမဝင့်တော်ကို မှတ်ဖွယ် လင်္ကာဖြင့် ရေးပါ။

______________________

______________________

______________________

______________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် ပွင့်တော်မူခဲ့ပြီး မည်သည့် ဘုရားရှင်၏ တပည့်သာဝကကို ဖြစ်မှားခဲ့သနည်း။

____________________

____________________

၂။ မည်သို့ ဖြစ်မှားခဲ့သနည်း။

____________________

____________________

____________________

၃။ ထိုသို့ဖြစ်မှားသည့် မကောင်းမှုကံကြောင့် ဂေါတမဘုရားရှင်၏ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့ပါသနည်း။

____________________

____________________

____________________

၄။ ကာလမည်မျှ ကြာခဲ့သနည်း။

____________________

____________________


၅။ ဒသမဝင့်တော်ကို မှတ်ဖွယ်လက်ာဖြင့် ပြောပါ။

____________________

____________________

____________________

____________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် မည်သည့် အားကစားမျိုးကို ယှဉ်ပြိုင်လေ့ရှိသနည်း?

______________________________

______________________________

၂။ ထိုဘဝ၌ မည်သည့်အပြစ်ကို ပြုလုပ်ခဲ့သနည်း?

______________________________

______________________________

၃။ မည်သူ့ကို ပြုလုပ်ခဲ့သနည်း။

______________________________

______________________________

၄။ ထိုမကောင်းမှုကံကြောင့် နောက်ဆုံးဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့ပါသနည်း?

______________________________

______________________________

၅။ ကောဒသမဝင့်တော်ကို မှတ်ဖွယ် လက်ာဖြင့်ပြေပါ။

______________________________

______________________________

______________________________

______________________________



## ကွက်လပ်ဖြည့် လေ့ကျင့်ခန်း

၁။ အလောင်းတော်သည် မည်သည့် အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ခဲ့ပါသနည်း?

______________________

______________________

၂။ မည်သို့သော အပြစ်ကို လွန်ကျူးခဲ့ သနည်း?

______________________

______________________

၃။ မည်သူ့အပေါ် လွန်ကျူးခဲ့သနည်း?

______________________

______________________

၄။ အဘယ်ကြောင့် လွန်ကျူးခဲ့သနည်း?

______________________

______________________

၅။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ဂေါတမဘုရားရှင်၏ဘဝ၌ မည်သို့ ဝင့်လိုက်ခဲ့သနည်း?

______________________

______________________


၆။ ဒွါဒသမဝင့်တော်ကို မှတ်ဖွယ် လင်္ကာ ဖြင့်ဖြေပါ။

______________________

______________________

______________________

______________________



### ၁ ပထမဝဂ္ဂတော်

(၁) ဇောတိပါလ

(၂) ကဿပမြတ်စွာဘုရား

(၃) နှုတ်ဝစီဖြင့် ပြစ်မှားခဲ့ပါသည်

(၄) ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ၆-နှစ် ကျင့်တော်မူရ၏။

(၅) ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်ရှာဘယ်ဝိပါက်။ ကဿပမည်တွင်၊ ဘုရားရှင် ပြစ်တင်ဝစီတွက်။

### ၂ ဒုတိယဝဂ္ဂတော်

(၁) ပစ္စေကဗုဒ္ဓအရှင်မြတ်

(၂) သီလမရှိ သူယုတ်မာသာ ဖြစ်ဘိ၏ဟု စွပ်စွဲစကား ပြောခဲ့သည်။

(၃) အနှစ်တစ်သောင်း

(၄) စိဉ္စမာဏ၏ မဟုတ်မတရား စွပ်စွဲ ခံတော်မူရသည်။

(၅) စိဉ္စမာဏ၊ ကိုယ်ဝန်ပြ စွဲရာဘယ်ဝိပါက်။ ရှင်ပစ္စေကာ၊ ကျင့်ယုတ်မာ စွဲရဝစီတွက်။

### ၃ တတိယဝဂ္ဂတော်

(၁) မုနာဠိ

(၂) ပစ္စေကဗုဒ္ဓအရှင်မြတ်

(၃) နှစ်ပေါင်းများစွာ

(၄) လူသူအများအထင်မှား အောင်သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းခံတော်မူရ၏။

(၅) သုန္ဒရီ ပရိဗိုဇ်မ၊ စွပ်စွဲရ ရေးကဘယ်ဝိပါက်။ ရှင်ပစ္စေက၊ ဒုဿီလ ပြောထ ဝစီတွက်။

### ၄ စတုတ္ထဝဂ္ဂတော်

(၁) ဗေဒင်သုံးရပ် ကမ်းဆုံးခပ်အောင်တတ်

(၂) ငါးရာ

(၃) ရသေ့သူမြတ်

(၄) ဤရသေ့ကား၊ ကာမ စည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲ ဖြစ်သည်။

(၅) သုန္ဒရီပရိဗိုဇ်မကို သတ်သည်ဟု မဟုတ်တရား စွပ်စွဲကဲ့ရဲ့ခံရသည်

(၆) သုန္ဒရီသေ၊ တိတ္ထိတွေ စွဲလေဘယ်ဝိပါတ်။ ရှင်ရသေ့အား၊ ကျင့် ဖောက်ပြား၊ ပြောကြား ဝစီတွက်။

### ၅ ပဉ္စမဝဂ္ဂတော်

(၁) ဥစ္စာလိုချင်တပ်မက်သော ကြောင့်

(၂) ချောက်ထဲချ၍ ကျောက် ဖြင့်ဖိညှပ် ကြိတ်ချေ။

(၃) ခြေမတော်သွေးစိမ်း တည်သည်

(၄) ဘုရားခြေမ၊ ကျောက်မှန် ကျ ရေးကဘယ်ဝိပါတ် ညီငယ်ပို့နှု၊ အမွေလု ကျောက်ထုသတ်သည့် တွက်။

### ၆ ဆဋ္ဌမဝဂ္ဂတော်

(၁) ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ပါး

(၂) ကစားနေစဉ်

(၃) ပစ္စေကဗုဒ္ဓကို ကျောက်ခဲ များဖြင့် ပစ်ခတ်ပြစ်မှား ခဲ့သည်။

(၄) ဒေဝဒတ်က လူသတ်လေး သမားများစေလွှတ် ပစ်သတ်စေသည်။

(၅) လူသတ်လေးသမား၊ စေလွှတ်ပြား၊ ဘုရားဘယ် ဝိပါတ်။ ဆွမ်းခံကြွဝင်၊ ပစ္စေရှင်လမ်းတွင် ခဲပစ်ချက်။

### ၇ သတ္တမဝဂ္ဂတော်

(၁) ပစ္စေကဗုဒ္ဓအရှင်မြတ်

(၂) ဆင်ထိန်းယောကျာ်း

(၃) ဆင်ဖြင့်နင်းသတ်မည့်ဟန် ခြောက်လှန့်

(၄) နာဠာဂီရိဆင်၏ နင်းသတ် ရန် လာခြင်းကို ခံရ

(၅) နာဠာဂီရိဆင်၊ တိုက်သည့် အင် ဘုန်းရှင်ဘယ်ဝိပါက်။ ဆွမ်းခံကြွဝင်၊ ပစ္စေရှင် လမ်းတွင် ဆင်တိုက်ချက်။

### ၈ အဋ္ဌမဝဂ္ဂတော်

(၁) ယောကျာ်းတစ်ယောက်ကို ကိုယ်တိုင် လှံဖြင့် ထိုးဆွ သတ်ခဲ့သည်။

(၂) မင်းမာန်တက်ကာ ဒုစရိုက်မှုကို မစဉ်းစားမိ၍

(၃) အနှစ်များစွာ

(၄) သွေးစိမ်းတည်သော အနာကို ဓားဖြင့် ခွဲ၍ ကုသခံရသည်။

(၅) ခြေမကိုက်လှ၊ ဇီဝက ခွဲရာဘယ်ဝိပါက်။ မင်းဖြစ်လေပြား၊ သေသောက်စား သူများသတ်သည့်တွက်။

### ၉ နဝမဝဂ္ဂတော်

(၁) တံငါသည်၏သား

(၂) တံငါအလုပ်

(၃) တံငါတို့က ငါးတို့ကို ရက်ရက် စက်စက် သတ်ဖြတ်သည်ကို မြင်ရ၍ ဝမ်းသာစိတ်ဖြစ်မိ။

(၄) ဦးခေါင်းကိုက်ရောဂါကို မကြာ ခဏခံရ

(၅) ခေါင်းတော်ရုံဖန်၊ ခဲရပြန် ဘယ်ကံ ဘယ်ဝိပါက်။ တံငါအပေါင်း၊ ငါးဦးခေါင်း ထုထောင်း ဝမ်းမြောက်ချက်။

### ၁၀ ဒသမဝဂ္ဂတော်

(၁) ဖုဿမြတ်စွာဘုရားရှင်

(၂) သင်တို့သည်၊ မုယော ဆွမ်းကို ခဲကြ စားကြ လော့၊ သလေးဆွမ်းကို မစားကြကုန်လင့်ဟုပြောခဲ့

(၃) မုယောမှုန့်ကို ဘုဉ်းပေး တော်မူရ၏။

(၄) ဝါတွင်းသုံးလ

(၅) ဆွမ်းမုယောဆန်၊ စားရ ပြန် ရေးကံ ဘယ်ဝိပါက်။ သံဃာတော်များ ဆွမ်း ကြမ်းစား ပြစ်မှား ဝစီတွက်။

### ၁၁ ဧကာဒသမဝဂ္ဂတော်

(၁) လက်ဝှေ့

(၂) ခါးရိုးကျိုးအောင် ရိုက်ချိုး ထိုးသတ်ခဲ့သည်။

(၃) ပြိုင်ဘက်လက်ဝှေ့သမား

(၄) ခါးတော် ညောင်းညာ ကိုက်ခဲခြင်း ဆင်းရဲဒုက္ခ ခံရတော်မူသည်။

(၅) ခါးတော်ရုံဖန်၊ နာရပြန် ရေးကံ ဘယ်ဝိပါက် လက်ဝှေ့သမား၊ တဖက်သား ခါးချိုးသတ်သည့်အတွက်။

### ၁၂ ဒွါဒသမဝဂ္ဂတော်

(၁) ဆေးဆရာ

(၂) လူနာကို ဝမ်းသွားသည့် ဆေး တိုက်ခဲ့

(၃) သူဌေးသားတစ်ဦး

(၄) ဆေးဖိုးဝါးခ မပေးသောကြောင့်

(၅) ပရိနိဗ္ဗာန် စံခါနီးကာလ၌ပင် သွေးဝမ်းသွန်သည့် ရောဂါ

(၆) ဝမ်းတော်လားရ၊ ကြီးဒုက္ခ ဖြစ်ရာဘယ်ဝိပါက်။ ဆေးခမပေးပြား၊ သူဌေးသား ဝမ်းသွားဆေးပေးချက်။

# ဝိပါက်တော် (၁၂)ပါး မှတ်ဖွယ်လင်္ကာ

၇။ နာဋ္ဌာဂိရိဆင်၊ တိုက်သည့်အင်၊ ဘုန်းရှင်ဘယ်ဝိပါက်။
ဆွမ်းခံကြွဝင်၊ ပစ္စေရှင်၊ လမ်းတွင်ဆင်တိုက်ချက်။
၈။ ခြေမ ကိုက်လှ၊ ဇီဝက၊ ခွဲရ ဘယ်ဝိပါက်။
မင်းဖြစ်လေငြား၊ သေသောက်စား၊ သူများသတ်သည့်တွက်။
၉။ ခေါင်းတော်ရုံဖန်၊ ခဲရပြန်၊ ဘယ်ကံဘယ်ဝိပါက်။
တံငါအပေါင်း၊ ငါးဦးခေါင်း၊ ထုထောင်းဝမ်းမြောက်ချက်။
၁၀။ ဆွမ်းမုယောဆန်၊ စားရပြန်၊ ရှေးကံဘယ်ဝိပါက်။
သံဃာတော်များ၊ ဆွမ်းကြမ်းစား၊ ပြစ်မှားဝစီတွက်။
၁၁။ ခါးတော်ရုံဖန်၊ နာရပြန်၊ ရှေးကံဘယ်ဝိပါက်။
လက်ဝှေ့သမား၊ တစ်ဖက်သား၊ ခါးချိုးသတ်သည့်တွက်။
၁၂။ ဝမ်းတော်လားရ၊ ကြီးဒုက္ခ၊ ဖြစ်ရဘယ်ဝိပါက်။
ဆေးခမပေးငြား၊ သူဌေးသား၊ ဝမ်းသွားဆေးပေးချက်။



အိုး မဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်
အိုးတွင် နှိပ်ခတ်၊ တံဆိပ်မှတ်ကား
မပြုတ်မစဲ၊ အိုးပင်ကွဲလည်း
အမြဲတစေ၊ တည်ရှိနေသို့
ထွေထွေသွေးသား၊ ကလေးများ၌
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ၊ စွဲ၍ တည်မည်
ကိုယ်စီ ခတ်နှိပ်စေသတည်း။

အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး



အိုး မဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်
အိုးတွင် နိုပ်ခတ်၊ တံဆိပ်မှတ်ကား
မပြတ်မစဲ၊ အိုးပင်ကွဲလည်း
အမြဲတစေ၊ တည်ရှိနေသို့
ထွေထွေသွေးသား၊ ကလေးများ၌
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို
ခတ်နိုပ်နိုင်မှ၊ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ၊ စွဲ၍ တည်မည်
ကိုယ်စီ ခတ်နိုပ်စေသတည်း။

အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

မန္တလေး
ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်
က စီစဉ်သည်။

# မင်္ဂလသုတ်

( အခြေခံယဉ်ကျေးမှုသင်တန်းများတွင်အသုံးပြုရန် )



သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။
အလှူတကာ့အလှူတွင် တရားအလှူသည်အမြတ်ဆုံး။

ဓမ္မဒါနကုသိုလ်ရှင်

မောင်ထွန်းရွှေ(ခ)မောင်သန်းထွန်းအောင်
အား–ရည်စူး၍
ဦးသာအေး+ဒေါ်အေးလှ
(မနော်မယရွှေပြည်မိသားစု)
၅၂လမ်းနှင့် ၅၃လမ်းကြား၊
လမ်း၄၀နှင့် ၄၁လမ်းကြား၊
ရဲမွန်တောင်ရပ်၊ မန္တလေးမြို့။

လူကြီး လူကောင်းဖြစ်စေဖို့ မင်္ဂလာသုတ်ကိုသင်ကြစို့။
လူချီး လူခေါင်းမဖြစ်စေဖို့ မင်္ဂလာသုတ်ကိုသင်ကြစို့။

အသိဉာဏ်ရှိ၍ မြင့်မြတ်သောစိတ်ဓာတ်ဖြင့် မိမိသူတစ်ပါး ပစ္စုပ္ပန်တမလွန် တိုးတက်ကြီးပွား ချမ်းသာများအောင် ပြုလုပ်ပေးနိုင်သောသူကို လူကြီးလူကောင်းဟုခေါ်သည်။

အသိဉာဏ်မဲ့၍ ယုတ်ညံ့သောစိတ်ဓာတ်ဖြင့် မိမိသူတစ်ပါး ပစ္စုပ္ပန် တမလွန် ဆုတ်ယုတ်ပျက်ပြား ဆင်းရဲများအောင် ပြုလုပ်ပေးသောသူကို (လူတိုင်းစက်ဆုပ်ရွံရှာသည့် လူတိုင်းအလိုမရှိသည့်လူချီး၊ လူသေကောင် သင်္ဂြိုဟ်သည့်အခါ အသုံးပြုသည့် လူ့ခေါင်းနှင့်တူ၍) လူချီး လူခေါင်းဟုခေါ်သည်။



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကလေးအမိဋ္ဌာန်**

ကလေးကလေး အထင်မသေးနှင့်၊
ကလေးမှသည် လူကြီးဖြစ်၏။
ကလေးကောင်းဖြစ်မှ လူကြီးကောင်းဖြစ်မည်။
လူကြီးကောင်းဖြစ်ဖို့ ကလေးကောင်းဖြစ်အောင်ကြိုးစားမည်။

**အစကောင်းမှ အနှောင်းသေချာမည်**

ကလေးတို့အရွယ် လိမ္မာနှင့်ပါမှ ကြီးရင့်ကလိမ္မာမည်။
မလိမ္မာပြည်ထောင်စုကြလျှင် ကောင်းမှုမတည်။
ကလေးတို့နေပြည် တည်စေဖို့စိတ်စော။
နံနက်မင်္ဂလာနှင့် နေ့မကွာညဥ့်ပါသုံးလို့ရယ် ပြုံးကြစေသော။

**မင်္ဂလာအဓိပ္ပါယ်**

တိုးတက်ကြီးပွားခြင်း၏ အကြောင်းဖြစ်သောအလုပ်များကို မင်္ဂလာဟုခေါ်ပါသည်။

မကောင်းမှုကို ပယ်ဖျောက်တတ်သောအကျင့်ကို မင်္ဂလာဟု ခေါ်ပါသည်။

အကုသိုလ်ကို ပယ်ဖြတ်တတ်သော ကုသိုလ်မြတ်ကိုမင်္ဂလာဟု ခေါ်ပါသည်။

လင်္ကာ။ တိုးတက်ကြီးပွားၤအကျင့်များၤမှတ်သားမင်္ဂလာ။
မကောင်းပယ်ဖြတ်၊အကျင့်မြတ်၊မှတ်အပ်မင်္ဂလာ။
အကုသိုလ်ဖြတ်၊ကုသိုလ်မြတ်၊ခေါ် အပ်မင်္ဂလာ။

ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော အလုပ်များကို မင်္ဂလာဟုခေါ်ပါသည်။

ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော အလုပ်များကို ပြထားသောရတနာ၃၈ကြုတ်နှင့်အလားတူသော တရားတော်ကို မင်္ဂလသုတ်တော်ဟုခေါ်ပါသည်။

လင်္ကာ။ ကြီးပွားချမ်းသာ၊ကြောင်းများစွာ၊မင်္ဂလာဟုခေါ်။
ချမ်းသာကြီးပွား၊အကြောင်းများကို၊ပြထားဖော်ထုတ်၊
တရားကြုတ်ကို၊မင်္ဂလသုတ်ဟုခေါ်။

- ❁ ရိုးရိုးကျင့်၊မြင့်မြင့်ကြံ၊မှန်တာလုပ်၊ဟုတ်တာပြော၊ အဲဒါမင်္ဂလာသဘော။
- ❁ ကြီးသူကိုရိုသေ၊ရွယ်တူကိုလေးစား၊ငယ်သူကိုသနား၊ အဲဒါမင်္ဂလာတရား။

### မင်္ဂလာနိဒါန်း (က)

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို
နတ်လူအများ ကြံစည်ပေ၊
ဘယ်သင်းဘယ်ဟာ မင်္ဂလာစစ်ဟု
သေချာဧစ်မြစ် မသိပေ၊
ဆယ့်နှစ်နှစ်တိုင်တိုင် နှုတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း မပြီးပေ၊
မင်္ဂလာတရား ဝါဒများ ကွဲပြားနတ်လူတွေ၊
အဲဒါကြောင့် ကြံကြံစည်ကြ ကမ္ဘာ့မင်္ဂလာတွေ။

### မင်္ဂလာနိဒါန်း (ခ)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝယ်
ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ၊
သန်းခေါင်ယံခါ နတ်သိကြားများက
မြတ်ဘုရားသို့ ဆည်းကပ်လေ၊
ဆည်းကပ်ပြီးသော် မင်္ဂလာသဘောကို
ထင်စွာပေါဖို့ လျှောက်ပန်ချေ၊
အ သေဝနတရား အစထား ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရကြားရ ကမ္ဘာ့မင်္ဂလာတွေ။

## ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါး

၁။ အသေဝနာ စ ဗာလာန မင်္ဂလာဟူသည် လူမိုက်တို့ကို မပေါင်းသင်း မမှီဝဲ မဆည်းကပ်ရခြင်း။
လူမိုက်တို့ကို မပေါင်းသင်း မမှီဝဲ မဆည်းကပ်ရခြင်းသည် အသေဝနာ စ ဗာလာန မင်္ဂလာမည်၏။

၂။ ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာဟူသည် ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းမှီဝဲ ဆည်းကပ်ရခြင်း။
ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းသင်းမှီဝဲ ဆည်းကပ်ရခြင်းသည် ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာမည်၏။

၃။ ပူဇာ စ ပူဇနေယျာန မင်္ဂလာဟူသည် ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်း။
ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်းသည် ပူဇာ စ ပူဇနေယျာန မင်္ဂလာမည်၏။

လင်္ကာ။ လူမိုက်ရှောင်ကြဉ်၊ပညာရှင်၊အစဉ်ပေါင်းသင်းပါ။
ပူဇော်ထိုက်က၊ပူဇော်ကြ၊ဒါမှမင်္ဂလာ။

- သတ္တဝါအပေါင်း၊ဆင်းရဲကြောင်းကို၊ပြောဆိုပြုလုပ်၊ ကြံအားထုတ်၊သူယုတ်ဗာလက။
- သတ္တဝါအပေါင်း၊ချမ်းသာကြောင်းကို၊ပြောဆိုပြုတတ်၊ ကြံစည်မှတ်၊သူမြတ်ပဏ္ဍိတ။
- မကောင်းတာကြံ၊မမှန်တာလုပ်၊မဟုတ်တာပြော၊ အဲဒါလူမိုက်သဘော။
- ကောင်းတာကြံ၊မှန်တာလုပ်၊ဟုတ်တာပြော၊ အဲဒါပညာရှိသဘော။

## စစ်တမ်းထုတ်ပါ

မည်သူ့ကိုမျှမညာကြနှင့်၊မိဘဆရာ၊ဖြစ်စေကာလည်း၊သူဟာဘာလ၊ပဏ္ဍိတဟု၊ကျနခဲ့လှစ်၊တွေ့တိုင်းစစ်၊စနစ်ကျစေကွဲ။

- ကိုယ့်ထက်သာသူ၊တန်းတူလူ၊တွေ့မူပေါင်းသင်းလေ။
- ထိုသူနှစ်စား၊မတွေ့ငြား၊တစ်ပါးတည်းသာနေ။
- လူမိုက်ကိုကား၊မပေါင်းငြား၊ရှောင်ရှားဝေးဝေးနေ။
- ပညာမဲ့သူ၊ဆည်းကပ်မူ၊ထိုသူဆင်းရဲမည်။
- ပညာရှိအား၊ဆည်းကပ်ငြား၊ကြီးပွားချမ်းသာမည်။
- ဆိုင်ရာကိစ္စ၊ကျနမမြင်၊မကျွမ်းကျင်သူ၊ဆည်းကပ်မူ၊
  ထိုသူဆင်းရဲမည်။
- ဆိုင်ရာကိစ္စ၊ကျနသိမြင်၊တတ်ကျွမ်းကျင်သူ၊ဆည်းကပ်မူ၊
  ထိုသူချမ်းသာမည်။

- သမ္မာမကြိုက်၊ဒုစရိုက်နှင့်၊သူမိုက်ထွန်းရာ၊သူတကာတို့၊ပူဆာများတတ်၊သူမြတ်ပဏ္ဍိ၊ကဝိထွန်းရာ၊သတ္တဝါတို့၊ချမ်းသာပွားတတ်၊မှတ်လော့အစဉ်။

- ထိုမှတစ်လီ၊မှတ်ကြောင်းစီပိမ့်၊ပါရမီနဂိုရ်၊မရှိလိုက၊ကုသိုလ်သုစရိုက်၊မဟောထိုက်ဘူး၊သူမိုက်တိရစ္ဆာန်၊နိဗ္ဗာန်စကား၊အလွန်ခါး၏၊နားပါးမဝင်၊သိမြင်မဲ့စွာ၊သူယုတ်မာအား၊ခြင်းရာကောင်းဆိုး၊ကြောင်းကျိုးတရား၊မဟောကြားရာ၊ဟောမိပါက၊အပြစ်ရ၏။

- မချစ်အပ်ရှောင်း၊မပေါင်းအပ်ဌာ၊ရုံခါသော်မှ၊မနီးရဘူး၊ထိုဗာလစစ်၊လူကောက်ကျစ်တို့၊ကျင့်ညစ်ဝါသနာ၊ဝမ်းတွင်းပါကား၊ဘယ်ခါမဖျောက်၊ခွေးမြီးကောက်ကို၊ကျည်တောက်စွပ်တူ၊ပမာဟူ၏။

- လူတို့သဘော၊မနော၊စင်ဖြူ၊ကောင်းသောသူနှင့်၊ပေါင်းဘက်သင့်က၊ကောင်းကျင့်ကောင်းမှု၊မကောင်းသူနှင့်၊အတူပေါင်းမှု၊မကောင်းတုကို၊လိုက်ပြုတတ်စွ၊ဤလောက၌၊တံငါ၊အိမ်ပါး၊တံငါလား၊ဟု၊ဆိုပြောမှန်ဘိ၊ယွင်းမရှိတည့်။

- တစ်မိဝမ်းအောင်း၊ရသေ့ကျောင်းနှင့်၊ဆိုးတောင်းယုတ်မာ၊ခိုးသူရွာသို့၊ရောက်ရှာကုန်ကြ၊သူဝနှစ်ကောင်၊ကျေးညီနောင်တို့၊တစ်ကောင်မှာသော်၊သူတော်ဓလေ့၊သိမ်မွေ့လိမ္မာ၊တစ်ကောင်မှာမူ၊ဝါစာဖရုသ်၊ကြမ်းကြုတ်စရိုက်၊ရုန့်ရင်းမိုက်ရှင့်။

- ဝိညာဉ်မဲ့ဘိ၊စိတ်ရှိသတ္တဝါ၊မဟုတ်စွာသေး၊တမာခွေးတောက်၊မြစ်ရှောက်ရောယှက်၊တူနှော၊ဘက်၍၊သရက်ချိုမြ၊ဘန္တရလျက်၊ကွယ်ပအပြီး၊အခါးသီး၏။

- ရပ်ရွာ၌လျှင်၊သူမိုက်ရောက်က၊မီးပွားကျသို့၊ထိုမျှသတ္တဝါ၊မချမ်းသာဘူး။

- သူမိုက်လေ့လာ၊မလိုက်နာနှင့်၊ပညာရှိယှဉ်၊သူမိုက်သွင်ကို၊မမြင်ရထိုက်၊သူမိုက်စကား၊မကြားစလို၊သူမိုက်ကိုယ်နှင့်၊ထိုထိုတကွ၊မပေါင်းရလျှင်း၊ပြောရုံခြင်းမျှ၊ကင်းရစေသား၊ဆုလေးပါးကို၊သိကြားထံမှာ၊ပန်ထွာအထူး၊တောင်းကြဖူး၏။

- ပညာရှိထွတ်၊သူမြတ်တို့ထံ၊ဆုံးမခံ၍၊ကျင့်ကြံသမ္မာ၊ဆောက်တည်ပါမှ၊သမ္ဘာစေ့ပျိုး၊မျိုးသို့ပေါက်လမ်း၊ဘုန်းတန်သစ်၏။

✿ တရားမြင်သိ၊ပညာရှိနှင့်၊ကြိုက်ဘိကြုံတွေ့၊တစ်နေ့တစ်ရက်၊ တစ်နံနက်မျှ၊ပေါင်းဘက်ရက၊ဒေါသမစွန်း၊ကျေးဇူးထွန်း၏၊ကျယ်ဝန်း သိမြင်၊ပညာရှင်မှ၊လူတွင်တစ်ယောက်၊တစ်ခေါ် လောက်ရှင့်။

✿ သူမြတ်ပဏ္ဍိ၊ပညာရှိနှင့်၊မညှိမဆ၊ပြုသမျှကား၊မလှစီးပွား၊ရေ နစ်ဆားသို့၊ပျက်ပြားတတ်စွာ၊မချမ်းသာဘူး။

## ပညာရှိသူတော်ကောင်းနှင့်ပတ်သက်၍မှတ်ဖွယ်လေးမျိုး

၁။ ပညာသာရှိ၍ သူတော်ကောင်းမဟုတ်သည့်ပုဂ္ဂိုလ်။
၂။ သူတော်ကောင်းသာဖြစ်၍ ပညာမရှိသည့်ပုဂ္ဂိုလ်။
၃။ ပညာလည်းရှိ သူတော်ကောင်းလည်းဖြစ်သောပုဂ္ဂိုလ်။
၄။ ပညာလည်းမရှိ သူတော်ကောင်းလည်းမဟုတ်သောပုဂ္ဂိုလ်။

ထိုလေးမျိုးတို့တွင် ပညာရှိ သူတော်ကောင်းကို ပေါင်းသင်း ရမည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာမရှိသော်လည်း သူတော် ကောင်းဖြစ်က ပေါင်းသင်းရမည်။

သူတော်ကောင်းမဟုတ်သော်လည်း လောကီလောကုတ္တရာ ကြီးပွားလောက်သည့်ပညာရှိက ကြီးပွားလောက်သည့်ပညာကိုလိုချင် ၍ ကိုယ်ပေါင်းစိတ်ခွါအဖြစ်ဖြင့်ပေါင်းသင်းရမည်။

ပညာလည်းမရှိ သူတော်ကောင်းလည်းမဖြစ်က ဝေးစွာ ရှောင်ကြဉ်ရမည်။

## ပူဇော်ထိုက်သူ

ဘုရား[၁] ပစ္စေကာ[၂]၊ မြတ်သံဃာ[၃]နှင့်၊ ဆရာ[၄] မိဘ [၅-၆]၊ ယောက္ခမဆို[၇-၈]၊ အစ်ကို[၉] အစ်မ[၁၀]၊ ဂုဏဝုဍ္ဍိ[၁၁]၊ သက်ကြီးဘိနှင့်[၁၂]၊ ကိုယ်၏လင်သား[၁၃]၊ဆယ့်သုံးပါးကို၊မမှားမှန်စွာ၊ပူဇော်ရာသည်၊ မင်္ဂလာမောင်တို့ သိဖွယ်တည်း၊ မင်္ဂလာမယ်တို့ သိဖွယ်တည်း။

❁ ဗုဒ္ဓဟောညွှန်၊တရားမှန်ကို၊မှတ်ကြံပွားသိ၊သိစေဘိမူ၊ထိုသည့်သူအား၊စင်ဖြူညွတ်လျှိုး၊မြဲရိုကျိုး၊ရှိခိုးရာသတည်း။

### မင်္ဂလာကဗျာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနှင့် ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

-------------------

## နေထိုင်ရေးမင်္ဂလာ သုံးပါး

၁။ ပတိရူပဒေသဝါသော စ မင်္ဂလာဟူသည် သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အရပ်၌ နေရခြင်း။

၂။ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာဟူသည် ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း။

၃။ အတ္တသမ္မာ ပဏိဓိ စ မင်္ဂလာဟူသည် မိမိကိုယ်ကို မပျက်စီးအောင် ကိုယ်နှုတ်စိတ်ကိုကောင်းစွာစောင့်ရှောက်ထိန်းသိမ်းခြင်း။

(ပေါင်းသင်းဆက်ဆံရေးမင်္ဂလာအတိုင်းဆိုပါ)

လင်္ကာ။ သင့်ရာရပ်နေ၊ကောင်းမှုတွေ၊ပြုလေရှေးဘဝမှာ။
ကိုယ်စိတ်နှစ်ပါး၊ကောင်းစွာထား၊မှတ်သားမင်္ဂလာ။

### တစ်နေ့တာစစ်တမ်း

ကုသိုလ်ပညာ၊ကျန်းဂန်သာ၍၊ဥစ္စာတန်ခိုး၊တစ်မျိုးမျိုးမှ၊မတိုးမတက်၊ထိုနေ့တွက်၊သက်သက်ဝမ်းနည်းဖွယ်။

❀ လောကအလိုက်၊သိုက်မြိုက်ကြီးပွား၊လမ်းကြောင်းများ၍၊တရားရဖွယ်၊များစွာလွယ်မည့်၊မြို့နယ်ရွာရှိ၊တွေ့ရာကြည့်၊ပတိရူပခေါ်။

❀ ရှေးကကောင်းလို့ ခုကောင်းပါသည်၊
အခုကောင်း နောင်ကောင်းပါလိမ့်မည်။

❀ ရှေးကဆိုးလို့ ခုဆိုးပါသည်၊အခုဆိုး နောင်ဆိုးပါလိမ့်မည်။

✿ ပုဗ္ဗေကတ၊ရှေးဘဝက၊ပုညဆင်းရဲ၊ကံမွဲချို့တဲ့၊ဘုန်းမဲ့သသူ၊များဗိုလ်လူတို့၊ချမ်းပူမနေ၊ရှာဖွေကြိုးကုတ်၊အားထုတ်အထူး၊ဆည်းပူးလုံ့လ၊ပြုသမျှကား၊ရှေးကကောင်းမှု၊အပြုများလှ၊ပုညသီရိ၊ပြည့်စုံဘိသည့်၊ဘုန်းရှိသူတို့၊ခံစားဘို့တည့်။

✿ ရှေးကပြုသား၊ကောင်းမှုဟုဆို၊ကုသိုလ်အဘို့၊ပြည့်စုံမြို့၍၊မချို့ဘုန်းကံ၊အခံပုည၊ရှိကြသူမှာ၊ဇာတာမူလ၊ဇနမဥ္ဇ၊ပါပဂြိုဟ်၊စီးနင်းကြလည်း၊ကိုယ်မှတစ်ပါး၊ခြွေရံများနှင့်၊ကွဲနွားမျှသာ၊ပျက်စီးရာ၏၊ကိုယ်မှာချမ်းမြေ့၊ဘေးမတွေ့ဘူး။

✿ သဒ္ဒါသီလ၊လှူစာဂဟု၊ရှေးကကောင်းမှု၊တစ်ဦးပြုသည့်၊ကုသိုလ်အကျိုး၊ဘုန်းကံမျိုးကား၊ခိုး၍မရ၊မှန်တံ့စွတည့်။

✿ မြေပုပ်လည်းချ၊ငါလည်းမဟု၊မူလထက်ပေါင်း၊မူလီလောင်းလျက်၊ကံဟောင်းကံသစ်၊ထပ်ရစ်အားပေး၊နှစ်ပါးတွေ့၍၊နှောင်းရှေးအဟုန်၊ကုသိုလ်ဂုဏ်ဖြင့်၊ရေစုန်ရွက်တိုက်၊ရေကြောလိုက်သို့၊စိုက်လိုက်လက်ငင်း၊ကြာမတင်းသည်၊စင်းစင်းရောက်လိမ့်စကြာတည်း။

✿ ကံကိုယုံ၍၊ဆူးခြုံအတွင်း၊မနင်းအပ်စွာ၊ကျားရဲရာလည်း၊ကြမ္မာအကြောင်း၊မရိုးကောင်းဟု၊သူဟောင်းရှေးက၊ဆိုကုန်ကြ၏။

✿ ရှေးကကောင်းမှု၊မပြုနည်းပါး၊ထိုသူများအား၊ဥစ္စာစီးပွား၊ရရာရကြောင်း၊ပြုပါရှောင်းလည်း၊တိမ်းစောင်းယွင်းဖောက်၊လှေနှယ်မှောက်သို့၊မမြောက်ကြံရာ၊လက်ချည်းခါအောင်၊ချမ်းသာမရ၊ပျက်တတ်စွတည်း။

❁ ကောင်းစားဆိုးစား၊ဤနှစ်ပါးကား၊အခြားနတ်လူ၊ဘယ်သူမပြု၊မိမိမှုတည်း၊ယခုဝတ္တမာန်၊ပစ္စုပ္ပန်နှင့်၊ရှေးလွန်ကြမ္မာ၊အကြောင်းသာရှင့်။

❁ မိဘနှစ်ပါး၊ဆွေမျိုးများနှင့်၊ငါ့အားချစ်ခင်၊ဆရာရှင်တို့၊ကြည်လင်ရွှင်ပြ၊ချမ်းသာကြအောင်၊နေ့ညတာရှည်၊စိတ်ကောင်းမည်ဟု၊ကြံစည်ဖွဲ့သန်၊မြဲမြဲမြံ၊သမ္မာပဏိဓိ။

❁ ဘယ်၌မဆို၊များထိုထိုဝယ်၊တစ်ကိုယ်ကောင်းသာ၊မကျင့်ပါဘဲ၊သူပါလဲကောင်း၊အများကောင်းဖို့၊ငဲ့စောင်းစိတ်မှာ၊ကိုယ်လဲပါ၊သမ္မာပဏိဓိ။

### သမ္ဗတ္တိစက်လေးပါး

၁။သပ္ပုရိသူပနိဿယစက် - သူတော်ကောင်းနှင့်ပေါင်းသင်းမှီဝဲဆည်းကပ်ရခြင်း။

၂။ပတိရူပဒေသဝါသစက် - သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌နေရခြင်း။

၃။ပုဗ္ဗေ စ ကတပုညတာစက်- ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှုရှိခြင်း။

၄။အတ္တသမ္မာ ပဏိဓိစက် - မိမိကိုယ်ကို မပျက်စီးအောင်ကိုယ်နှုတ်စိတ်ကိုကောင်းစွာစောင့်ရှောက်ထိန်းသိမ်းခြင်း။

လင်္ကာ။ မိတ်ကောင်းကိုရှာ၊သင့်ရာနေအပ်၊ပြုလတ်ကုသိုလ်၊ကိုယ်ကိုစောင့်စည်း၊စက်ကြီးလေးပါး၊ပြည့်စုံငြား၊မှတ်သားသမ္ဗတ္တိ။

**မင်္ဂလာကဗျာ**

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသအမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

-----------------

## သင်ကြားရေးမင်္ဂလာလေးပါး

၁။ ဗာဟုသစ္စဉ္စ မင်္ဂလာဟူသည် အကြားအမြင် ဗဟုသုတ များခြင်း။

၂။ သိပ္ပဉ္စ မင်္ဂလာဟူသည် အပြစ်ကင်းသော နှုတ်မှုလက်မှု အတတ်ပညာတို့ကို တတ်မြောက်ရခြင်း။

၃။ ဝိနယော စ သုသိက္ခိတော မင်္ဂလာဟူသည် လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကိုကောင်းစွာသင်ကြားနားလည်ခြင်း။

၄။ သုဘာသိတာစယာဝါစာ မင်္ဂလာဟူသည်ချစ်ဖွယ်သာယာ ချိုသာသောစကားကိုပြောဆိုခြင်း။

လင်္ကာ။ ကြားမြင်များလတ်၊လက်မှုတတ်၊ကျင့်ဝတ်သင်ကြားရာ။
ကျိုးရှိစကား၊ပြောဆိုငြား၊မှတ်သားမင်္ဂလာ။

❁ ဗဟုသုတ၊တတ်ပချင်လျှင်၊သင်သာခိုက်ကို၊သင်လိုက်ကြ။
သို့ပင်တစေ၊မနေရသာ၊ကျောင်းကခွါမှ၊နောင်ခါနောင်တ၊
ရတတ်စွ။

❁ အတတ်ပညာ၊တတ်မှသာလျှင်၊
ကျောင်းမှာနေကျိုးနပ်မည်ပ။

❁ သင်ယူအားကြိုး၊သုတတိုး၏၊ပြည့်ဖြိုးသုတ၊ရှိတုံကမူ၊ပွားထ စိန္တာ၊ထိုပညာဖြင့်၊ဘာဝနာဉာဏ်၊အသိသန်၍၊နိဗ္ဗာန်တိုင်အောင်၊ ချမ်းသာအောင်၏။

❁ ဥစ္စာဟူသည်၊မျက်လှည့်မျိုး၊ပညာဟူသည်၊မြတ်ရွှေအိုး။
အားမကိုးနှင့်၊မျက်လှည့်တွေ၊ပညာကြိုး၊ရွှေအိုးရကြစေ။

❀ နှုတ်မှုလက်မှုအတတ်စုကိုငယ်နုသောအားမမေ့ငြားနှင့်၊ ရင်းဖျားကုန်စင်၊တတ်မြော်မြင်က၊တစ်ခုမျှလည်း၊အသက်မွေးကြောင်း၊ ဖြစ်တုံရှောင်း၏။

❀ အလေ့အလာ၊ဝါသနာဖြင့်၊ထပ်ကာထပ်ကာ၊ကြိုးစားပါ သော်၊သညာမှလျှောက်၊ပညာလောက်၍၊တတ်မြောက်ကျွမ်းကျင်၊ လူ့စွမ်းအင်တည့်။

❀ မေထုန်မှီအိပ်စားလို့၊ယောက်ျားတဲ့နွားမှာ၊ပြည့်အစုံကုံလုံ ရှိပါ၏၊သိပညာတတ်တစ်ပါး၊နွားထက်ပိုသာ၊တတ်ပညာချို့ရှာလေက၊ လူမိုက်ခေါင်ထိုယောက်ျားကို နွားဟုဆိုရ။

❀ အတတ်ဟူသရွေ့၊မလေ့မလာ၊လေ့မှလာ၏၊လာစေလိုလျှင်၊ လေ့ကျင့်သင်ယူ၊မြင်လျှင်အံ့ဘွယ်၊တတ်မျိုးကြွယ်သည်၊လူဝယ်ထင်ပေါ် မြပင်တည်း။

❀ ကျက်မှတ်စဉ်းစား၊ကြံစည်များ၍၊မေးကြားသူ့ထံ၊ကျေပွန် ပျက်ပျက်၊သင်လေ့ကျက်မှ၊တိုးတက်ပညာ၊တတ်ကြရှာလိမ့်။

❀ ကိုယ်ပိုင်ဉာဏ်မဲ့၊သင်ယူမဲ့၍၊ကင်းမဲ့ပညာ၊ဉာဏ်တုံးပါမူ၊ မဟာမြိုင်လည်၊ကျွဲကန်းနှယ်၊ခက်ဖွယ်ကြုံရသည်။

❀ ဆရာကောင်းထံ၊နည်းနာခံ၍၊သင်အံကြံကျင့်၊ပညာပွင့် မသော်၊ကိုယ်ကျင့်စုံညီ၊စိတ်တည်ကြည်၊ရွှင်ကြည်ချမ်းမြေ့ပါသတည်း။

⊛ မသင်မကြား၊ပညာပါး၊တောင်းစားရမည်မှတ်။

● မရှိပညာ၊ဤလူ့ရွာ၌၊ကျမ်းစာနီတိ၊တတ်မသိက၊မျက်စိစုံကန်း၊လူဖြစ်ဆန်းမျှ၊ပေါက်ပန်းပမာ၊မှတ်တို့ရာ၏။

● လိမ္မာမြင့်ရှိ၊အသိပညာ၊ဟူသည်မှာကား၊ဆရာတို့ထံ၊နည်းခံတိုးဝင်၊မသင်မမေး၊အရေးမထား၊မတတ်ငြားဘူး။

● ပညာပြည့်ဝ၊နှလုံးလှသော်၊ကိစ္စကြီးငယ်၊ဆောက်သဖွယ်လျှင်၊ကျဉ်းကျယ်ထွင်းဖောက်၊ဖြတ်တောက်လိုရာ၊ပြီးနိုင်စွာ၏၊ပညာမသုံး၊နှလုံးမပျောင်း၊လက်ရုံးကောင်းကား၊တစ်ကြောင်းမျှသာ၊စူးပမာသို့၊လိုရာကိစ္စ၊များမကျတည့်။

● ထိုထိုမျိုးဇာတ်၊ယုတ်လတ်မြတ်တို့၊အတတ်ပညာ၊အလိမ္မာကို၊ငယ်ခါကလျှင်၊မသင်စေငြား၊မိဘများကား၊သား၏ရန်သူ၊မည်သောဟူရှင့်။

⊛ မျိုးရိုးအလိုက်၊ပြုကျင့်ထိုက်သား၊စရိုက်ဝိနည်း၊အသီးသီးကို၊လူကြီးမိဘ၊သွန်သင်ပြ၍၊သင်ကြလေမှု၊ဆွေမျိုးစု၏၊ကောင်းတုကိုမြင်၊ကောင်းတတ်သင်၊ခေါ်တွင်ဝိနယ၊သုသိက္ခ။

⊛ စည်းစိမ်ပြန့်ပြော၊မယုတ်လျော့ဘဲ၊ကျော်ဇောဂုဏ်အင်၊ထက်ဝန်းကျင်တည့်၊ပွဲဝင်ဘမ်းပြ၊မျက်နှာလှ၏၊ကောင်းစွာ့အသေ၊မတွေဝေဘဲ၊သေလျှင်ကောင်းစား၊နတ်ရွာလားသည်၊ဤကားဝိနည်းကျင့်ကျိုးတည်း။

❀ စည်းစိမ်ယုတ်လျော့၊ကျော်ဇောကင်းမဲ့၊ချို့တဲ့မျက်နှာ၊သေခါ တွေဝေ၊စုတေပျက်ပြား၊အပါယ်လားသည်၊ဤကားဝိနည်းကင်းပြစ် တည်း။

**စကားအရာအင်္ဂါလေးတန်**

၁။ သုဘာသိတ - ကောင်းသောစကား။
၂။ ဓမ္မ - တရားသောစကား။
၃။ ပိယ - ချစ်ဖွယ်စကား။
၄။ သစ္စ - မှန်သောစကား။

လင်္ကာ။ ကောင်းစွာပြောကြား၊တရားနှင့်ယှဉ်၊နားဝင်ချမ်းသာ၊ မှန်ရာမြွက်ငွေ့ယ်၊ဤလေးသွယ်၊နှုတ်ဝယ်ဂုဏ်အင်္ဂါ။

❀ အတိရှေးခါ၊မသာယာ၍၊မဟာသတ္တာ၊ဝိသာလမည်၊နွားကြီး သည်လည်း၊မကြည်နှုတ်ကြမ်း၊ပုဏ္ဏားသွမ်းကို၊လောင်းတမ်းဥစ္စာ၊ သပြာထောင်လုံး၊ရှုံးစေဘိ၏။

❀ တစ်ယောက်စကား၊တစ်ယောက်နားမှာ၊မခါးရအောင်၊ သတိဆောင်၍၊မောင်ဟို့ဒ့်လေ၊ပျားသကာသို့၊ချိုလှစေ။

**မင်္ဂလာကဗျာ**

တတ်ကောင်းတတ်ရာ ဟူသမျှကို
ကြားမြင်သုတရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့
အသက်မွေးဖို့ တတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

--------------------

## ပြုစုရေးမင်္ဂလာ သုံးပါး

၁။ မာတာပိတုဥပဋ္ဌာန မင်္ဂလာဟူသည် အမိအဖတို့ကို လုပ်ကျွေးပြုစုရခြင်း။

၂။ ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာဟူသည် သားသမီး ဇနီးမယားတို့ကို တရားနှင့်အညီ ချီးမြှင့်ထောက်ပံ့ရခြင်း။

၃။ အနာကုလာစ ကမ္မန္တာ မင်္ဂလာဟူသည် ရှုပ်ထွေးခြင်းကင်းသော အလုပ်တို့ကို ပြုလုပ်ရခြင်း။

လင်္ကာ။ မိခင်ဖခင်၊ကျေးဇူးရှင်၊အစဉ်လုပ်ကျွေးပါ။
သားနှင့်သမီး၊ချစ်ဇနီး၊ချီးမြှောက်ထောက်ပံ့ပါ။
နှောင့်ယှက်ကင်းငြား၊အလုပ်ကား၊မှတ်သားမင်္ဂလာ။

မိဘကျေးဇူး၊ ကြွေးအထူးကို၊ ပမာပြကာ၊ နှိုင်းရပါမူ-------
ဤမြေကြီးမှာ၊ဝါးရွက်သာ၊ပမာဆိုရမည်။
မြင့်မိုရ်တောင်မှာ၊နွားချီသာ၊ပမာဆိုရမည်။
သမုဒ္ဒရာ၊မိုးပေါက်သာ၊ပမာဆိုရမည်။
စကြာဝဠာ၊အပ်နဖားသာ၊ပမာဆိုရမည်။
ကျေးဇူးမိဘ၊အနန္တ၊များလှဤပုံပြ။
မိဘကျေးဇူး၊မြင့်မိုရ်ဦး၊အထူးသိမှ ဆပ်လို့ရ။

● မယွင်းမှန်လှ၊ဤလောက၌၊မိဘကိုပင်၊ဥစ္စာမြင်မှ၊ခင်မင်မြတ်လေး၊သားတို့မွေး၏၊ပဲရွှေးမရှိဘမိတို့အား၊သမီးသားလည်း၊ထံပါးနီးရပ်၊မကပ်တုံလျှင်း၊ရှောင်ကြကွင်း၏။

**ပုဗ္ဗာစရိယ မိနှင့်ဖ**

ရင်သွေးဟူက၊ချစ်မဝတည့်၊မိဘတံထွာ၊သားတကာနှင့်၊ တစ်ရာချစ်ကဲ၊လည်ချင်းနွဲလည်း၊ရောင့်ရဲမထင်၊စုံမက်ကြင်လျက်၊ဖြုတ်ခြင်ကိုက်နာ၊မြူရှိမှာမျှ၊တစ်ရံရာတစ်ဆစ်၊မဖြစ်စေရက်၊အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊အလှူကောင်းမှု၊ကိုယ်စားပြုလျက်၊ဝတ်တုစံပ၊ဆောင်ရွက်စသား၊ကုံငဖြည့်တင်း၊ဖြန့်ဖြူးခြင်းဖြင့်၊မကင်းရေမိုး၊ဥယျာဉ်ပျိုးသို့၊ မညိုးမခေါင်၊ကြီးပြင်းအောင်လျှင်၊စောင်စောင်ပြက်ပြက်၊ကွပ်ညှပ်ဆုံးမ၊သင်ပြသသည်၊ငယ်ကလက်ဦးဆရာတည်း။

● ခွေးနှင့်တမျှ၊ထိုဟာလတို့၊မိဘနှစ်ပါး၊ကြီးမားဂုဏ်အင်၊ကျေးဇူးရှင်ကို၊ပြင်ပြင်မရှု၊မပြုမမွေး၊မလုပ်ကျွေးဘူး။

● ဉာဏ်ခိုင်ဇာတိ၊သန္တေသိနှင့်၊ဗောဓိပွင့်လျာ၊သူတို့မှာကား၊ မာတာပိတာ၊မိဘတို့အား၊မစားကိုယ်ဝမ်း၊ရိန္ဒမ်းခံလစ်၊ကောရာဇ်ဖြင့်၊ မင်းဖြစ်စွန့်ပယ်၊မင်းစွယ်ချိုးကာ၊လွန်စွာမြတ်လေး၊သက်စွန့်မွေး၏။

● လူ့ဌဂုဏ်ထူး၊ကျေးဇူးကြီးစွာ၊ဆရာမိဘ၊ဘုရားစသား၊ထိုမျှမိတ်ချစ်၊သူတော်စစ်ကို၊မပြစ်မမှား၊သူတို့အားကား၊တစ်ပါးရပ်ရွာ၊ သွားစပါလည်း၊အစာအစား၊မရှားပါးဘဲ၊ရောက်သွားရာရာ၊ပူဇော်လာ၏။

● လောကဓမ္မတာ၊လူ့တံထွာဖြင့်၊နောင်ခါထို့တူ၊မွေးစိမ့်ဟူ၍၊ မှတ်ယူသောအား၊သမီးသားကို၊ဝတ်စားဆင်ယင်၊သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ကြွေးသစ်ချသည်၊ သဘောမည်၏။

● ရှင်ကြည်အထူးမွေးခဲ့ဖူးသည့်၊ကျေးငှက်သခင်၊မွေးမိခင်နှင့်၊ဖခင်တို့အား၊ခစားမကောင်း၊လုပ်ကျွေးခြင်းကား၊မယွင်းပညတ်၊ကြွေးမှောင်းဆပ်တည့်။

● တစ်ရပ်ထိုမှ၊သမဏဗြဟ္မဏာ၊ယာစကာအား၊သဒ္ဓါကြည်ဖြူ၊ပေးလှူသည်မှာ၊သံသရာဝယ်၊လိုရာမချို့၊သုံးရန်မျိုးဖြင့်၊ရွှေအိုးမြှုပ်သည်၊မည်လတ်ရှောင်း၏။

## ကျေးငှက်ဆပ်ပါ တိုက်တွန်းလွှာ

သူတော်ကောင်းတို့၊ကျင့်ဟောင်းကျင့်လမ်း၊ကျင့်မြဲတမ်းဖြင့်၊မှည့်ရွှမ်းပျော်ပြီး၊ကြွေလုနီးသည့်၊သစ်သီးပမာ၊အိုမင်းစွာ၍၊မွေးခါရောက်ထ၊မောင့်မိဘကို၊ဆယ်ဆဆယ်ပြန်၊ချစ်အားလွန်၍၊တဖန်မွေးတုံ့မွေးပါလော့၊မေတ္တာရှေးတုံ့ ရှေးပါလော့၊ချစ်ဇောပြေတုံ့ပြေပါလော့။

⊛ မိကိုညာက၊ဖကိုလက်ဝဲ၊ကိုင်စွဲချီလျက်၊ပခုံးထက်ဝယ်၊အသက်ဆုံးအောင်၊မြတ်နိုးဆောင်၍၊အခေါင်အဖျား၊လုပ်ကျွေးငြားလည်း၊မွေးဖွားပိုက်ကျူး၊ရှေးတင်ဖူးသည့်၊ကျေးဇူးလှယ်ပြိုင်၊မဆပ်နိုင်ခဲ့။

## လောကုတ္တရာနည်းဖြင့် မိဘကျေးဇူးဆပ်နည်း

မိဘကျေးဇူး၊ကြွေးအထူးကို၊ကြည်နူးတုံ့က၊ဆပ်လိုပါမူ၊သဒ္ဓါကင်းပ၊သီလမဖြူ၊အလှူမပေး၊ကင်းဝေးသုတ၊မိနှင့်ဖကို၊ဖြောင်းဖြချို့သာ၊စေတနာဖြင့်၊သဒ္ဓါစကား၊မြတ်တရားနှင့်၊စုံငြားလေအောင်၊ကြိုးစားဆောင်က၊မြားမြောင်ထွေထွေ၊ကျေးဇူးကျေမည်၊ဆပ်လေသူတော်လမ်းစဉ်တည်း။

## တူသောအကျိုး

❀ ပုထိုးရွှေဂူလို၊မိဘနှစ်သွယ်နှင့်၊ဥပဇ္ဈာယ်ဆရာမြတ်၊ ပျပ်ဝပ်ကယ်ရှိတုပ်ကွေး၊မွေး၏ကြည်ညို၊နောက်ထိုထိုသည်လိုပ ဖြစ်မြဲ၊တပည့်သားငယ်တို့၊ချစ်ကြည်လွယ်ထိုသူအား၊များ၏ခပဲ။

❀ မိဘငယ်ဆရာ၊အိမ်ရှေ့နတ်ယောင်သို့၊မြတ်ညာခေါင်တင် လုပ်ကျွေး၊မွေးအပ်သင့်စွာ၊မကြည်မရိုညွတ်နှင့်၊အလွတ်ကယ်မှုထွေ ရာကို၊သေချာအောင်ဆောင်ပဲ၊နှောင်းနောက်ကိုထို့တူပ၊ထိုသူကို မကြည်နူး၊ထူးလို့ဖြစ်မြဲ။

## သင်္ဂဟတရားလေးပါး

၁။ ဒါန -ပေးကမ်းစွန့်ကြဲခြင်း။
၂။ ပိယဝါစာ -ချစ်ဖွယ်သာယာချိုသာသောစကားကို ပြောဆိုခြင်း။
၃။ အတ္ထာစရိယ -အကျိုးစီးပွားကိုကျင့်ခြင်း။
၄။ သမာနတ္တတာ -ကိုယ်နှင့်တန်းတူထား၍ ဆက်ဆံခြင်း။

လင်္ကာ။ ပေးကမ်းတစ်သွယ်၊ချစ်ဖွယ်ဆို၍၊အကျိုးကိုကျင့်၊ ကိုယ်နှင့်တူထား၊ ဤလေးပါး၊ တရားသင်္ဂဟ။

❀ ငယ်သော်ကသား၊လိုလိုက်ငြား၊က၊ကြီးသောအခါ၊
ကျားပမာ၊လွန်စွာကြောက်ဖို့တည်း။
ငယ်သော်ကသား၊ဆုံးမများ၊က၊ကြီးသောအခါ၊
အားပမာ၊လွန်စွာကိုးဖို့တည်း။

၉ ငယ်သော်ကသမီး၊ဆုံးမနည်းက၊ကြီးသောအခါ၊
မီးပမာ၊လွန်စွာပူဖို့တည်း။
ငယ်သော်ကသမီး၊ဆုံးမကြီးက၊ကြီးသောအခါ၊
ထီးပမာ၊လွန်စွာအေးဖို့တည်း။

## တိုးတက်ကြီးပွားကြောင်း သမ္ပဒါလေးပါး

၁။ အလုပ်ဆိုင်ရာ၊ကျွမ်းကျင်စွာဘိ၊ပညာရှိ၍၊ဝိရိယဖွဲ့၊သတ္တိခဲနှင့်၊ကိုယ်လည်းလုပ်တတ်၊စီမံတတ်မှ၊ဥဋ္ဌာန မည်ရသမ္ပဒါ။

၂။ ရေ မီး သူခိုး၊မွေခံဆိုးနှင့်၊မင်းဆိုးအပြား၊ရန်မျိုးငါးကြောင့်၊မပျက်ပြားလတ်၊စောင့်ရှောက်တတ်မှ၊အာရက္ခ မည်ရသမ္ပဒါ။

၃။ စားဝတ်နေပုံ၊နေ့စဉ်ခြုံ၍၊အကုန်အရနှိုင်းချိန်ဆသော်၊အရဘက်က၊သာစေမှ၊သမဇီဝိတခေါ်။

၄။ သဒ္ဓါ,သီလ၊စာဂ,ပညာ၊လေးဖြာစုံတောင်း၊မိတ်ဆွေကောင်းနှင့်၊ပေါင်း၍အတု၊ကိုယ်လည်းပြုမှ၊ကလျာဏမိတ္တ ပြည့်စုံသည်။

## စီးပွားဖြစ်ကြောင်းလေးပါး

ပျက်လျှင်လည်းပြင်၊ပျောက်လျှင်လည်းရှာ၊မျှဝေသုံးစွဲ၊
ဉာဏ်ကြီးသူအား၊အမှူးထား၊လေးပါးကြီးပွားကြောင်း။

## စီးပွားပျက်ကြောင်းလေးပါး

ပျက်လျှင်မပြင်၊ပျောက်လျှင်မရှာ၊ဗလဝါသုံး၊
ဉာဏ်တုံးသူအား၊အမှူးထား၊လေးပါးပျက်စီးကြောင်း။

**စီးပွားပျက်ကြောင်း ဓုတ္တလေးပါး**

၁။ ဣတ္ထိဓုတ္တ -မိန်းမလိုက်စားခြင်း။
၂။ သုရာဓုတ္တ -အရက်သေစာသောက်စားခြင်း။
၃။ အက္ခဓုတ္တ -လောင်းကစားလိုက်စားခြင်း။
၄။ ပါပမိတ္တ -မိတ်ဆွေမကောင်းနှင့် ပေါင်းသင်းခြင်း။

လင်္ကာ။ မိန်းမလိုက်စား၊သေသောက်စားနှင့်၊လောင်းစား
တစ်ထွေ၊ယုတ်လေမိတ်သဟာ၊ဤလေးဖြာ၊
မှတ်ပါပျက်စီးကြောင်း။

**အနာကုလ-အလုပ်မရှုပ်ထွေးကြောင်းလေးပါး**

၁။ အချိန်အခါကိုသိနားလည်ခြင်း။
၂။ သင့်လျော်အောင်ပြုလုပ်တတ်ခြင်း။
၃။ မပျင်းမရိ လုံ့လရှိခြင်း။
၄။ မပျက်စီးအောင် ပြုလုပ်တတ်ခြင်း။

လင်္ကာ။ ချိန်ခါသိလင့်၊သင့်အောင်ပြုခြင်း၊မပျင်းမရိ၊
လုံ့လရှိလျက်၊မပျက်စီးစေ၊အလုပ်တွေ၊
ရှုပ်ပွေမရှိရာ။

**မင်္ဂလာကဗျာ**

မြင့်မိုရ်ရွှေတောင် မိဘကျေးကို
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊
ကြွေးသစ်ချကာ သားနှင့်မယားကို
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနှင့်
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး မြှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာမင်္ဂလာတွေ။

------------------

## လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး

၁။ ဒါနဉ္စ မင်္ဂလာဟူသည် စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း။

၂။ ဓမ္မစရိယာစ မင်္ဂလာဟူသည် မိမိသန္တာန်၌ သုစရိုက်ဖြစ်အောင် ကျင့်ဆောင်ရခြင်း။

၃။ ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာဟူသည် ဆွေမျိုးများကို ပေးကမ်းချီးမြှင့်ထောက်ပံ့ရခြင်း။

၄။ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာဟူသည် အပြစ်မရှိသောအလုပ်တို့ကိုပြုလုပ်ရခြင်း။

လင်္ကာ။ ။ လှူဒါနနှင့်၊တရားကျင့်၊ထောက်ပင့်ဉာတကာ။
ပြစ်မဲ့အမှုကောင်းစွာပြု၊မှတ်ရှုမင်္ဂလာ။

မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာကို။
စွန့်ကြဲလေတုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
မလှူမဒါန်း၊ဆင်းရဲလမ်း၊လှူဒါန်းချမ်းသာမည်။
ချမ်းသာသူမှာ၊စဉ်မကွာ၊မင်္ဂလာရှိပေသည်။

● စွန့်လွှတ်မကင်း၊ပေးကမ်းခြင်းကား၊အချင်းခပ်သိမ်း၊မှုမျိုးငြိမ်း၏၊သူစိမ်းသူကျက်၊နှစ်သက်သဘော၊သင့်လိုက်လျောလော့၊လောကီပုဂ္ဂိုလ်၊လူထိုထိုလည်း၊အလိုလိုက်က၊ကြိုက်တတ်သည်ချည်း၊ဖြစ်သတည်းရှင့်။

● တစိုးတစိ၊မလှူဘိဘဲ၊မိမိဥစ္စာ၊မိမိသာလျှင်၊ပမာခွေးလား၊ကိုယ်ထီးစားကို၊ဘုရားအရိယာ၊သူမြတ်စွာတို့၊ဘယ်ခါရှင်ဝမ်း၊မချီးမွမ်းဘူး။

- ကောင်းကျိုးကုသိုလ်၊နောင်ဘို့လိုက၊ပုဂ္ဂိုလ်ယုတ်မြတ်၊မမှတ်သင့်ရှေး၊သဒ္ဓါစေး၍၊မရွေးအပ်စွာ၊တွေ့ရာရာအား၊စေတနာမြတ်နိုး၊ဖြစ်စေကြိုးလော့။

- သဒ္ဓါမရှေး၊မပေးမလှူ၊မုန်းဆေးဟူ၏။ပေးလှူတတ်သော်၊ချစ်ဆေးကျော်တည့်။

- ယူမှားမိစွာ၊မောဟကာ၍၊သဒ္ဓါကင်းထ၊မစ္ဆေရနှင့်၊ထိုမျှသသူ၊စိတ်မဖြူတို့၊လှူမည်ဝမ်းထဲ၊ကြံမရဲဘူး၊ကြံခဲ့အလို၊ဝန်တိုငတ်ငတ်၊မယှဉ်ငှက်သို့၊တသက်လုံးလုံး၊မသုံးရက်ဟူ၊မလှူရက်ဘဲ၊ခန္ဓာစဲက၊မူးပဲမပါ၊ငတ်မွတ်စွာလျှင်၊ပြိတ္တာပြိတ္တီ၊ဖြစ်ကုန်ဘိ၏။

ဖုန်းတောင်းယာစကာ၊ခံရောက်လာသော်၊သဒ္ဓါသုံးဝ၊ထက်လှစေချင်၊ပေးစွန့်ကြသည်၊လှူရဲစေ။

နောင်သံသရာ၊ရိက္ခာအတူ၊ကံကျွေးဟူသည်၊အလှူဆိုကမဆုတ်ကြနှင့်၊ရဲလှပါစေ၊တံစက်အောက်တွင်၊ခံသောက်ရေလား၊ကျဖန်များက၊ပြည့်ငြားသည်သာ၊ထုံးဟောင်းစာကိုထောက်ပါလေ။

## နည်းနည်းပေးက များများရ

တစ်စုံတစ်ခု၊ဝတ္ထုဒါန၊နည်းငယ်မျှကို၊ဒါနစေတနာ၊ထက်သန်စွာဖြင့်၊သဒ္ဓါဖွေးဖြူ၊အလေးမူ၍၊ပေးလှူစာဂ၊ပြုလုပ်ရမူ၊ထိုသည့်သူအား၊နတ်လူပြဟ္မာ၊ဘုံခန်းဝါ၌၊ချမ်းသာစည်းစိမ်၊လက်လက်ထိန်၍၊ဂုဏ်ရှိန်ကြီးစွ၊သာဝကနှင့်၊ပစ္စေကဗုဒ္ဓါ၊သမ္မာသမ္ဗောဓိ၊ဉာဏ်ပိုင်ရှိအောင်၊မိမိလက်ကိုင်၊ပေးစွမ်းနိုင်၊ဆိုပိုင်ကျမ်းဂန်မှာ။

အပ္ပဝတ္ထုမရှုတို့ရာ၊နည်းမျှသာလည်း၊တစ်ယာကွမ်းဆေး၊ ရေအေးတစ်ခွက်၊ဆီတစ်စက်နှင့်၊လက်ဖက်တစ်ရိုး၊ကြံတစ်ချိုးမျှ၊မြတ်နိုးကြည်ဖြူ၊ဒါနဟူသည်၊နတ်လူနိဗ္ဗာန်၊ချမ်းသာမှန်၊ကောန်ပေးတတ်စွာ။

ထမင်းအိုးဆေး၊ဟင်းအိုးဆေး၊ခွက်ဆေးကြွင်းအကျန်။
ကုန်းပေါ်မှာနေ၊ရေမှာနေ၊ပိုးတွေများစွာစားကြရန်။
စေတနာထား၊စွန့်ကြပြား၊စီးပွားဥစ္စာပြည့်စုံမှန်။

**အလှူခံ ၁၄ ဦး**

ဘုရားမြတ်စွာ၊ပစ္စေကနှင့်၊အရိယာရှစ်ဝ၊ဈာန်ရဟာဟိ၊ နှစ်လီပုထုဇဉ်၊တိရစ္ဆာန်၊လှူခံတစ်ကျိပ်လေး။

၁။ သမ္မာသမ္ဗုဒ္ဓဘုရား။
၂။ ပစ္စေကဗုဒ္ဓါ။
၃။ သောတာပတ္တိမဂ္ဂဋ္ဌာန်။
၄။ သောတာပတ္တိဖလဋ္ဌာန်။
၅။ သကဒါဂါမိမဂ္ဂဋ္ဌာန်။
၆။ သကဒါဂါမိဖလဋ္ဌာန်။
၇။ အနာဂါမိမဂ္ဂဋ္ဌာန်။
၈။ အနာဂါမိဖလဋ္ဌာန်။
၉။ အရဟတ္တမဂ္ဂဋ္ဌာန်။
၁၀။ အရဟတ္တဖလဋ္ဌာန်။
၁၁။ ဈာန်ရပုဂ္ဂိုလ်။
၁၂။ ကလျာဏပုထုဇဉ်။ (သီလဝန္တ)
၁၃။ အန္ဓပုထုဇဉ်။ (ဒုဿီလ)
၁၄။ တိရစ္ဆာန်။

## စေတနာသုံးတန်ကျိုးပေးဟန်

● ဒါနဟူသည်၊ပြုအံ့ရည်သော်၊မလည်မသုန်၊သဒ္ဓါဟုန်ဖြင့်၊မတုံ့မလှုပ်၊ထိန်းအုပ်မချွေ၊မတွန့်စေနှင့်၊လှူတွေရှေ့ဖို့ဉာဏ်မဲ့ချို့၍၊တွန့်တိုတုံ့က၊ပထမရွှယ်၊နောင်ခါဝယ်၌၊နွမ်းနယ်ချမ်းသာ၊ဆိုးရုပ်ဝါနှင့်၊မဟာကုသ၊ပဉ္စပါပီ၊မဟေသီသို့၊ယက္ခီယက္ခ၊တူတမျှဖြင့်၊ရူပလက္ခဏာ၊ပျက်တတ်စွာ၏။

● နောက်မှာတွန့်ငြား၊သားသမီးမဲ့၊ချို့တဲ့ယွင်းယို၊ထန်းငုတ်တိုသို့၊အိုခါဒုက္ခ၊ရသည်ဆင်းရဲ၊တိမ်းလွဲစည်းစိမ်၊ဂုဏ်သိမ်နိမ့်ကျ၊ဖြစ်တတ်စွ၏၊ပဒုမဝတီ၊ဒေဝီနေမြတ်၊သန္ဓေနတ်နှင့်၊ပညတ်မည်ထုတ်၊အပုတ္တက၊သူဌေးစသည့်၊ထိုမျှဝတ္ထု၊အစုစုကို၊မျှော်ရှုနှိုင်းဆ၊ထောက်အပ်စွရှင့်။

● မုဉ္စအခါ၊တွန့်တိုပါသော်၊အင်္ဂါချို့တဲ့၊ဂုဏ်မဲ့မျိုးနွယ်၊မတင့်တယ်ဘဲ၊ငယ်၏တန်ခိုး၊မပြည့်ဖြိုးသည်၊နွမ်းညိုးရော်ရမည်ကိုကား။

## ဒါနပြုလျှင် မြဲဆင်ခြင်

ပစ္စည်းဥစ္စာ၊လေးခုဖြာ၊တစ်ဖြာစားသုံးကြ။
နှစ်ဖြာသော်ကား၊ကျိုးစီးပွား၊မမှားပြုကုန်ကြ။
ဘေးတွေ့ခဲ့ပြန်၊စားထိုးရန်၊တစ်တန်သိမ်းဆည်းကြ။
စားသည့်ထဲမှ၊လှူအပ်စွ၊ဗုဒ္ဓမိန့်ခွန်းပ့ါ။

**ကုသိုလ်အမျိုးအစားလေးပါး**

ကုသိုလ်ပြုစဉ်၊ကံကျိုးမြင်သိ၊ဉာဏ်ယှဉ်ဘိ၊တိဟိတ်ကုသိုလ်ခေါ်။
ရှေ့နောက်နှစ်ရပ်၊ကုသိုလ်ညှပ်၊ဥက္ကဋ္ဌအမြတ်ခေါ်။
ကုသိုလ်ပြုစဉ်၊ကံကျိုးမြင်သိ၊ဉာဏ်မရှိ၊ဒွိဟိတ်ကုသိုလ်ခေါ်။
ရှေ့နောက်နှစ်တန်၊အကုခြံ၊ညံ့ဟန်ဩမကခေါ်။

ကုသိုလ်သည် -----

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ် ၂။ တိဟိတ်ဩကမကုသိုလ်
၃။ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ် ၄။ ဒွိဟိတ်ဩမကကုသိုလ်-ဟု လေးမျိုးရှိသည်။

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် အဆင့်အမြင့်ဆုံးကုသိုလ်ဖြစ်၍ အဆင့်မြင့်ဆုံးတိဟိတ်လူသားဖြစ်အောင်အကျိုးပေးသည်။

၂။ တိဟိတ်ဩကမကုသိုလ်,ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်တို့သည် အလယ်အလတ်တန်းစားကုသိုလ်ဖြစ်၍ အလယ်အလတ်တန်းစား ဒွိဟိတ်လူသားဖြစ်အောင်သာအကျိုးပေးသည်။

၃။ ဒွိဟိတ်ဩမကကုသိုလ်သည် အောက်တန်းစားအညံ့စားကုသိုလ်ဖြစ်၍ အောက်တန်းစားအညံ့စားသုဂတိအဟိတ်လူသားဖြစ်အောင်အကျိုးပေးသည်။

ထို့ကြောင့် နိဗ္ဗာန်မရမချင်း အဆင့်မြင့်တိဟိတ်လူနတ်ဗြဟ္မာဖြစ်စေဖို့ အဆင့်အမြင့်ဆုံး တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဖြစ်အောင်ပြုလုပ်ကြရမည်။

### ကုသိုလ်ပြုနည်း

ကုသိုလ်အရေခြုံ၊ငွေတွေကုန်၊ပျော်ရုံသက်သက်ပင်။
ကုဒ္ဒိုလ်လွန်ကဲ၊ငွေကုန်နည်း၊ဉာဏ်လည်းယှဉ်စေချင်။
အကျိုးကိုရှု၊ကုသိုလ်မှုပျော်မှုဝေးစွာကြဉ်။
ထိုကုသိုလ်ရေး၊အကျိုးပေး၊ငြိမ်းအေးနိဗ္ဗာန်ဝင်။

### ဒီလိုမလှူနဲ့

ကြောက်ရွံ့ကြွားပို၊ထင်ပေါ်လို၊နောင်ကိုတောင့်တ မလှူရ။
တစ်ပါးနှိမ့်ချ၊စိတ်မပါက၊မကောင်းလှ၍ မလှူရ။
မိမိအလှူ၊မကြည်ဖြူ၊ပြူစူစောင်းရွဲ့မလှူနဲ့။
ရှိသေကင်းလျက်၊မာနတက်၊တစ်ဖက်ရှက်အောင်မလှူနဲ့။
မသန့်ငွေကြေး၊အလှူပေး၊နောင်ရေးကောင်းအောင်မလုပ်နဲ့။

### ဒီလိုလှူ

ဝင်ငွေကင်းပြတ်ရာ၊နိဗ္ဗာန်သာလျှင်၊မှန်စွာမုချ၊ရောက်လိုလှ၍၊ ထိုမှတစ်ပါး၊အများသူငါ၊ဝမ်းပန်းသာသော၊မဟာဒါန၊ဝိဝိဋ္ဋသာ၊ ချမ်းသာစေကြောင်း၊လှူလျှင်ကောင်းသည်၊စိတ်ပောင်းဖျက်၍ မှတ်ပါချိမ့်။

### ဒါနနှစ်မျိုး

၁။ လှူဒါန်းကြောင်း ပုဗ္ဗ, မုဉ္စ, အပရစေတနာသည် စေတနာဒါန။
၂။လှူဒါန်းအပ်သော သက်န်းစသောလှူဖွယ်ပစ္စည်းသည်ဝတ္ထုဒါန။

### စေတနာဒါန သုံးတန်ပြ

ပုဗ္ဗ မုဉ္စ၊ အပရပါ၊ ဤသုံးဖြာ၊ စေတနာဒါနတည်း။

**ဒါနသုံးမျိုး**

၁။ မိမိစားသောက်သုံးဆောင်သည့် ပစ္စည်းဝတ္ထုအောက် ယုတ်ညံ့သောပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည်ဒါနဒါသမည်၏။

၂။ မိမိစားသောက်သုံးဆောင်သည်နှင့်အညီ တန်းတူရည်တူ ထား၍လှူခြင်းသည် ဒါနသဟာယမည်၏။

၃။ မိမိသုံးဆောင်စားသောက်ဝတ်ဆင်သည်ထက် မွန်မြတ် သောပစ္စည်းဝတ္ထုကိုပေးလှူခြင်းသည် ဒါနသာမိမည်၏။

**ဒါနသုံးမျိုးအကျိုးပေးပုံ**

၁။ ဒါနဒါသသည် ယုတ်မာသောသားမယားကျေးကျွန် ဥစ္စာ ပစ္စည်းတို့ကိုရရှိ၍ ထိုသူ ထိုပစ္စည်းတို့ကြောင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲရတတ်သည်။

၂။ ဒါနသဟာယသည် စိတ်တူကိုယ်တူ တန်းတူရည်တူ သား မယားစသည် ထိုက်တန်သောပစ္စည်းစသည်ကို ရရှိသော်လည်း ဆိုဆုံးမ မကောင်းခြင်း နှုတ်လှံ့ထိုးခြင်း ကြေးတမ်းတိုက်ခြင်းစသည် တို့ကြောင့် စိတ်ဆင်းရဲရတတ်သည်။

၃။ ဒါနသာမိသည် မြင့်မြတ်သော သားမယားကျေးကျွန် ပစ္စည်းဥစ္စာစသည်တို့ကို ရရှိစေပြီး ထိုအရာတို့ကြောင့် မျက်မှောက် မျက်ကွယ်ကိုယ်စိတ်နှစ်ပါးချမ်းသာစွာ ခံစားစံစားရတတ်သည်။

**တနည်း---ဒါနသုံးမျိုး**

၁။ မိမိကိုယ်တိုင် ကိုယ်ထိလက်ရောက် ပေးလှူခြင်းသည် သာဟတ္ထိကဒါန။

၂။ သူတစ်ပါးကိုစေခိုင်း၍လှူခြင်းသည် အာဏတ္တိကဒါန။

၃။ အဝေးရောက်ပစ္စည်းဝတ္ထုကိုလှူခြင်း၊ အဝေးရောက်ပုဂ္ဂိုလ် ကိုလှူခြင်း၊ပစ်လွှင့်၍လှူခြင်းသည် နိဿဂ္ဂိယဒါန။

ထိုသုံးမျိုးတို့တွင်--

၁။ သာဟတ္ထိကဒါနသည်မိမိလက်၌ရှိသော ပစ္စည်းဝတ္ထုနှင့်တူ၏။

၂။ အာဏတ္တိကဒါနသည် သားသမီးလက်၌ အပ်နှံထားသော ပစ္စည်းဝတ္ထုနှင့်တူ၏။

၃။ နိဿဂ္ဂိယဒါနသည် သူစိမ်းလက်၌ အပ်နှံထားသောပစ္စည်းဝတ္ထုနှင့်တူ၏။

## အလှူပေးအလှူခံ အင်္ဂါခြောက်တန်

မလှူခင် လှူဆဲ၊ လှူပြီးလဲ၊ စိတ်ထဲကြည်ရမည်။
လှူဒါန်းသူအတွက်၊ ဤသုံးချက်၊ မပျက်စုံရမည်။
လောဘ ဒေါသ၊ မိုက်မောဟ၊ ကင်းပပြီးရမည်။
မကင်းသော်လည်း၊ ကင်းအောင်ပဲ၊ ကျင့်ဆဲဖြစ်ရမည်။
အလှူခံဘက်၊ ဤသုံးချက်၊ မပျက်စုံရမည်။
ဒါနပြုရာ၊ ဤခြောက်ဖြာ၊ မှန်စွာစုံရမည်။
အင်္ဂါခြောက်ဝ၊ ပြည့်စုံမှ၊ မုချကျိုးကြီးမည်။

## သပ္ပုရိသဒါနငါးပါး

သဒ္ဓါကြည်ညို၊
ရိုသေလှစွာ၊
အခါကိုသိ၊
မစွန်းငြိဘဲ၊
မထိမပါး၊လှူတုံငြား၊
ငါးပါးသပ္ပုရိသမြတ်ဒါန။

### သပ္ပုရိသဒါနအကျိုး

၁။ သဒ္ဓါကြည်ရွှင်၊လှူဒါန်းလျှင်၊ရုပ်သွင်အဆင်းလှ။
၂။ ရှိသေလှူငြား၊သူ့စကား၊အများနာယူကြ။
၃။ ချိန်ခါသိသဖြင့်၊လှူတုံလင့်၊ချိန်သင့်ကောင်းကျိုးရ။
၄။ မစွန်းငြိတောင်း၊လှူတုံရှောင်း၊အကောင်းသုံးဆောင်ရ။
၅။ မထိမပါး၊လှူတုံငြားမူ၊ထိုသည့်သူ၏၊ပြောထူများပြား၊
စည်းစိမ်အားငါးပါးရန်မခ။

သပ္ပုရိသ၊ဒါနကျိုးဆက်၊ဤငါးချက်၊နှုတ်တက်ဆောင်ကုန်ကြ။

### သုစရိုက်တရားဆယ်ပါး

### ကာယသုစရိုက် သုံးပါး

၁။ပါဏာတိပါတဝိရတီ - သူတစ်ပါးအသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခြင်း။
၂။အဒိန္နာဒါနဝိရတီ - သူတစ်ပါးဥစ္စာကိုခိုးယူခြင်းမှရှောင်ကြဉ်ခြင်း။
၃။ကာမေသုမိစ္ဆာစာရဝိရတီ- ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှရှောင်ကြဉ်ခြင်း။

### ဝစီသုစရိုက်လေးပါး

၁။မုသာဝါဒဝိရတီ - မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း။
၂။ပိသုဏာဝါစာဝိရတီ - ဂုန်းတိုက်ချောပစ်သောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း။
၃။ဖရုသဝါစာဝိရတီ - ကြမ်းတမ်းသောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း။

၄။သမ္ဖပ္ပလာပဝိရတိ - အကျိုးမရှိ အနှစ်မဲ့သော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

**မနောသုစရိုက်သုံးပါး**

၁။အနဘိဇ္ဈာ -သူတစ်ပါးစည်းစိမ်ကို မတရားမကြံစည်ခြင်း။
၂။အဗျာပါဒ -သူတစ်ပါးကို မဖျက်ဆီးခြင်း။
၃။သမ္မာဒိဋ္ဌိ -ကောင်းသောအယူကိုယူခြင်း။ (အယူမှန်ခြင်း)

**အနဝဇ္ဇာနိ ကမ္မာနိ**

အကုသိုလ်ပြစ်၊မင်းအပြစ်နှင့်၊စင်စစ်ဝေးခြား၊အလုပ်များကို၊ကြိုးစားမယုတ်၊ကောင်းပြုလုပ်က၊အလုပ်ကြောင့်သာ၊မင်္ဂလာမောင့်မှာတိုးလိမ့်မည်။

**အကုသိုလ်အပြစ်**လည်းမရှိ၊မင်းအပြစ်လည်းမရှိသော **အ**လုပ်ကို အနဝဇ္ဇာနိ**ကမ္မာနိ**-အပြစ်မရှိသောအလုပ်ဟု ခေါ်ပါသည်။

- အပြစ်ကင်းငြား၊လုပ်ကိုင်စား၊ကြီးပွားချမ်းသာမည်။
- အပြစ်ကင်းစွာ၊မဖွေရှာ၊နောင်ခါမုချ ခက်တတ်သည်။

မင်္ဂလာကဗျာ

သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေငှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး သည်ပိုးရွက်ဆောင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

---

### ရှောင်ကြဉ်ရေးမင်္ဂလာလေးပါး

၁။ အာရတီပါပါ မင်္ဂလာဟူသည် မကောင်းမှုတို့ကို စိတ်ဖြင့် ဝေးစွာ ရှောင်ကြဉ်ခြင်း။

၂။ ဝိရတီပါပါ မင်္ဂလာဟူသည် မကောင်းမှုတို့ကို ကိုယ်နှုတ်ဖြင့် အထူးရှောင်ကြဉ်ခြင်း။

၃။ မဇ္ဇပါနာစ သံယမော မင်္ဂလာဟူသည် သေရည်အရက်မူး ယစ်ဆေးဝါးသောက်စားခြင်းမှ စောင့်စည်းခြင်း။

၄။ အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာဟူသည် သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့၌ မမေ့လျော့ မပေါ့ဆခြင်း။

လင်္ကာ။ ဒုစရိုက်ရှောင်ကြဉ်၊သေရည်ကြဉ်၊အစဉ်ချမ်းမြေ့ရာ။
ကုသိုလ်ပုညာ၊မမေ့ရဒါမှမင်္ဂလာ။

### ဒုစရိုက်တရား ဆယ်ပါး

### ကာယဒုစရိုက်သုံးပါး

၁။ပါဏာတိပါတ- သူတစ်ပါးအသက်ကိုသတ်ခြင်း။

၂။အဒိန္နာဒါန - သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်း။

၃။ကာမေသုမိစ္ဆာစာရ- ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း။

လင်္ကာ။ သက်သတ်ခိုးမှု၊ကာမေသု၊သုံးခုကာယကံ၊

### ဝစီဒုစရိုက် လေးပါး

၁။မုသာဝါဒ - မဟုတ်မမှန်သော စကားကိုပြောဆိုခြင်း။

၂။ပိသုဏာဝါစာ - ကုန်းတိုက်ချောပစ်သောစကားကို ပြောဆိုခြင်း။

၃။ဖရုသဝါစာ - ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း။
၄။သမ္ဖပ္ပလာပ - အကျိုးမရှိ အနှစ်မဲ့သောစကားကို ပြောဆိုခြင်း။
လင်္ကာ။ လှည့်စားရန်တိုက်၊မိုက်မိုက်ကန်းကန်း၊နှုတ်ကြမ်းလေခြင်း၊ ပိန်ဖျင်းစကား၊ပြောဆိုငြား၊လေးပါးဝစီကံ။

**မနောဒုစရိုက်သုံးပါး**

၁။အဘိဇ္ဈာ -သူတစ်ပါးစည်းစိမ်ကို မတရားကြံစည်ခြင်း။
၂။ဗျာပါဒ -သူတစ်ပါးကို ဖျက်ဆီးခြင်း။
၃။မိစ္ဆာဒိဋ္ဌိ -အယူမှားခြင်း။
လင်္ကာ။ သူ့ဥစ္စာမှန်၊မတရားကြံ၊ဖောက်ပြန်သေကြေ၊ ပျက်စေလိုငြား၊အယူမှား၊သုံးပါးမနောကံ။

❁ သေစာသောက်စား၊လမ်းသွားခါမဲ့၊ရှင့်သဘင်၊ပျော်ရွှင်အံ့ လောင်း၊မကောင်းမိတ်ဖျင်း၊ပျင်းရိခြင်းကား၊ယိုယွင်းဥစ္စာပျက် ကြောင်းတည်း။

❁ ဥစ္စာယုတ်ခြင်း၊ငြင်းခုံများစွာ၊ရောဂါထူပြော၊ကျော်ဇောမဲ့တုံ၊ မလုံအင်္ဂါ၊ပညာနည်းရှား၊ဤခြောက်ပါးကား၊သောက်စားသေစာအပြစ် တည်း။

❁ သေရည်သောက်လင့်၊သင့်မသင့်၌၊ရေးခွင့်မသိ၊ပျင်းရိမေ့ ရှူး၊ကျေးဇူးမဆပ်၊ဟိရောတ္တပ်ကင်း၊ခပင်းများထို၊အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ပြုကျင့်ရာသည်၊ရှောင်ကာအပြန်အကျိုးတည်း။

**ပမာဒ**

ကိုယ်နှုတ်စိတ်၌၊ဒုစရိုက်ကို၊နှစ်ခြိုက်မှောက်မှား၊ပြုလိုက်စား၍၊ငါးပါးအာရုံ၊ကာမဂုဏ်ကို၊ခုံမင်မွေ့လျော်၊ရွှင်မြူးပျော်လျက်၊သူတော်ကောင်းများ၊မြတ်တရားကို၊မပွားခလေ့၊မပျော်မွေ့ဘဲ၊မေ့လျော့ပေါ့ဆ၊နေနိုင်က၊ပမာဒဟုခေါ်သတည်း။

**မင်္ဂလာကဗျာ**

မကောင်းမှုတွေ ဟူသမျှကို
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာရင် မလွန်ကျူးနဲ့
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့
မှောက်မှားတတ်တဲ့အရာတွေ။
လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

---

## စိတ်ထားရေးမင်္ဂလာ ငါးပါး

၁။ ဂါရဝေါစ မင်္ဂလာဟူသည် အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကိုရိုသေလေးစားရခြင်း။

၂။ နိဝါတော စမင်္ဂလာဟူသည်ခြေသုတ်ပုဆိုး၊မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးသောနွား၊ဒွန်းစဏ္ဍားပမာ၊မာန်မာနကိုနှိမ့်ချရခြင်း။

၃။ သန္တုဋ္ဌီစ မင်္ဂလာဟူသည် ရသမျှဖြင့်ရောင့်ရဲလွယ်ခြင်း။

၄။ ကတညုတာ မင်္ဂလာဟူသည် ရှေးကပြုဖူး သူ့ကျေးဇူးကို အထူးဆင်ခြင်သိမြင်ခြင်း။

၅။ ကာလေန ဓမ္မဿဝနာ မင်္ဂလာဟူသည် သင့်လျော်သော အခါ၌ တရားတော်ကို နာကြားရခြင်း။

လင်္ကာ။ ရိုသေထိုက်က၊ရိုသေကြ၊နှိမ့်ချကိုယ့်ကိုသာ။
ရောင့်ရဲလေဘိ၊ကျေးဇူးရှိ၊ဆပ်ဘိတုံ့ပြန်ကာ။
သင့်လျော်ခါများ၊နာတရား၊မှတ်သားမင်္ဂလာ။

❁ မိဘဆရာ၊ဥာတကာနှင့်၊သိက္ခာဂုဏ်ကြီး၊အသက်ကြီးကို၊ ထံနီးတွေ့က၊ရိုသေကြ၊ဂါရဝမင်္ဂလာခေါ်။

❁ မာန်ထောင်လွှားက၊မျိုးယုတ်ရ၊နှိမ့်ချမျိုးမြတ်သည်။
နှိမ့်ချသူမှာ၊စဉ်မကွာ၊မင်္ဂလာရှိပေသည်။

❁ ဂုဏာဝယ၊ဝုဍ္ဍကိုယ့်ထက်၊ဂုဏ်သက်နှစ်ပါး၊ကြီးသူအားလည်း၊ ပြစ်မှားရှုတ်ချ၊မပြုရဘူး၊ဆူးကျဖက်ပေါက်၊ဖက်ပေါ် ဆူးကျ၊ဆိုကြသ ဖွယ်၊ကိုယ်ဝယ်ချည်းပေ၊ပြစ်ရောက်ချေ၏။

- ရေးဝယ်သောခါ၊တောဟေမာဝယ်၊ပညာမြော်မြင်၊ခါမျောက်ဆင်တို့ညောင်ပင်တစ်ခု၊သက်သေပြု၍၊ဂုဏဝုမှာ၊ပစာယန၊ကျင့်ကုန်ကြကြောင့်၊လူမှုမတန်၊တိရစ္ဆာန်လျက်၊နတ်ထံမှုချ၊ရောက်ကုန်ကြ၏။

- ပညာချင့်ထောက်၊မာန်မမောက်နှင့်၊ကိုယ့်အောက်တန်းတူ၊အထက်သူဟု၊မှတ်ယူမြဲသို၊သုံးပုဂ္ဂိုလ်တွင်၊အောက်ကိုသနား၊တန်းတူအားမူ၊မြောက်စားအမျှ၊မရှုတ်ချနှင့်၊ထက်ကသူမှာ၊ရိုသေရာ၏။

- လောကလူတွင်၊ငါသာလျှင်တိ၊ငါ့ပြင်မရှိ၊ထင်ဘိမှတ်ယောင်၊မောဟဆောင်၍၊အန်ထောင်မာန၊မမူရတည့်။

- သုတတရား၊မြင်ကြားအသိ၊များစွာရှိလည်း၊သတိမယှဉ်၊သမ္ပဇဉ်မမှီး၊မာနကြီးက၊ခွေးမြီးပညာ၊မည်စပါခဲ့၊ထောင်ကာမတ္တ၊သုံးမကျရှင့်။

- ထိုမာနမျိုး၊တရားဆိုးကား၊ကောင်းကျိုးယှဉ်စပ်၊မဟူအပ်ဘူး၊အရပ်မြင့်ထီး၊ခက်မဖြီးသား၊စေ့ကြီးရိပ်ငယ်၊အုန်းပင်နှယ်သို့၊မှီတွယ်ကိုးရာ၊ဘေးတွေ့ခါသော်၊ဘယ်မှာတစ်၊ဘော်မရှိဘဲ၊မိမိချည်းသာ၊ပျက်စီးရာ၏၊ငါသာငါမင်း၊အနိုင်တင်း၍၊မာန်ပြင်းမဝေရစ်စေနှင့်။

❁ ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊
တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း၊
ရှိတာလေးနဲ့ လှအောင်ဝတ်၊
ရတာလေးနဲ့ ဝအောင်စား၊
ပြိုင်လာလျှင် အရှုံးပေး၊ နှလုံးအေးတဲ့ဆေး။

❁ အသက်ကယ်သူ၊ညှိုးပူဒုက္ခ၊ရှိကာလက၊မ,စသသူ၊ညီကူ ပင့်ထောက်၊မင်းဖြစ်မြောက်အောင်၊တင်မြောက်သသူ၊သုံးယောက် လူကို၊ကြည်ဖြူဝမ်းတွင်း၊ပစ်မကွင်းနှင့်။

❁ ကြောင်းကျိုးမသိ၊လူ့ဒိဋ္ဌိတို့၊မိုးရှိလောက်စင်၊ပြုပါချင်လျက်၊ မတင်ကျေးဇူး၊ဖျောက်ထိမ်မြုံး၏။

❁ ကိုယ်မှာပြုဖူး၊သူ့ကျေးဇူးကို၊ထိမ်မြုံးမအပ်၊တုံ့ပြန်ဆပ်၍၊ တွက်နပ်ကောင်းပေ၊ပစ်မချေနှင့်၊သသေမိယ၊သုဒေဝသို့၊ဒိဋ္ဌကြီးစွာ၊ ပြစ်ရောက်လာလိမ့်၊သမ္မာကျင့်သုံး၊သူတော်ထုံးကို၊နှလုံးတွင်းမှာ၊သွင်း သေချာလော့။

❁ မေတ္တာရှေးဦး၊ပြုပေးဖူးကို၊ကျေးဇူးသိမှု၊ကတညုတည့်၊ထိုသူ့ ထက်ပင်၊ကျေးဇူးအင်ကို၊ထင်ထင်မချွတ်၊ပြောဆိုတတ်က၊သူမြတ် မှန်လှ၊ကတဝေဒီ၊ဟူတုံ့ပြီရှင့်။

❁ လောကီလူစု၊မြင်ဉာဏ်နုတို့၊သူပြုအထူး၊သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်၊မခေါက်မရက်၊နှစ်သက်အင်ရွှဲ၊သိတတ်ခဲ၏။

● သဝိဥာဏကမမဟုတ်စွသေးရက္ခဆာယာ၊သစ်ရိပ်သာ၌၊ ရံခါတခိုက်ကြုံကြိုက်နေနား၊ခိုမိငြားကပြစ်မှားလိုလျက်၊တရားဖျက်၍၊ အခက်ကိုမျှမချိုးရဘူး၊ချိုးကဗာလမိတ္တဒုဗ္ဗော၊ပျက်ခေါင်ကျော်သည့်၊ မတော်စရိုက်၊လူ့ငမိုက်တည့်။

● ကျေးဇူးချေကမပြုရာတည့်၊လူသာမဟုတ်၊အယုတ် တိရစ္ဆာန်၊မှုဝန်ဆောင်ဘိ၊ဟတ္တိ၊အဿ၊ဂေါဏ၊မဟိံသာ၊စသည်မှာ လည်း၊ပျိုခါစေစား၊အိုခါရှား၍၊စွန့်ထားပယ်ကမပြုရာဘူး၊ပြုတုံပါက၊ မိတ္တဒုဗ္ဗ၊မညီမမွ၊လူ့ပါပတည့်။

● ဤလူ့ဘဝ၊လူ့လောက၌၊ဉာဏသမ္ဘဇဉ်၊ကင်းမယှဉ်ဘဲ၊ ကတညုတ၊ကတဝေဒီ၊မသိတတ်သူ၊လူမသမာ၊ထိုများစွာတို့ချမ်းသာ စည်းပွား၊လျော့ပါးယိမ်းယိုင်၊မြဲမခိုင်ဘူး၊ဓမ္မကရိုဏ်စစ်ရေ၊ကျဖျားရေ သို့၊သရေမတိုး၊ဘုန်းရောင်ညှိုးလျက်၊တန်ခိုးနေ့ညဆုတ်လပမာ၊ယုတ် တတ်စွာ၏။

သူ၏ကျေးဇူး၊ရှိပေဖူး၊အထူးသိအပ်စွာ။
ခွင့်သင့်ကြုံလတ်၊တုံ့ပြန်ဆပ်၊ရအပ်ကျိုးများစွာ။
ကျေးဇူးတုံ့လှယ်၊ချစ်ကြိုးသွယ်၊ဖြိုးကြွယ်မင်္ဂလာ။

## ကျေးဇူး

ကျေးဇူးသစ္စာ၊ရှိပါလျက်သား၊ပြစ်မှားတော်လှန်၊အကျင့်တန် ၍၊ဖောက်ပြန်တုံက၊ဘုန်းစကံညွန့်၊မဖွံ့မဖြိုး၊သက်ဆိုးမရှည်၊ဇီဝိန်ရှိသ မျှ၊အောက်တန်းကျ၏။

ကုသိုလ်ကံလျှင်၊ကျေးဇူးရှင်၊စိတ်တွင်မှတ်ပါမည်။
ကုသိုလ်ထပ်ထပ်၊ပြုတုံလတ်၊ကျေးဇူးဆပ်ပါမည်။

မှတ်ချက်။ မိမိကိုယ်တိုင်ပြုလုပ်ခဲ့သော ကုသိုလ်ကံသည် ပစ္စုပ္ပန်တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော (နာနာက္ခဏိက) ကမ္မသတ္တိရှိသည့်အတွက် မိမိ၏ကျေးဇူးရှင်ဖြစ်သည် ။ ထို့ကြောင့် "ကုသိုလ်ကံလျှင်၊ကျေးဇူးရှင်၊စိတ်တွင်မှတ်ပါမည်" ဟု သံပေါက်လင်္ကာရေးသားသည်။

မိမိ၏ကျေးဇူးရှင်ဖြစ်သော ကုသိုလ်ကံကို ကျေးဇူးဆပ်လိုလျှင် မိမိခန္ဓာအစဉ်၌ ကုသိုလ်စိတ်များ (တရားများ) ထပ်ကာထပ်ကာဖြစ်အောင်ပြုလုပ်ရမည်။ ထိုသို့ကုသိုလ်ကို ပြုလုပ်ခြင်းသည် ကျေးဇူးဆပ်ခြင်းဖြစ်၏။ ထို့ကြောင့် "ကုသိုလ်ထပ်ထပ်၊ပြုတုံလတ်၊ကျေးဇူးဆပ်ပါမည်"ဟု သံပေါက်လင်္ကာရေးသားသည်။

### ခင်ပွန်းကြီးဆယ်ပါး-ကျေးဇူးရှင်ဆယ်ဦး

ဘုရားပစ္စေကာ၊ရဟန္တာနှင့်၊လက်ယာလက်ဝဲ၊နှစ်သွယ်သာဝကာ၊မွေးထမိခင်၊ကျွေးဖခင်တည်း၊ဂုဏ်ဝါအသက်၊ကြီးချက်တစ်ထွေ။သွန်သင်ပေတတ်၊ဆရာမြတ်နှင့်၊ထမင်းအဖျော်၊အဲပ်ရာသော်မှ၊တစ်စုံတစ်ခု၊ပြုဖူးသူမှန်၊ကောင်းရန်ရောက်ရေး၊တရားဆောကို၊တိုက်ကျွေးသူပါ၊ဤဆယ်ဖြာကား၊မှတ်ပါခင်ပွန်းအပြားတည်း။

**ခင်ပွန်းကြီးဆယ်ပါး-ကျေးဇူးရှင်ဆယ်ဦး**

၁။ဘုရားရှင်၊
၂။ပစ္စေကဗုဒ္ဓါ
၃။ရဟန္တာ၊
၄။အဂ္ဂသာဝကကြီးများ
၅။မွေးမိခင်
၆။ကျွေးဖခင်
၇။အသက်ဂုဏ်အကျင့်မြင့်မြတ်သောသူ
၈။ဆရာ၊
၉။တစ်စုံတစ်ခု ကျေးဇူးပြုဖူးသူ၊
၁၀။ကောင်းရာဘဝရောက်ရန်တရားဓမ္မဟောကြားသူ။

**ခင်ပွန်းကြီးဆယ်ပါး တစ်ပါးပါးကိုပြစ်မှားမိပါက မကောင်းကျိုးဆယ်မျိုး တစ်မျိုးမျိုးဖြစ်တတ်သည်။**

**ပြစ်ဒဏ်ဆယ်မျိုးလက္ခာ**

ပြင်းထန်ဝေဒနာ၊စွဲကပ်ခါနှင့်၊ဥစ္စာဆုံးလျှက်၊အင်္ဂါပျက်တည့်၊စွဲလျှက်နူနာ၊ရူးရာမလွဲ၊မင်းဘေးလည်းသင့်၊စွပ်စွဲသမျှခံနေရ၏၊ကိုယ်ကအားကိုး၊ဆွေမျိုးဆုံးပါး၊ပြောင်းသွားဥစ္စာ၊နေအိမ်ရာလည်း၊တစ်ဖြာမီးကျ၊ဒဏ်သင့်ရ၏၊ထိုမှတစ်ဖြာ၊သေသောခါဝယ်၊ကြီးစွာဆင်းရဲ၊ပါယ်ငရဲ၌၊မလွဲမသွေ၊ရောက်ရလေသည်၊သင့်လေဒဏ်မျိုး၊ဆယ်ပါးတည်း။

**ပြစ်ဒဏ်ဆယ်မျိုး**

၁။ ပြင်းထန်သော ရောဂါဝေဒနာစွဲကပ်ခြင်း၊
၂။ စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်ပြားခြင်း။
၃။ ကိုယ်အင်္ဂါပျက်၍ သေရခြင်း၊
၄။ နူနာရောဂါစွဲကပ်ခြင်း၊
၅။ ရူးသွပ်တတ်ခြင်း၊
၆။ မင်းဘေးမင်းဒဏ်သင့်ခြင်း၊
၇။ သူတစ်ပါးတို့၏ အစွပ်စွဲခံရခြင်း၊
၈။ ကိုယ်ကအားကိုးရသော ဆွေမျိုးများပျက်စီးခြင်း၊
၉။ စည်းစိမ်ဥစ္စာ အခြွေအရံပျက်စီးခြင်း။
၁၀။ နေအိမ်မီးလောင်ခံရခြင်း။

ဆွေကြီးမျိုးကြီး၊အဘကြီးနှင့်၊ဦးရှိသားချင်း၊ဘထွေးရင်းက၊ ဟူသမျှကို၊ဂုဏဝုဍ္ဎာ၊ပစာယန၊စိတ်ကသိစေ၊ပြစ်မှားမိက၊မသင့်ချေ။

**တရားနာရကျိုး**

မကြားဘူးကြား၊ကြားဖူးစင်တုံ၊ယုံမှားဖျောက်တတ်၊ယူဖြောင့်မတ် လျက်၊စိတ်ဓာတ်ကြည်လင်၊ကျိုးငါးအင်၊လိုလျှင်တရားနာ။

**တရားနာရကျိုး ငါးပါး**

၁။ မကြားဘူးသည်ကိုကြားနာရခြင်း။
၂။ ကြားဖူးပြီးသည်ကိုစင်ကြယ်စေခြင်း။
၃။ ယုံမှားသံသယကင်းပျောက်ခြင်း။
၄။ အယူကိုဖြောင့်မှန်အောင်ယူတတ်ခြင်း။
၅။ စိတ်ဓာတ်ကြည်လင်ခြင်း။

✿ မနာတရား၊မောဟအားဖြင့်၊မများသုတ၊မိုက်ဝါဒနှင့်၊မရသတိ၊လူ့ဒိဋ္ဌိတို့၊ရမိရရာ၊ဝဋ်ချမ်းသာကို၊လွန်စွာခင်မင်၊အမြဲထင်၍၊ဆင်ခြင်မညာ၊ပြုတတ်စွာ၏။

✿ အလိုယုတ်မာ၊ဤလူ့ရွာ၌၊မနာတရား၊မြင်ကြားသုတ၊မရှိစွသား၊ဗာလမနော၊လူ့သဘောကား၊မောဟတိုးကာ၊အိုကြာကြာတည်း၊သမ္မာမပွား၊မိစ္ဆာများ၍၊သောက်စားပျော်ယစ်၊ကံအပြစ်နှင့်၊လူဖြစ်လုံးလုံး၊ဘဝရှုံး၏။

✿ နံ့သာကြုတ်တွင်း၊သေပုလင်း၌၊ထည့်ရင်းနံ့သာ၊သေကင်းကွာလည်း၊ဂန္ဓာထုံပျံ့၊အနံ့သဖွယ်၊ပျောက်မပြယ်သို့၊ရှေးဝယ်လဲပြောင်း၊ဘဝဟောင်းက၊ဆိုးကောင်းကမ္မ၊လေ့လာကြသား၊ဆန္ဒဝါသနာ၊အထုံပါ၏။

✿ သူတော်သူစဉ်၊ပညာရှင်တို့၊မိန့်ကျင်စကား၊တစ်ခွန်းကြားက၊ပတ္တမြားဆန်ကျိုး၊အဖိုးပြည်တန်၊ဧကန်မုချ၊တစ်လုံးရသို့၊နှဋ္ဌဖိုးမွန်၊ကျိုးကဲလွန်၏။

✿ ပညာရှိပေါင်း၊သူတော်ကောင်းနှင့်၊အကြောင်းသင့်မျှ၊ပေါင်းမိကြ၍၊သဒ္ဓမ္မသဿဝန၊ကြားနာရမှု၊ဝါဒသမ္မာ၊တည်နိုင်စွာရှင့်၊ကြားနာသုတ၊မြတ်ဆန္ဒကို၊သားလှုရတနာ၊မြဲမကွာနှင့်။

**မင်္ဂလာကဗျာ**

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက
ဆည်းကပ်ခစား ရိုသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့
ကိုယ်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

---

## သည်းခံရေး မင်္ဂလာလေးပါး

၁။ ခန္တီစ မင်္ဂလာဟူသည် မြေကြီးပမာ အရာရာ၌သည်းခံရခြင်း။

၂။ သောဝစဿတာ မင်္ဂလာဟူသည် ဆုံးမခံယူ လွယ်ကူသော သူဖြစ်ခြင်း။

၃။ သမဏာနဉ္စ ဒဿန မင်္ဂလာဟူသည် ရဟန်းသံဃာတို့ကို ဖူးမြင်ရခြင်း။

၄။ ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာဟူသည် သင့်လျော်သော အခါ၌ ပညာရှိတို့နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင်ရခြင်း။

လင်္ကာ။ သည်းခံစိတ်ထား၊ဆုံးမပြား၊မှတ်သားနာယူပါ။
သံဃာတော်များ၊ဖူးမြော်ငြား၊တရားဆွေးနွေးပါ။
ကြီးပွားကြောင်းပ၊ဤလေးဝ၊မှတ်ကြမင်္ဂလာ။

- ခန္တီတရား၊မပြတ်ပွား၊အများကြည်သာ၊အောင်မြင်ရာ။
- မျက်ကြုတ်ထန်ပြင်း၊ခန္တီကင်း၊ချက်ချင်းပျက်စီးရာ။
- ဆွေမျိုးချင်းချင်း၊ရန်ဖြစ်ခြင်း၊အလျှင်းမသင့်ပါ။
- ရန်ဖြစ်ပါက၊မှန်မုချ၊ဒုက္ခရောက်မည်သာ။

- လောင်ချစ်ပွက်ဆူ၊မျက်ထွက်သူကို၊တုံ့မူအမျက်၊ပြန်မထွက်က၊အောင်ခက်နိုင်ခဲ၊စစ်မြေထဲဝယ်၊အောင်ပွဲရသည်၊သူဟူမည်ရှင့်၊မကြည်စိတ်ခက်၊အမျက်ထွက်သူ၊ထိုသည့်သူနှင့်၊အတူပြန်လျက်၊မာန်မျက်ထွက်သော်၊ရှေ့ထက်နောက်လူ၊မိုက်သောဟူ၏။

- သည်းမခံသူ၊ဖြစ်ပါမူကား၊လူမချစ်ခင်၊ရန်လျှင်တိုးပွား၊အပြစ်များခဲ့၊သေခါတွေဝေ၊သေလျှင်အပါယ်၊လားစဖွယ်တည်း၊ငါးသွယ်အပြန်၊ရမြဲမှန်သည်၊သည်းခံသူတို့၊အကျိုးတည်း။

### သည်းမခံခြင်း အပြစ်ငါးမျိုး

၁။လူများမချစ်ခင်ခြင်း၊
၂။ရန်များခြင်း၊
၃။အပြစ်များခြင်း၊
၄။တွေတွေဝေဝေသေရခြင်း၊
၅။သေသောအခါအပါယ်ငရဲသို့ရောက်ခြင်း။

### သည်းခံခြင်းအကျိုးငါးမျိုး

၁။လူများချစ်ခင်ခြင်း။
၂။ရန်မရှိခြင်း။
၃။အပြစ်ကင်းခြင်း။
၄။မတွေဝေဘဲသေရခြင်း။
၅။သေသောအခါသုဂတိသို့ ရောက်ခြင်း။

လှချင်ကြလျှင်၊သည်းခံကြကွယ်။
သည်းမခံလျှင်၊အကျည်းတန်မယ်။
အကျည်းတန်လျှင်၊ဘီးမှန်ကြိုက်တယ်။
သည်းခံရင်၊နိဗ္ဗာန်ဆိုက်လိမ့်မယ်။

● ဆရာမိဘ၊ဆုံးမစကား၊မလိုက်ငြားက၊ပျက်ပြားဆင်းရဲ၊ဖြစ်မြဲကေန်၊မသွေလှန်တည့်၊အမှန်မုချ၊ယွင်းမခ္ခရှင့်။

❁ မေတ္တာကရုဏာ၊ရှေ့ရှုကာဖြင့်၊နာနာကျင်ကျင်၊အပြစ်မြင်တိုင်း၊သွန်သင်တတ်ရိုး၊ပဏ္ဍိတ်မျိုးကို၊ရွှေအိုးညွှန်ကြား၊သူအလားသို့၊ဝပ်တွားဆည်းကပ်၊ဆက်ဆံတတ်၊များမြတ်အကျိုးတွေ။

**ရဟန်းသံဃာ၊ အိမ်ကြွလာ၊ ရပါကျိုးငါးအင်**

၁။ ရဟန်းတော်မြင်၊စိတ်ကြည်လင်၊ထက်ခွင်နတ်ပြည်
ရောက်နိုင်သည်။
၂။ ကြိုဆိုရှိခိုး၊ဦးနှိမ်ချိုး၊အမျိုးမြင့်မြတ်သည်။
၃။ ဝန်တိုမှုမျိုးပယ်ဖျက်ချိုး၊တန်ခိုးကြီးလေသည်။
၄။ ကြည်ညိုသဒ္ဓါ၊လှူဒါန်းပါ၊ဥစ္စာတိုးပွားမည်။
၅။ ကျိုးပြစ်နှစ်ဖြာ၊မေးလျှောက်ပါ၊ပညာတိုးပွားမည်။
ရဟန်းသံဃာ၊အိမ်ကြွလာ၊ငါးဖြာလာဘ်ကောင်း
ရတော့သည်။

- တိုင်ပင်ဆွေးနွေးညီညွတ်ရေး၊ငြိမ်းအေးချမ်းသာ၊မင်္ဂလာ။
- အခွင့်ကြုံသမျှစည်းဝေးကြ၊မုချချမ်းသာမင်္ဂလာ။
- ညီညွတ်စည်းရုံး၊ပျက်ပြားဆုံး၊အားလုံးခက်တတ်သည်။
- တိုင်ပင်စည်းဝေး၊မဆွေးနွေး၊အရေးပျက်တတ်သည်။

**မင်္ဂလာကဗျာ**

**စားဝတ်နေထိုင် ရန်ခပ်သိမ်း**
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကားကို
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို
မကြာခဏတွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

---

## ခြိုးခြံရေးမင်္ဂလာလေးပါး

၁။ တပေါ စ မင်္ဂလာဟူသည် ခြိုးခြံချွေတာရခြင်း။ဝါ၊မျက်စိနား၊နှာ၊လျှာ၊ကိုယ်၊စိတ်၊ဆိုပိတ်ဣန္ဒြေ၊စောင့်ရှောသီလ၊တပခေါ်ရိုး၊အကျင့်မျိုးကို၊ကြိုးစားကျင့်ကြံရခြင်း။

၂။ ဗြဟ္မစရိယဉ္စ မင်္ဂလာဟူသည် မေတ္တာစသော ဗြဟ္မစိုရ်တရားလေးပါးကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်း။

၃။ အရိယသစ္စာနဒဿန မင်္ဂလာဟူသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ရခြင်း။

၄။ နိဗ္ဗာနသစ္ဆိကိရိယာ စ မင်္ဂလာဟူသည် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုရခြင်း။

လင်္ကာ။ ဣန္ဒြေစောင့်ထ၊မြတ်သီလ၊တပကျင့်ကြံရာ။
မြတ်သောကျင့်စဉ်၊ကျင့်ကြံလျှင်၊သိမြင်လေးသစ္စာ။
နိဗ္ဗာန်မျက်မှောက်၊ဉာဏ်ဖြင့်ရောက်၊ထွန်းတောက်မင်္ဂလာ။

- အသုံးမများ၊တိုင်းထွာစား၊ကြီးပွားချမ်းသာမည်။
- ဆင်ခြင်သုံးစား၊ချန်၍ထား၊ကြီးပွားချမ်းသာမည်။
- အသုံးကကြီး၊အရနည်း၊မွဲကြီးမွဲလိမ့်မည်။
- အသုံးအစွဲ၊အလွန်ကဲ၊ကျောမွဲဖြစ်လိမ့်မည်။

● လောကဥ္စတွင်၊ပျားနှင့်ယင်ကို၊မျက်မြင်ပုံထား၊မောင်ရှုစားလော့၊ပျားကားအုံပြု၊အရည်စု၍၊ထားမှုလိမ္မာ၊နောင်ချမ်းသာ၏၊ယင်မှာသော်တုံ၊ဝမ်းဝရုံမျှ၊အုံကာသောက်စား၊စုမထား၍၊ရှာငြားမပြတ်၊မရငတ်၏၊သက်သက်မုချ၊အလသဖြင့်၊ငယ်ကပျင်းမူ၊ကြီးမူဆင်းရဲရစမြဲတည်း။

## နောင်တတရားဆယ်ပါး

ဤလူ့လောက၊လူ့ဝဘဉ်၊သကျရုပ်၊မိနိ့သံဂါထာ၊ကျမ်းအလာတိုင်း၊ငယ်ခါကလျှင်၊မသင်ပညာ၊ဥစ္စာမစု၊သူကိုချစ်ဖျက်၊သူ့သက်သတ်စား၊သူ့မယား၌ပြစ်မှားတုံဘိ၊ပစ္စည်းရှိလျက်၊စိုးစိမလှူ၊မွေးမြူမိဘ၊မပြုကြနှင့်၊ဆုံးမမနာ၊ပညာရှိထံ၊နည်းခံမမှတ်၊အမြတ်မကျင့်၊ဤဆယ်ဆင့်ကား၊ကြီးရင့်ဇရာ၊အိုသောခါဝယ်၊ပူဆာနောင်တ၊ရတတ်စွတည့်။

## နောင်တတရားဆယ်ပါး

၁။ ငယ်စဉ်အခါက ပညာမသင်ကြားခဲ့ခြင်း။
၂။ ငယ်စဉ်အခါက ပစ္စည်းဥစ္စာမဆည်းပူးခဲ့ခြင်း။
၃။ ကုန်းချောစကားပြောကြား ရန်တိုက်ခြင်း။
၄။ သူတစ်ပါးအသက်ကိုသတ်ခြင်း။
၅။ သူတစ်ပါးမယား၌ သွားလာပေါင်းသင်းခြင်း။
၆။ များသောဥစ္စာရှိပါလျက် အလှူဒါနမပြုခြင်း။
၇။ မိဘတို့အား လုပ်ကျွေးမွေးမြူမှုမပြုခဲ့ခြင်း။
၈။ မိဘဆရာသမားတို့၏ ဆိုဆုံးမမှုကို နားမထောင်ခြင်း။
၉။ ရဟန်းပညာရှိ လူပညာရှိတို့အား မကိုးကွယ်မဆည်းကပ်ခဲ့ခြင်း။
၁၀။ ငြိမ်သက်တည်ကြည်သော အကျင့်ကောင်းကိုမကျင့်ခဲ့မိခြင်း။

● လောကီဓမ္မတာ၊တတ်ပညာနှင့်၊ဥစ္စာရှာဖွေမပြုနေသော်၊သေအောင်ဒုက္ခ၊ဆင်းရဲရလိမ့်။

ဗြဟ္မစိုရ်တရား လေးပါး

၁။မေတ္တာ -သတ္တဝါတို့ကိုချစ်ခင်ခြင်း။
ဝါ၊ဘေးရန်ကင်းစေလိုခြင်း။

၂။ကရုဏာ -ဆင်းရဲဒုက္ခရောက်နေသည့် သတ္တဝါတို့ကိုအာရုံ
ပြု၍သနားကြင်နာခြင်း။
ဝါ၊ ဆင်းရဲဒုက္ခမှကင်းလွတ်စေလိုခြင်း။

၃။မုဒိတာ -ချမ်းသာသုခနှင့်ပြည့်စုံနေသည့် သတ္တဝါတို့ကို
အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း။

၄။ဥပေက္ခာ -ချစ်ခြင်းမုန်းခြင်း - ဆိုသည့် အစွန်းနှစ်ဖက်သို့
မရောက်အောင် မျှမျှတတထိန်းပေးခြင်း။
(ဘက်လိုက်ခြင်းမရှိဘဲ အညီအမျှလျစ်လျူရှုခြင်း)

❁ ဗြဟ္မစိုရ်လေးဖြာ၊တည်ကြခါမှ၊သတ္တဝါဟူဟူ၊ဦးမည်းဖြူ
တို့၊ရှင်လူခပင်း၊ရောဂါကင်းလျက်၊ဘေးရှင်းရန်ကွာ၊ဆင်းအင်္ဂါနှင့်၊
ချမ်းသာခွန်အား၊သက်ရှည်ပွား၏။

❁ ဗြဟ္မစိုရ်လေးဆူ၊တရားဟူသည်၊နတ်လူချစ်ဆေး၊ရှုတိုင်း
မွေးမို့၊မြတ်လေးဆောင်ဖွယ်၊ကင်းမပယ်နှင့်။

❁ လေးပါးဗြဟ္မစိုရ်၊ကုသိုလ်သမ္ဘာ၊ကင်းကြခါဌ်၊ယက္ခာမိပ၊
ကုမ္ဘဏ္ဍာစသား၊နတ်ကြီးများတို့၊စိမ်းဝါးကြမ်းခက်၊သံဘက်ဥပါ၊မိစ္ဆာရဲဆိုး၊
ဘီးလူးမျိုးကို၊စောင့်စိုးမအုပ်၊မချုပ်သော့အား၊ပေါက်လွတ်ထား၍၊
လူများဘေးရောက်၊သေပျောက်ဥပဒ်၊များသတတ်ရှင့်။

● ဥက္ကဋ္ဌလူ၊ဖြစ်လိုမှုကား၊သူများထက် သာ၊ကရုဏာနှင့်၊မေတ္တာပွားမှု၊သည်းခံပြုမှု၊ဂုဏ်ထူးရ၏။မိန်းမယောက်ျား၊မင်းပုဏ္ဏားတို့၊လေးပါးမျိုးနွယ်၊ကျေးဇူးကြွယ်လိမ့်။

**ဗြဟ္မစိုရ်တရား လေးပါးကိုနှလုံးသွင်းပွားများကြပါစို့**

တန်းတူတွေ့လျှင်၊မေတ္တာဝင်၊မဝင်နိုင်ကပြိုင်တတ်တယ်။
ပြိုင်မယ့်အစား၊မေတ္တာပွား၊စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
ကိုယ့်အောက်တွေ့လျှင်၊ကရုဏာဝင်၊မဝင်နိုင်က နိုင်တတ်တယ်။
နိုင်မယ့်အစား၊ကရုဏာပွား၊စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
ကိုယ့်ထက်သာလျှင်၊မုဒိတာဝင်၊မဝင်က္ကသာယိုင်တတ်တယ်။
ယိုင်မယ့်အစား၊မုဒိတာပွား၊စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
သဗ္ဗေသတ္တာ၊သူသူငါ၊ဥစ္စာမနမပိုင်တယ်။
သဗ္ဗေသတ္တာ၊သူသူငါ၊ကံသာကိုယ်ပိုင်ဥစ္စာရှိကြတယ်။
ရုပ်ကိုလည်းပြင်၊စိတ်လည်းပြင်၊ပြင်ဆင်တိုင်းရ၊ပြုတိုင်းလှ၊
သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

(ဗြဟ္မစိုရ်တရားပွားများပုံကို ဩကာသရှင်းတမ်းမှာရှုပါ။)

**မေတ္တာပို့ရန် ဥယျောဇဉ်**

မေတ္တာဆိုတာ ကြိုင်လှိုင်မွှေးတဲ့
အခိုင်လေးနဲ့ ပန်းတွေလို၊
လေအောက်လေညာ ဘယ်မရွေးဘူး
တကယ်မွှေးတဲ့ ဗြဟ္မစိုရ်၊
သူသူငါငါမှန်သမျှတို့ ပန်ကြဆင်ကြနေ့တိုင်းကိုယ်၊
မေတ္တာအကျိုးဆယ့်တစ်မျိုး ပြည့်ဖြိုးကြစေလို၊
အဲဒါကြောင့် ဘေးကင်းရန်ကင်း ပို့သွင်းမေတ္တာကို။

တစ်နေ့သုံးခါ၊အိုးတစ်ရာဖြင့်၊ချက်ကာထမင်း၊ကျွေးမွေးခြင်းထက်၊မယွင်းစင်စစ်၊နို့တစ်ညှစ်စာ၊ကြိမ်သုံးခါမျှ၊မေတ္တာပွားများ၊ကျိုးကြီးမားသည်၊ဘုရားမြတ်စွာမိန့်ခွန်းတည်း။

- ရာဂပူလောင်၊တဏှာမှောင်၊ခွါရှောင်နိုင်မှချမ်းသာမည်။
- ဆားငန်ရာဂ၊သောက်မဝ၊ဒုက္ခကြီးစွာရောက်တတ်သည်။

**သစ္စာလေးပါး**

| | |
|---|---|
| ၁။ဒုက္ခသစ္စာ | -ဆင်းရဲခြင်းအမှန်တရား။ |
| ၂။သမုဒယသစ္စာ | -ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်တရား။ |
| ၃။နိရောဓသစ္စာ | -ဆင်းရဲချုပ်ရာနိဗ္ဗာန်အမှန်တရား။ |
| ၄။မဂ္ဂသစ္စာ | -ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အမှန်တရား။ |

**မင်္ဂလာကဗျာ**

လောကီအာရုံဇိမ်ယစ်မူးလို့
ပျော်မကျူးနဲ့ ခြိုးခြံလေ၊
မေတ္တာပြဟ္မစိုရ်လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံးယွင်းမသွေ၊
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

---

## စိတ်ထားခိုင်ခံ့ရေး မင်္ဂလာလေးပါး

၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ မင်္ဂလာ ဟူသည် လောကဓံရှစ်ပါး၊တွေ့ကြုံငြားလည်း၊ဘုရား ရဟန္တာ၊သူတော်စွာတို့၊စိတ်မှာတစ်စိ၊တုံလှုပ်မှုမရှိခြင်း။

၂။ အသောကံ မင်္ဂလာဟူသည် စိုးရိမ်ပူဆွေး၊ ကင်းစင်ဝေး၍၊ ငြိမ်းအေးရခြင်း။

၃။ ဝိရဇံမင်္ဂလာဟူသည် ကိလေမြူမှေး၊ကင်းစင်ဝေး၍၊ ငြိမ်းအေးရခြင်း။

၄။ ခေမံ မင်္ဂလာဟူသည် ကိလေရန်ဘေး၊ ကင်းစင်ဝေး၍၊ ငြိမ်းအေးရခြင်း။

လင်္ကာ။ လောကဓံတရား၊တွေ့ကြုံငြား၊စိတ်ထားမလှုပ်ပါ။
စိုးရိမ်ပူဆွေး၊ကင်းစင်ဝေး၊ငြိမ်းအေးလွန်ချမ်းသာ။
ကိလေမြူမှေး၊ကင်းစင်ဝေး၊ငြိမ်းအေးလွန်ချမ်းသာ။
ကိလေရန်ဘေး၊ကင်းစင်ဝေး၊ငြိမ်းအေးလွန်ချမ်းသာ။

### လောကဓံရှစ်ပါး

၁။လာဘ -လာဘ်ရခြင်း။
၂။အလာဘ -လာဘ်မရခြင်း။
၃။ယသ -အခြွေအရံများခြင်း။
၄။အယသ -အခြွေအရံနည်းခြင်း။
၅။နိန္ဒာ -ကဲ့ရဲ့ခံရခြင်း။
၆။ပသံသာ -ချီးမွမ်းခံရခြင်း။
၇။သုခ -ချမ်းသာခြင်း။
၈။ဒုက္ခ -ဆင်းရဲခြင်း။

မိမိကံဟောင်း၊ခွင့်ပေးနှောင်း၍၊
မကောင်းတရုံလောကဓံအလျောက်၊
ဆင်းရဲရောက်လည်း၊ မဖောက်ပြန်ဘဲ၊
တရားမြဲလော့။

**မင်္ဂလာကဗျာ**

ဆင်းရဲချမ်းသာ သဘာဝ
တွေကြုံနေကြလူတိုင်းပေ၊
ကောင်းဆိုးနှစ်တန် အစုံတွဲလို့
တလဲစီလှည့် အမြဲနေ၊
လောကဓံကြုံ မဖြုံတမ်းပေါ့
မတုံစမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမွက်သိမ်း အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

--------------------

**မင်္ဂလာအကျိုးပြကဗျာ**

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံးပန်သူတွေ၊
စီးပွားချမ်းသာ ကျက်သရေတိုးလို့
ကောင်းကျိုးစီပွင့် တဝေဝေ၊
ဘေးရန်ကင်းကွာ ချစ်သူပေါလို့
စိတ်ရောကိုယ်ရော ချမ်းသာမလေ၊
ပြောဆိုကြံဆ ဆောင်သမျှ အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

**နိဂုံးကဗျာ**

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ၊
ဟိုတိုင်းသည်ပြည် ရန်စစ်ခင်းလို့
လူနှင့်လူချင်းသတ်ကာနေ၊
ငြိမ်းချမ်းပါစေ အာသီသနှင့်
စွမ်းနိုင်ရာက ကူညီသလေ၊
သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား ရေးသားဖြန့်ကာဝေ၊
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာ့ကသိပါစေ။

မင်္ဂလသုတ်ပြီး၏

## မင်္ဂလနိဒါန

က။ ယံ မင်္ဂလံ ဒွါဒသဟိ ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။
ခ။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။
ဂ။ ဧဝံ မေ သုတံ။ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ အထခေါ
အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ
ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။
ဃ။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

### ဒေဝတာယာစန

င။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

### ဗုဒ္ဓဒေသိတ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၂။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိစ၊ ဧတံ မင်္ဂလမုတ္တမံ။
၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။
၄။ မာတာပိတုဥပဋ္ဌာနံ ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။
၆။ အာရတီ ဝိရတီပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။
၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။
၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၁။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## အကောင်းဆုံးလူ

| | | |
|---|---|---|
| ၁။ | လူမိုက်ကိုကြဉ် | =အသေဝနာ စ ဗာလာနံ |
| ၂။ | ပညာရှိကိုပေါင်း | =ပဏ္ဍိတာနဉ္စ သေဝနာ |
| ၃။ | ပူဇော်ကောင်းပူဇော် | =ပူဇာ စ ပူဇနေယျာနံ |
| ၄။ | လျော်ရာမှီတင်း | =ပတိရူပဒေသဝါသော စ |
| ၅။ | ကံရင်းမချို့ | =ပုဗ္ဗေ စ ကတပုညတာ |
| ၆။ | ကိုယ့်ကိုမတင် | =အတ္တသမ္မာ ပဏိဓိ စ |
| ၇။ | ကြားမြင်များစွာ | =ဗာဟုသစ္စဉ္စ |
| ၈။ | သိပ္ပလက်စွမ်း | =သိပ္ပဉ္စ |
| ၉။ | စည်းကမ်းမစောင်း | =ဝိနယော စ သုသိက္ခိတော |
| ၁၀။ | စကားကောင်းဟ | =သုဘာသိတာ စ ယာဝါစာ |
| ၁၁။ | မိဘလုပ်ကျွေး | =မာတာပိတု ဥပဋ္ဌာနံ |
| ၁၂။ | မွေးမြူသားမယား | =ပုတ္တဒါရဿ သင်္ဂဟော |
| ၁၃။ | လုပ်အားပြီးပိုင် | =အနာကုလာ စ ကမ္မန္တာ |
| ၁၄။ | နိုင်သောဒါန | =ဒါနဉ္စ |
| ၁၅။ | ဓမ္မကျင့်ရိုး | =ဓမ္မစရိယာ စ |
| ၁၆။ | ဆွေမျိုးသဂြိုဟ် | =ဉာတကာနဉ္စ သင်္ဂဟော |
| ၁၇။ | ကုသိုလ်မျိုးမျိုး | =အနဝဇ္ဇာနိ ကမ္မာနိ |
| ၁၈။ | စိတ်ဆိုးပထုတ် | =အာရတိ |
| ၁၉။ | ကိုယ်နှုတ်မကျူး | =ဝိရတိ ပါပါ |
| ၂၀။ | မူးယစ်ရှောင်ရှား | =မဇ္ဇပါနာ စ သံယမော |
| ၂၁။ | တရားမယို | =အပ္ပမာဒေါ စ ဓမ္မေသု |
| ၂၂။ | ရိုသေလေးစား | =ဂါရဝေါ စ |
| ၂၃။ | ဝပ်ပြားနှိမ့်ချ | =နိဝါတော စ |
| ၂၄။ | ရရာကြည်နူး | =သန္တုဋ္ဌိ စ |

| | | |
|---|---|---|
| ၂၅။ | ကျေးဇူးမမေ့ | =ကတညုတာ |
| ၂၆။ | နာလေ့တရား | =ကာလေန ဓမ္မဿဝနံ |
| ၇။ | စော်ကားသည်းခံ | =ခန္တီ စ |
| ၂၈။ | ဒန္တံ မပန်း | =သောဝစဿတာ |
| ၂၉။ | ရဟန်းဖူးမြော် | =သမဏာနဥ္စ ဒဿနံ |
| ၃၀။ | ခါလျော်ဆွေးနွေး | =ကာလေန ဓမ္မသာကစ္ဆာ |
| ၃၁။ | ဆေးလေးခြိုးခြံ | =တပေါ စ |
| ၃၂။ | ဗြဟ္မစရိယ မင်္ဂလမ်းစဉ် | =ဗြဟ္မစရိယဉ္စ |
| ၃၃။ | အရိယသစ္စာ<br>မြင်လာလေးမင်္ဂ | =အရိယသစ္စာန ဒဿနံ |
| ၃၄။ | လေးချက်သောဖိုလ်<br>ဝင်ခိုနိဗ္ဗာန် | =နိဗ္ဗာနသစ္ဆိကိရိယာ စ |
| ၃၅။ | အရဟန်ခေါင်ဖျားဘုရားပစ္စေကဗုဒ္ဓါ၊ရဟန္တာအား၊ရှစ်ဖြာလောကဓံ၊ဝိုင်းအုံရံလည်း၊ခံနိုင်ကြံ့ကြံ့၊တုံ့တုံ့မတုန်၊မခုန်သည့်စိတ် | =ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ |
| ၃၆။ | မထိတ်စိုးပူ | =အသောကံ |
| ၃၇။ | မြူမကပ်လိမ်း | =ဝိရဇံ |
| ၃၈။ | ငြိမ်းချမ်းဘေးကွာ | =ခေမံ |

ဆယ်ဂါထာက၊မင်္ဂလာပေါင်းရုံး၊တစ်ကြောင်းချုံးသော်၊အကောင်းဆုံးလူ၊အဖြူဆုံးနတ်၊အမြတ်ဆုံးဗြဟ္မာ၊နတ်ရွာနိဗ္ဗာန်၊ရောက်ကြောင်းမှန်သား၊ကျင့်ရန်ကုံးသွယ်၊အနှုန်းခြယ်သော၊သုံးဆယ်ကျော်သာ၊ရွဲဆင်ပါက၊ရန်ဘယာအလုံး၊ပြိုင်လာရှုံးသည်၊ပျက်ဆုံးကျေပျောက်ကင်းကွာသော်----။

ဦးဆန်းထွန်း(မန်းတက္ကသိုလ်)

**ကိုယ်ပေါင်းစိတ်ခွါ ကျင့်သုံးပါ**

လူမိုက်ဆိုရင် အဖော်မလုပ်နဲ့
မင်္ဂလသုတ်က ဆုံးမတယ်။
မရှောင်သာရင် ဘယ့်နှယ့်လုပ်ပ့ါ
စိတ်ရှုပ်စရာကောင်းလှတယ်။
ကိုယ်ပေါင်းစိတ်ခွါ အလိုက်သင့်ပဲပေါ
အမိုက်ကျင့် မစွဲအောင် ရှောင်ရမယ်။
ရှောင်ပ့ါမယ် ရှောင်ပ့ါမယ်။

**ဘုရားရှိခိုးအိပ်ပါ**

ညီမလေးငယ် ညီလေးငယ်
ဘုရားရှိခိုးအိပ်ပါကွယ်။
ဘုရားရှိခိုးအိပ်ပါမှ
လူအိပ်အိပ်ခြင်းခေါ် ဆိုရ။
ဘုရားရှိခိုးမအိပ်သူ
ခွေးအိပ်ခြင်းနဲ့တူ။
ခွေးလိုလူ မဖြစ်ခြင်က
ဘုရားရှိခိုးအိပ်ပါကြ။

---ဝန်ခံချက်

ဤမင်္ဂလသုတ်ကို -----

၁။ မဃဒေဝလင်္ကာသစ် (မာန်လည်ဆရာတော်)။
၂။ အခြေပြုမင်္ဂလသုတ် (အရှင်ဇနကာဘိဝံသ)။
၃။ ချမ်းမြေ့မင်္ဂလာသင်စရာ (ချမ်းမြေ့ဆရာတော်)။
၄။ မင်္ဂလာ့အမြုတေ ( ဦးစန္ဒဇောတိ )။
၅။ ၃၈ ဖြာမင်္ဂလာဝတ္ထုတော် (ပြည်တော်သာဦးထွန်းရီ)။
၆။ ဗုဒ္ဓဘာသာစွဲသုံး စာပုလဲကုံး (အရှင်ဝိပုလညာဏ)။
၇။ ဒဂုန်ဦးထွန်းမြင့်၏မင်္ဂလာကဗျာ--နှင့် အခြားအခြားသော စာပေပညာရှင်တို့၏ လင်္ကာကဗျာများကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

ဤစာအုပ်၌ပါရှိသော စာများကိုတဆင့်ကူးယူအသုံးပြုနိုင်ပါသည်။

ကေတီကေ ကွန်ပျူတာ ၁ - ၅ - ၂၀၀၇

## ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဖလင်
မီးယမ်

မျက်နှာဖုံးပုံနှိပ်
အောင်သရဖူအော့ဖ်ဆက်

အတွင်းဖလင်
ဇော်မင်းဘလောက်

အတွင်းစာသားပုံနှိပ်
မိုးဟိန်းအော့ဖ်ဆက်

စာအုပ်ချုပ်
အီးဂဲ (လ်)

ပထမအကြိမ်
၂၀၀၇ ခု